မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၅)၊ အမှတ် (၁၈၃)

မြန်မာနိုင်ငံအတွက် သမိုင်းသစ်စတင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ ပေါ်ပေါက်လာပြီ

နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ အဆောင်အယောင်ရွှေစလွယ်ကို နိုင်ငံတော်သမ္မတအသစ်အဖြစ် ရွေးချယ်ခြင်းခံထားရသည့် ဦးထင်ကျော်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပလွင်သည် မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးလေးနက်နက် ဖော်ကျူးနေသကဲ့သို့ စလွယ်သည် ထီးသုံးနန်းသုံး ရာထူးဘွဲ့နွှဲရ အမှတ်သင်္ကေတ ဖြစ်သည်။

ပလွင်နှင့် စလွယ်တို့မှာ မြန်မာနိုင်ငံ၏ အမြင့်မြတ်ဆုံး အမှတ်သင်္ကေတများ ဖြစ်ပေရာ အမြဲထာဝရ ကျင့်သုံးအပ်သော သမိုင်းအစဉ်အလာများဖြစ်သည်။

ယခုကဲ့သို့ သီဟာသနပလ္လင်ရှေ့တွင် နိုင်ငံတော်သမ္မတအဆောင်အယောင်ဖြစ် သည့် စလွယ်ကို လွှဲပြောင်းပေးအပ်ခြင်းသည် လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာ ပိုင်စိုးခြင်း၊ မြင့်မြတ်ခြင်း၊ ခံ့ညားခြင်း စသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အထိမ်းအမှတ်လက္ခဏာတစ်ရပ် ဖြစ်ပေသည်။

နေပြည်တော် မတ် ၃၀

နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတအသစ်အဖြစ် ရွေးချယ်ခြင်းခံထားရသည့် ဦးထင်ကျော်ထံ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို *စာမျက်နှာ ၃ ကော်လံ ၁ သို့*

နှစ် ၅၀ ကျော် ရုန်းကန်လှုပ်ရှားမှု၏ အသီးအပွင့်

ပြည်ထောင်စုလွတ်တော်နှင့် နိုင်ငံတော်သမ္မတ အိမ်တော်တို့တွင် ယနေ့ကျင်းပခဲ့သည့် ကျက်သရေမင်္ဂလာပြည့်ဝသော အခမ်းအနားများကား ဒီမိုကရေစီလိုလားသော ပြည်သူတို့ နှစ်ပေါင်းများစွာ သက်စွန့်ကြိုးပမ်း အားထုတ်ခဲ့မှု၏ ရလဒ်များပင်ဖြစ်၏။

လွတ်လပ်ခြင်း၊ တန်းတူညီခြင်း၊ တရားမျှတခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားသော လူအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးကို လိုလားတောင့်တခဲ့ကြသည့် ပြည်သူလူထု၏ ပထမအောင်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲတွင် မြင်တွေ့ခဲ့ရ၏။ ပြည်သူတစ်ရပ်လုံးသည် ဒီမိုကရေစီအင်အားစုများကို တစ်ခဲနက် ဆန္ဒမဲပေးခဲ့ကြသဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွှမ်းမိုးသည့် လွတ်တော်များ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ယင်း၏အကျိုးဆက်အဖြစ် အဖွဲ့ချုပ်၏ မူဝါဒများနှင့် ညီညွတ်စွာ ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့သစ်တစ်ရပ် ယနေ့ပေါ်ပေါက်လာခြင်းဖြစ်သည်။ သမ္မတ၊ ဒုသမ္မတများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်သစ်များ ပြည်ထောင်စုလွတ်တော်၌ ကတိသစ္စာပြုကြသည်ကိုလည်းကောင်း၊ သမ္မတဟောင်းက သမ္မတသစ်သို့ လုပ်ငန်းတာဝန်များနှင့်အတူ နိုင်ငံတော်သမ္မတ အထိမ်းအမှတ် အဆောင်အယောင် ရွှေစလွယ်အား လွှဲပြောင်းပေးအပ်သည်ကိုလည်းကောင်း ပြည်သူတို့မြင်တွေ့ကြရသည်။

ဤသည်ကား ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံကို လက်တွေ့ဖြစ်အောင် အကောင်အထည်ဖော်ခဲ့ကြသည့် ပြည်သူတို့၏ အောင်ပွဲအသီးအပွင့်များပင် ဖြစ်သည်။

သို့သော် ဤသည်မှာ ဒီမိုကရေစီအရေး လှုပ်ရှားမှု၏ အပြီးသတ်အောင်ပွဲကား မဟုတ်သေး။ ရှေ့သို့ ခရီးဆက်စရာများစွာ ရှိသေးသည်။

ဆိုပါစို့၊

ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု မြန်မာ့နိုင်ငံရေးအင်အားစုတို့ အစဉ်တစိုက် ပြောဆိုခဲ့ကြသည်။ အပြောလွယ်သလောက် အလုပ်ခက်သည့် အဆိုပါအရေးကိစ္စကို အစိုးရသစ် လက်ထက်တွင် အောင်မြင်အောင် ကြိုးပမ်းကြရလိမ့်မည်။

တစ်ချိန်တည်းတွင် သူတစ်ပါးတိုင်းပြည်တို့ထက် အဘက်ဘက်က အောက်ကျနောက်ကျနေခဲ့သည့် ဤတိုင်းပြည်ကို ဆင်းရဲနွံတွင်းမှ လွတ်မြောက်၍ ဖွံ့ဖြိုးတိုးတက်လာအောင် ထူထောင်ဖို့ လိုသေးသည်။

အဲသည်နောက်တွင်၊

တိုင်းရင်းသားပြည်သူတို့၏ တူညီသော ရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက်လည်းကောင်း၊

အဆိုပါ ပြည်ထောင်စုမျိုး တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဒီမိုကရေစီခရီးစဉ်ဆွန်းပြည့်ဝသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက်လည်းကောင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရလိမ့်ဦးမည်။

ထို့ကြောင့် ခရီးဆက်စရာများစွာရှိသေးသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လွတ်တော်နှင့် သမ္မတအိမ်တော်တို့၌ ယနေ့မြင်တွေ့ရသည့် အခြင်းအရာများကား ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်လိုသော ပြည်သူတို့အတွက် အားတက်စရာ၊ ခွန်အားပေးသော ရှုခင်းများဖြစ်သည်ဟု တင်ပြချင်ပါသည်။

သထုံမဟာသင်္ကြန်တွင် ရိုးရာနှံ့သာသွေးပွဲ ပထမဆုံးအကြိမ်ထည့်သွင်း

သထုံ မတ် ၃၀

မွန်ပြည်နယ် သထုံမြို့နယ်၏ ယခုနှစ်မဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ်တွင် ရိုးရာနှံ့သာသွေးပွဲကို ပထမဆုံးအကြိမ် ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ် သင်္ကြန်ပွဲတော်ကို ယခင်နှစ်များကထက် ပိုမိုစည်ကားစွာ ကျင်းပနိုင်ရန်လည်း စီစဉ်ထားကြောင်း သထုံမြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။

"တိမ်မြုပ်လုနီးပါးဖြစ်နေတဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုကို ပြန်လည်အစပျိုးပေးတဲ့ အနေနဲ့ရယ်၊ နောက်ပြီး မြန်မာနှစ်သစ်ကို အမွေးနုံ့သာတွေ ပက်ဖျန်းပြီး မင်္ဂလာရှိရှိနဲ့ ကြိုဆိုချင်တာကြောင့် ထည့်သွင်းကျင်းပတာပါ" ဟု သထုံမြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

နှံ့သာသွေးပွဲကို သင်္ကြန်အကြိုနေ့တွင် ဖွင့်ပွဲမတိုင်မီ ကျင်းပမည်ဖြစ်ပြီး နှံ့သာသွေးပွဲတွင် သထုံမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာတစ်ရွာတို့မှ လှုပ်ရှိုးဖြူလေးများက နှံ့သာသွေးကာ တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များနှင့် မြို့သူမြို့သားများက သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီဝင်းအတွင်းရှိ ဂြိုဟ်တိုင်အသီးသီး၌ နှံ့သာရည်များ လှည့်လည်ပက်ဖျန်းမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ဖွင့်ပွဲတွင် တက်ရောက်လာသူများကိုလည်း နှံ့သာရည်များ ပက်ဖျန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"မဏ္ဍပ်ကြီးတွေမှာ ရေကစားသူတွေနဲ့ လာရောက်ဖျော်ဖြေသူတွေကိုတော့ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ အတိုအပြတ်ဝတ်တာမျိုး၊ သရုပ်ပျက်တာမျိုးတွေကို ကန့်သတ်သွားမှာဖြစ်ပြီးတော့ မြို့နယ်အတွင်းမှာတော့ နိုင်ငံတော်က သင်္ကြန်ကာလအတွက် ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေနဲ့အညီ ခွင့်ပြုသွားမှာပါ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

သထုံခရိုင် မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းကလည်း ယခုနှစ်တွင် သင်္ကြန်ပွဲတော်ကို ပိုမိုစည်ကားစွာ ကျင်းပမည်ဖြစ်ရာ သင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်များတွင် လျှပ်စစ်မီးကြောင့် မီးဘေးအန္တရာယ်များကြုံတွေ့နိုင်သည့် အရေးပေါ်အခြေအနေများအတွက် တပ်ဖွဲ့ဝင်များကို အသင့်အနေအထား ပြင်ဆင်ထားမည်ဖြစ်ပြီး ရေကစားမဏ္ဍပ်ကြီး တစ်ခုတွင်လည်း မီးသတ်ဆေးဘူးနှစ်ဘူးစီထားရှိပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

သထုံမြို့နယ်တွင် ယခင်နှစ်များက ဗဟို ရေကစားမဏ္ဍပ်ကြီးတစ်ခုနှင့် အဖွဲ့လိုက် ရေကစားမဏ္ဍပ်ငယ်များသာရှိရာမှ ယခုနှစ်တွင် ရေကစားမဏ္ဍပ်ကြီးသုံးခုနှင့် အခြားမဏ္ဍပ်ငယ်များဖြင့် ရေကစားသွားကြမည်ဖြစ်ကြောင်း၊ ယခုနှစ်မှာ ထူးခြားသည့် အပူချိန်မြင့်မားမှုနှင့် ကြုံတွေ့ရလျက်ရှိရာ ရေကစားသူများ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့အတွက်လည်း ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့အတွင်းလှည့်လည်၍ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သထုံမြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

သက်ဦး(သထုံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၃-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၈၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၈၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၈၄၀၀၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါး၌	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၄၇၀ / ၄၉၀ ကျပ်
အောက်တိန်း ၉၂	၅၂၀ / ၅၄၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၀၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၃၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၆.၀
ဥရောပ	တစ်ယူရို	၁၃၅၆.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၈၅.၇၈
ထိုင်း	တစ်ဘတ်	၃၄.၃၈၉
အိန္ဒိယ	တစ်ရူပီး	၁၈.၁၇၄
တရုတ်	တစ်ယွမ်	၁၈၆.၆၆
မလေးရှား	တစ်ရင်းဂစ်	၃၀၂.၄၉

စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

ဒီဇယ်	၉၁၀၀၀/၉၂၀၀၀ ကျပ်
ပရီမီယံဒီဇယ်	၁၀၀၀၀၀/၁၀၂၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလိချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန္တလေးဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့ နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

*** ရှေ့မှုံးမှ**

လွှဲပြောင်းပေးအပ်သည့် ကြေညာချက်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ အဆောင်အယောင် ရွှေစလွယ်ကို နိုင်ငံတော် သမ္မတအသစ်အဖြစ် ရွေးချယ်ခြင်း ခံထားရသည့် ဦးထင်ကျော်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတအသစ် ဦးဉာဏ်ထွန်းနှင့် တက်ရောက်လာကြသူများက ဒုတိယသမ္မတအသစ် ဦးဟင်နရီဗန်ထီးယူနှင့် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

◆ ကျော်ဖုံးမှ

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့က ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော အထူးဧည့်သည်တော် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ၏ ဧည့်သည်တော်များ၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်အေးအေးသိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများသည် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

အထူးကဏ္ဍ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲအပြီး တွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို တက်ရောက်လာသူများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ဗုံးဖောက်ခွဲမှုသံသယရှိသူများ၏ သတင်းအချက်အလက်များကို နယ်သာလန်သို့ အက်ဖ်ဘီအိုင်ကြိုတင်သတိပေးခဲ့သည်ဟုဆို

အမ်စတာဒမ် မတ် ၃၀

ဗုံးဖောက်ခွဲမှု မဖြစ်ပေါ်ခင် ခြောက်ရက်အလို ဘယ်လ်ဂျီယံနိုင်ငံတွင်လွန်ခဲ့သောအပတ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကိုရရှိခဲ့ကြောင်း ဒတ်ချ်စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက မတ် ၃၀ ရက်တွင် ပြောသည်။

ဖောက်ခွဲမှု သံသယတရားခံဖြစ်သူ အီဘရာဟင် အယ်လ်ဘတ်ခရိုနှင့် ၄င်း၏ညီဖြစ်သူ ခါလစ်တို့နှင့်ပတ်သက်ပြီး အက်ဖ်ဘီအိုင်၏ သတိပေးချက်များကို အင်္ဂါနေ့ကရရှိခဲ့ကြောင်း ဒတ်ချ်အာဏာပိုင်များက ပြောသည်။

အကြမ်းဖက် တိုက်ခိုက်မှုတွင် ပါဝင်သော ခါလစ်နှင့် အီဘရာဟင်တို့၏ပြစ်မှုဆိုင်ရာ အချက်အလက်များကို ၄င်းတို့အနေဖြင့် သတင်းပေးပို့ခဲ့ကြောင်း ပြောခဲ့သည်။ ဒတ်ချ်ရဲများက အချက်အလက်များကို ဘယ်လ်ဂျီယံရဲများနှင့် လဲလှယ်မှုပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။ သို့သော်လည်း ဘယ်လ်ဂျီယံရဲများက သတင်းအချက်အလက်ရရှိခဲ့ခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။

လွန်ခဲ့သောနှစ် ဇွန်လကတူရကီ အာဏာပိုင်များက အီဘရာဟင်အား ဆီးရီးယားကို ဝင်ရောက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သို့သော် ၄င်းကို နယ်သာလန်သို့ပြန်ပို့လိုက်သောအခါတွင် ၄င်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို မျက်ခြည်ပြတ်သွားခဲ့ကြောင်း ပြောခဲ့သည်။ ဘယ်လ်ဂျီယံနှင့် ဒတ်ချ်အာဏာပိုင်များကြား အကြမ်းဖက်မှုဆိုင်ရာသတင်းအချက်အလက်များ မျှဝေခြင်းနှင့်ပတ်သက်ပြီး ပြစ်တင်ဝေဖန်မှုများ မြင့်တက်လျက်ရှိကြောင်းသိရသည်။ **(အင်နန်အိတ်ချ်ကေ)**

တရုတ်နိုင်ငံ ၂၂လုံးမြောက် လမ်းညွှန်အချက်ပြဂြိုဟ်တုလွှတ်တင်

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံသည် ကမ္ဘာ့တည်နေရာ လမ်းညွှန်အချက်ပြမှုများနှင့် ကွန်ရက်များ ပြန်လည်နေရာတကျ ဖြစ်စေရန်အတွက် ဂြိုဟ်တုတစ်လုံးကို မတ် ၃၀ ရက်နံနက် ၄ နာရီ ၁၁မိနစ်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ဇီချန်း အနောက်တောင်ဘက်ရှိ ဇီချန်း ဒုံးပျံလွှတ်တင်ရေးစင်မှလွှတ်တင်လိုက်သော ယင်းဒုံးပျံကို လောင်းမတ်ချ် ၃ အေ သယ်ဆောင်ရေးဂြိုဟ်တုက သယ်ဆောင်သွားမည်ဖြစ်ပြီး ပတ်လမ်းထဲသို့ လွှတ်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသည် ပိုင်တုလမ်းညွှန်အချက်ပြဂြိုဟ်တုစနစ်ဖြင့် အသုံးပြုထားသော ၂၂ လုံးမြောက်ဂြိုဟ်တုတစ်လုံးဖြစ်ကြောင်း သိရသည်။

သယ်ဆောင်ရေးဂြိုဟ်တုကို ပစ်လွှတ်ခဲ့သည်မှာလည်း ၂၂၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ လွှတ်တင်လိုက်သော ဂြိုဟ်တုသည် ပတ်လမ်းထဲရောက်ပြီး ပုံမှန်လည်ပတ်လုပ်ဆောင်သွားနိုင်မည်ဆိုပါက ကမ္ဘာကြီးကို ဖြန့်ကြက်မည့် ဘီဒီအက်စ်စနစ်ကို ပြုပြင်ပေးမည်ဖြစ်ကာ ယင်းစနစ်ကို ပိုမိုကောင်းမွန်စေမည် ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တောင်တရုတ်ပင်လယ်တွင် တရုတ်တို့က သင်္ဘောဖျက်ဒုံးကျည်များ ဖြန့်ကြက်ထားသည်ဟုဆို

ပေကျင်း မတ် ၃၀

ဗြိတိသျှစစ်ဘက်ဆိုင်ရာစုံစမ်းထောက်လှမ်းရေး အင်စတီကျူက တရုတ်နိုင်ငံသည် သင်္ဘောဖျက်ဒုံးကျည်များကို တောင်တရုတ်ပင်လယ်အငြင်းပွား ပါရာဆယ်ကျွန်းများတွင် ဖြန့်ကြက်ချထားနိုင်ကြောင်း မတ် ၃၀ ရက်က ပြောခဲ့သည်။

အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ပီတာ ကွတ်ခ်က တရုတ်နိုင်ငံသာမက တခြားမည်သူမဆို ကမ္ဘာကြီး၏အငြင်းပွားကျွန်းအစိတ်အပိုင်းတစ်နေရာတွင် စစ်ရေးဆိုင်ရာချဲ့ထွင်မှုပြုလုပ်ပါက အမေရိကန်နိုင်ငံ၏အရေးကိစ္စဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဝါရှင်တန်တွင် ကြာသပတေးနေ့၌ ကျင်းပမည်ဖြစ်သော နျူကလီးယားအစည်းအဝေးပွဲ၏ သီးသန့်ဆွေးနွေးပွဲတွင် တွေ့ဆုံရန် လျာထားလျက်ရှိကြောင်းသိရသည်။

လေ့လာသုံးသပ်သူများက တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့၏လုပ်ဆောင်ချက်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ဆူဂါက နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်နေသော တောင်တရုတ်ပင်လယ်ကိစ္စကို ၄င်းတို့အနေဖြင့်လည်း စိုးရိမ်ပူပန်မိကြောင်းပြောကြားခဲ့သည်။ တရုတ်တို့က စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်ဖြင့် ယင်းအငြင်းပွားကျွန်းများကို အသုံးပြုနေကြောင်းသိရသည်။

(အင်နန်အိတ်ချ်ကေ)

မြန်မာနိုင်ငံကို အပြည့်အဝထောက်ပံ့ ကူညီမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

တိုကျို မတ် ၃၀

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယို ကီရှိဒါက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို အပြည့်အဝ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မတ် ၃၀ရက်က ပြောကြားခဲ့သည်။

မြန်မာဒီမိုကရေစီထောက်ခံအုပ်စုဦးဆောင်သော အရပ်သားအစိုးရ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မတ် ၃၀ ရက်က ထိုသို့ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဒီမိုကရေစီလမ်းစဉ်အတိုင်း ညင်သာအေးချမ်းစွာ အသွင်ကူးပြောင်းမှုကို တွေ့ရသည့်အတွက် များစွာဝမ်းသာမိကြောင်း ၄င်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်တပ်တစ်အား ပါဝင်ကူညီသွားမည်ဖြစ်ပြီး ၄င်းက မြန်မာနိုင်ငံအား ဂျပန်နိုင်ငံနှင့် ချစ်ကြည်ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်ချင်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။

(အင်နန်အိတ်ချ်ကေ)

ဒုံးလက်နက်များသည် အစ္စလာမ္မစ်နိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးကြောင်း အီရန်ထိပ်တန်းခေါင်းဆောင်ပြောကြား

ဒူဘိုင်း မတ် ၃၀

ဒုံးလက်နက်များသည် အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အနာဂတ်အတွက် အဓိကအရေးကြီးသော အချက်များဖြစ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင်က ဗုဒ္ဓဟူးနေ့တွင်ပြောခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ဒုံးကျည်စမ်းသပ်မှုများကြောင့် အနောက်နိုင်ငံများ၏ ဝေဖန်မှုများကို အများအပြားရရှိခဲ့ကြောင်း ၄င်းကပြောခဲ့သည်။ ထိပ်တန်းခေါင်းဆောင် အရာတိုလာ အလီခါမေနီက ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးခဲ့သော လွန်ခဲ့သောနှစ် နျူကလီးယားကိစ္စကို ထောက်ခံခဲ့သော်လည်း ထိုစဉ်ကတည်းက အမေရိကန်ပြည်ထောင်စုနှင့် ၄င်း၏မိတ်ဖက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများကို မပြုလုပ်ရန် အီရန်အား ပြောကြားခဲ့ကြောင်း သိရသည်။

အနာဂတ်အတွက် ဒုံးကျည်များနှင့်မဟုတ်ဘဲ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း အနောက်အုပ်စုက ပြောခဲ့သည်။ အီရန်ထိပ်တန်းခေါင်းဆောင်၏ ဖော်ပြချက်သည် "အီရန်၏အနာဂတ်သည် စားပွဲဝိုင်းဆွေးနွေးပွဲဖြစ်ကြောင်း၊ ဒုံးကျည်များမဟုတ်ကြောင်း" တွစ်တာတွင်ဖော်ပြခဲ့သော ယခင်သမ္မတဟောင်း အခ်ဘာဟရှ်မီရက်ဖ်ဆန်ဂျနီ၏ပြောကြားချက်များကို ရည်ညွှန်းသလိုဖြစ်နေသည်။

အီရန် တော်လှန်ရေးတပ်ဖွဲ့များက ယခုလအစောပိုင်းက ဒုံးကျည်စမ်းသပ်မှုများကို ပြုလုပ်ခဲ့သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပအင်အားကြီးနိုင်ငံများက ယင်းစမ်းသပ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ဆန့်ကျင်သလိုဖြစ်နေကြောင်း ပြောခဲ့သည်။

သို့သော်လည်း လုံခြုံရေးကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်ရုရှားနိုင်ငံကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာမရောက်ကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)

ခွပ်ဒေါင်းတို့ရေးသားသည့် သမိုင်းစာမျက်နှာသစ်အတွက် မျှော်လင့်ကြသူများ

ယနေ့နံနက်ခင်းတွင် လွတ်တော်သို့သွားရာ လမ်းတစ်လျှောက်၌ စည်ကားလျက်ရှိပြီး ပင်နီရောင်များ လွှမ်းခြုံထားသည်ကို မြင်တွေ့ရသည်။ လမ်းမတစ်လျှောက်ရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၌လည်း လွတ်တော်ရုပ်သံလိုင်းကို ကျယ်လောင်စွာ ဖွင့်ထားကြပြီး တီဗွီဖန်သားပြင်ကို ငေးမောကြည့်ရှုနေကြသူအများအပြားကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွက် ယနေ့သည် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် အရပ်သားအစိုးရ၏ စာမျက်နှာသစ်ဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့များ ပြည်ထောင်စုလွတ်တော်တွင် ကတိသစ္စာပြုမည့်နေ့ဖြစ်ပြီး သမ္မတအဖြစ်တော်၌ သမ္မတကြီး ဦးသိန်းစိန်မှသည် သမ္မတကြီး ဦးထင်ကျော်ထံသို့ တာဝန်လွှဲပြောင်းပေးအပ်သည့် သမိုင်းဝင်နေ့ တစ်နေ့ပင်ဖြစ်သည်။

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ကလျာမိုးမြင့် (မြန်မာ့အလင်း)
ဓာတ်ပုံ - မေဦးမိုး

ဦးတင်မောင်ဝင်း

ဒေါ်ဖြူဖြူသင်း

ဒေါ်စမ်းနွဲ့

မစ္စတာ ရိုလန်ကိုဘီယာ

ဒေါ်ထုမေ

ခမ်းနားထည်ဝါလှသည့် ပြည်ထောင်စု လွတ်တော်အတွင်းသို့ ယနေ့တွင် လွတ်တော်ကိုယ်စားလှယ်ပေါင်း ၆၄၆ဦး တက်ရောက်ခဲ့ခြင်းကြောင့် အထမြောက်ကြောင်း နာယက မန်းဝင်းခိုင်သန်းက ကြေညာပြီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အစိုးရအဖွဲ့ဝင်များသည် ကတိသစ္စာပြုခဲ့ကြပြီး သမ္မတကြီးက ပထမဆုံးသော မိန့်ခွန်းကို စတင်ပြောကြားသည်။

လွတ်တော်ကိုယ်စားလှယ်များနှင့် လာရောက်စောင့်ကြည့်လေ့လာသူ စံချိန်တင်များပြားခဲ့သည့် ကတိသစ္စာပြုပွဲ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် စောင့်ကြည့်လေ့လာသူများ၊ လွတ်တော်ကိုယ်စားလှယ်များက ပြောကြားသည့် အစိုးရနှင့် ပတ်သက်သော မျှော်လင့်ချက်များ၊ စိုးရိမ်မှုများနှင့် ခံစားချက်များကို လက်လှမ်းမီသမျှ စုစည်း တင်ဆက်လိုက်ပါသည်။

ဦးတင်မောင်ဝင်း
ရန်ကုန်တိုင်းဒေသကြီး
ဆိပ်ကမ်းမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

လွတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အတိုင်းမသိ ဝမ်းသာကြည်နူးရတဲ့နေ့ပါပဲ။ ပြည်သူတွေအားလုံးလည်း ကျွန်တော်တို့နဲ့ တစ်ထပ်တည်းရှိမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ လုပ်ချင်တာတွေတော့အများကြီးပဲ။ ပထမဆုံးကတော့ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာ အောက်ဆုံးရောက်နေတာကို အရင်ဆုံးပြောင်းလဲပစ်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။ ရက် ၁၀၀ အတွင်းမှာ ပြည်သူလူထုရဲ့အလိုအပ်ဆုံး အရာတွေကို ဖြည့်ဆည်းပေးဖို့လိုအပ်သလို နောင်ငါးနှစ်အတွင်းမှာ ကျွန်တော်တို့ တတ်စွမ်းတဲ့ဘက်ကနေစုပေါင်းပြီး နိုင်ငံကို မြှင့်တင်ဖို့လိုပါတယ်။ လုပ်ဆောင်ချက်တွေက မထိရောက်ရင်ဒါမှမဟုတ် ပြည်သူလူထု လိုအပ်တာတွေကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းမပေးနိုင်သေးရင် နောက်ရွေးကောက်ပွဲမှာ ပြည်သူလူထုကလည်း အခုလို အင်နှအယ်လ်ဒီကို ရွေးချယ်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရဲ့ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ ဆင်းရဲမှုလျှော့ချရေး၊ အဂတိလိုက်စားမှု ကင်းစင်ရေးနဲ့ ပညာရည်မြင့်မားရေးကို အဓိကထားလုပ်မယ်ဆိုရင် အကုန်လုံးအောင်မြင်ချင်မှ အောင်မြင်မယ်။ အတိုင်းအတာတစ်ခု အထိ နိုင်ငံအတွက် အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။

မနေ့ညကတည်းက လေ့လာရေးအဖွဲ့တွေ တဖွဲဖွဲနဲ့ စည်ပင်ဧည့်ရိပ်သာကိုရောက်လာကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အောင်ပွဲဖြစ်သလို အင်နှအယ်လ်ဒီကို ထောက်ခံအားပေးခဲ့ကြတဲ့ ပြည်သူတွေရဲ့ အောင်ပွဲလို့လည်း ပြောနိုင်ပါတယ်။ တချို့ဆို ဝမ်းသာလွန်းလို့ တစ်ညလုံးမအိပ်ဘဲနေကြတယ်။ မနက်တုန်းကလည်း လွတ်တော်ထဲမှာ လေ့လာသူတွေများလွန်းလို့ နေရာမရမှာစိုးတာကြောင့် နံနက် ၇ နာရီလောက်ကတည်းက လာနေကြတယ်။

ဒေါ်ဖြူဖြူသင်း
မင်္ဂလာတောင်ညွန့်မြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ပြည်သူလူထု တစ်ရပ်လုံး ကျွန်မတို့လိုပဲ ပျော်ရွှင်ကျေနပ်ကြမယ်လို့ယုံကြည်ပါတယ်။ ဒီနေ့အခမ်းအနားက ကျွန်မတစ်သက်မှာတော့ ပထမဆုံးအတွေ့အကြုံတစ်ခုဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုနဲ့ အေးချမ်းတည်ငြိမ်မှုကို ထောက်ခံအားပေးတဲ့ စံပြုစရာ မင်္ဂလာနေ့ရက်တစ်ခုလည်း ဖြစ်ပါတယ်။ ယနေ့တက်လာတဲ့ အစိုးရက အရပ်သားအစိုးရ စစ်စစ်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒီမိုကရေစီစနစ်ကို ခိုင်မာအောင် ပိုင်းကြိုးစားဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။ အခက်အခဲတွေအများကြီး ကျွန်မတို့ ဖြတ်သန်းရဦးမှာပါ။ နှစ်ပေါင်းများစွာ အသားကျလာခဲ့တဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေ၊ စီးပွားရေးလက်ဝါးကြီး အုပ်မှုတွေ၊ နိုင်ငံရေး ပယောဂတွေ အားလုံးကို တည်တည်ငြိမ်ငြိမ်၊ မှန်မှန်ကန်ကန်နဲ့ ဖယ်ရှားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းပါဝင်ကြဖို့အတွက် အစိုးရအဖွဲ့ကရော လွတ်တော်ကပါ ပူးပေါင်းပါဝင် ဖြေရှင်းရမှာပါ။ အစိုးရအဖွဲ့တွေရော ပြည်သူတွေရဲ့ ကိုယ်စားပြု လွတ်တော်ကိုယ်စားလှယ်တွေအားလုံးမှာပါ တာဝန်တွေ ပိုကြီးသွားပါပြီ။

ဒေါ်စမ်းနွဲ့
လွှတ်တော်လေ့လာသူ

ယနေ့ တက်လာတဲ့ အစိုးရက ပြည်သူအတွက် လက်ရှိအခြေအနေ ထက်ပိုပြီး အကျိုးပြုပေးနိုင်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်သူတွေထဲကနေ ရွေးချယ်တင်မြှောက်ပြီး တက်လာခဲ့ကြသူတွေဆိုတော့ ပြည်သူတွေရဲ့ ခံစားချက်၊ လိုအပ်ချက်နဲ့ ပြည်သူတွေအတွက် ဖြည့်ဆည်းပေးလိုတဲ့ စိတ်ဆန္ဒတွေက သူတို့တွေမှာ ပိုရှိတယ်လို့ မြင်ပါတယ်။ အသက်ကြီးပေမယ့် နှစ်ပေါင်းများစွာ စောင့်စားခဲ့ရတဲ့ ဒီနေ့အတွက် မဖြစ်ဖြစ် အောင်လာခဲ့ပါတယ်။ အနှစ်သာရ ပြည့်ဝတဲ့ အခမ်းအနားကို တက်ရောက်ခွင့်ရလို့ ကြက်သီးထလောက် အောင် ဝမ်းသာခံစားရပါတယ်။ ယနေ့တက်လာတဲ့ အစိုးရက နှစ်ပေါင်းများစွာ ဖိနှိပ်ခြင်းတွေကြောင့် အရည်အချင်းပိုင်းမှာ အားနည်းချက်တွေ ရှိနိုင်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး အပိုင်းတွေမှာလည်း အားနည်းနေမှာပါပဲ။ ဒါပေမယ့် ပြည်သူအပေါ်ထားတဲ့ စေတနာနဲ့ အမြင်တွေကတော့ ကောင်းမယ်လို့ ထင်ပါတယ်။ အကယ်လို့ အရည်အချင်းပိုင်း လိုအပ်ချက်ရှိရင်လည်း ကျွန်မအမြင်ကတော့ သင်ယူလေ့လာရင်း၊ ပြုပြင်ရင်းကပဲ တည်ဆောက်သွားကြရမယ်။ ပြည်သူတွေကလည်း သူတို့ရွေးချယ်ထားတာကြောင့် ထောက်ပြပိုင်ခွင့်၊ ဝေဖန်ပြောကြားပိုင်ခွင့်တွေ အပြည့်အဝရရှိပြီး အားနည်းချက်တွေကိုလည်း ခွင့်လွှတ်ပေးဖို့တော့ လိုအပ်ပါတယ်။ စိတ်ပူစရာတော့မရှိပါဘူး။ ခေါင်းဆောင်ကောင်းတွေက အစိုးရအဖွဲ့ရဲ့ အမြင့်ဆုံးနေရာတွေမှာ ရောက်နေပြီမို့ တိုင်းသူပြည်သားကောင်းနဲ့ ဝန်ထမ်းကောင်းတွေဖြစ်လာဖို့ကတော့ အားလုံးက လိုက်ပါပြောင်းလဲပေးရင် ကျွန်မတို့ နိုင်ငံအတွက် အကောင်းတွေချည်းကြုံရဖို့ မျှော်လင့်ထားပါတယ်။

မစ္စတာ ရိုလန်ကိုဘီယာ
ဥရောပသမဂ္ဂ သံအမတ်ကြီး

စိတ်လှုပ်ရှားစရာ ကောင်းတဲ့ အခမ်းအနားတစ်ခုကို ကျွန်တော် ရောက်နေတာပါ။ သမ္မတ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်ပါဝင်တဲ့ အစိုးရအဖွဲ့ဟာ ခမ်းနားတဲ့ ပြည်ထောင်စုလွှတ်တော်ကြီးထဲမှာ နိုင်ငံတော်အတွက် ကတိသစ္စာတွေပြုနေကြတယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့မျှော်လင့်နေတဲ့ အနေအထားကို ယနေ့ ရောက်ပါပြီ။ ဆက်လျှောက်သွားဖို့ပဲ လိုအပ်ပါတော့တယ်။ နိုင်ငံတစ်နိုင်ငံကို ဒေါက်တိုင်သုံးခုနဲ့ ထောက်ခံထားရတယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးစတဲ့ မဏ္ဍိုင်သုံးခုစလုံးကို ပြည်သူတွေစိတ်တိုင်းကျ ပုံဖော်တည်ဆောက်နိုင်ခဲ့ပြီ။ ကျွန်တော်အပါအဝင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေ အားလုံးကလည်း မြန်မာ ပြည်သူပြည်သားတွေနဲ့ ထပ်တူ ပျော်ရွှင်ဂုဏ်ယူရပါတယ်။ မြန်မာ့နိုင်ငံရေးအပါအဝင် အခြားသောကဏ္ဍတွေ အများအပြားမှာလည်း ကျွန်တော်တို့ ဥရောပသမဂ္ဂက ခင်ဗျားတို့နဲ့ တစ်သားတည်းရှိနေပြီး ရင်းနှီးတဲ့မိတ်ဆွေအဖြစ် ဂုဏ်ယူစွာနဲ့ ပူးပေါင်းမြှင့်တင်ပေးမယ်လို့ သမိုင်းတွင်တဲ့နေ့မှာ အလေးအနက်ကတိပေးပါတယ်။

ဒေါ်ထုမေ
အမှတ် (၁၁) မဲဆန္ဒနယ်
ရခိုင်ပြည်နယ်

ဒီနေ့သမ္မတကြီးရဲ့ မိန့်ခွန်းကနေ အဖြေတစ်ခုကို ရှင်းရှင်းလင်းလင်းသိရတယ်။ စစ်မှန်တဲ့ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကျွန်မတို့ တစ်နိုင်ငံလုံး အတူတကွခွီတက်ကြရမယ်။ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝအဆင့်အတန်း တွေမြင့်မားလာဖို့ အထူးသဖြင့် ဒီမိုကရေစီနည်းလမ်းကျကျရေးဆွေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးကို ဦးတည်ပြီး လုပ်ဆောင်သွားမယ်လို့ သမ္မတကြီးရဲ့ပထမဆုံး မိန့်ခွန်းမှာ ပြောဆိုသွားတာကို ထောက်ရှုရရင် တိုင်းရင်းသားတွေ အားလုံးပူးပေါင်းပါဝင်မယ့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အခြေခံတည်ဆောက် သွားတော့မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်မတို့ တိုင်းရင်းသားကိုယ်စားလှယ်တွေ အနေနဲ့လည်း ပြည်သူအတွက် လိုအပ်ချက်တွေကို လွှတ်တော်က နေတစ်ဆင့် အကောင်းဆုံးဖြည့်ဆည်းခွင့်ရမယ်လို့ ယုံကြည်ပါတယ်။ သို့သော် ပထမခြေလှမ်းအနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်တဲ့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လောက်အထိ ပြည်သူလူထု မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖော်ထုတ်ပေးမလဲ ဆိုတာကိုတော့ စောင့်ကြည့်သွားကြရမယ်လို့ ထင်ပါတယ်။ ဒီမိုကရေစီအစိုးရ ဖြစ်လာပြီး နောက်ပိုင်းမှာ အမျိုးသားရင်ကြားစေ့ရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ အသားမကျသေးတဲ့ ပြည်သူတွေအတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေဖြစ်လာနိုင်တယ်လို့ ထင်ပါတယ်။ အားလုံးစုပေါင်းပြီး ကျော်လွှားကြရမယ်လို့ ထင်ပါတယ်။

ဦးဉာဏ်ဝင်း၊ အတွင်းရေးမှူး
(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

နှစ်ပေါင်းများစွာကြာပြီးနောက်မှာ ပြည်သူအများစုဆန္ဒနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ အရပ်သား အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီလို့ ပြောရမှာပါ။ အားလုံးစောင့်ကြည့် ဝေဖန်ပိုင်းဖြတ်ပြီး ပူးပေါင်းဆောင်ရွက်ကြည့်ပေးဖို့တော့ လိုအပ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကတော့ အခုခချိန်မှာ အတွင်းရေးမှူး ဝါးဦးက ထိန်းကျောင်းသွားမှာ ဖြစ်ပါတယ်။ အခုအချိန်ကတော့ အားလုံးအလုပ်အများဆုံးအချိန် ဖြစ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် အလွန်ကျေနပ်ဝိတိဖြစ်တယ်။

ဦးစိုင်းဝမ်းလှိုင်းခမ်း
အမှတ်(၃) မဲဆန္ဒနယ်
ရှမ်းပြည်နယ်

သမ္မတနဲ့အစိုးရအဖွဲ့တို့ စတင်တာဝန်ယူတဲ့ နေ့ထူးနေ့မြတ်မို့ ဝမ်းသာ ကြိုဆိုပါတယ်။ သို့သော်ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုပေးတဲ့ အစိုးရဖြစ်လာဖို့ စောင့်ကြည့်ရဦးမှာပါ။ ရက် ၁၀၀ အတွင်း သမ္မတ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ဘယ်လောက်ရုပ်လုံးဖော်ပေးမလဲ ဆိုတာ သက်သေပြနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့တွေရဲ့ မျှော်လင့်ချက်ကတော့ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ နိုင်ငံတော် တိုးတက်မြင့်မားရေးတွေမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြီးမြောက်အောင်မြင်ဖို့ ဖြစ်ပါတယ်။

ရက် ၁၀၀ အတွင်းမှာ ပြည်သူလူထုရဲ့ အလိုအပ်ဆုံးအရာတွေကို ဖြည့်ဆည်းပေးဖို့လိုအပ်သလို နောင်ငါးနှစ်အတွင်းမှာ ကျွန်တော်တို့ တတ်စွမ်းတဲ့ဘက်ကနေ စုပေါင်းပြီး နိုင်ငံကိုမြှင့်တင်ဖို့လိုပါတယ်။

စာမျက်နှာ ၉ သို့

လူသစ်တည် ပြည်သစ်ဆောက်

သင့်နော်

ဟုတ်ကဲ့။ ခုမနက်မှာပဲ ကျွန်တော်တို့အတွက် အစိုးရအသစ်တစ်ရပ်ကို ရလိုက်ပါပြီ။ သမ္မတကြီး ဦးသိန်းစိန်က သူ့အခွင့်အာဏာနဲ့ သူ့အဆောင်အယောင်တွေကို သမ္မတအသစ်ဖြစ်သူ ဦးထင်ကျော်ဆီကို ပျော်ပျော်ပါးပါး ကြီး လွှဲလိုက်ပါပြီ။

ဒါဆို အဲဒီအချိန်ကစလို့ ကျွန်တော်တို့ဟာ သမ္မတကြီး ဦးထင်ကျော်ရဲ့ အုပ်ချုပ်မှုအောက်ကို ဒုတ်ဒုတ် ထိရောက်ခွင့်ရခဲ့ပြီပေါ့ဗျာ. . . ။ ဒါဟာ တစ်သက်မှာတစ်ခါကြုံရတဲ့ ဒုလွန်ဘတရားတစ်ရပ်ပါပဲ။ လူမှန်းသိကတည်းက တော်လှန်ရေးကောင်စီနဲ့ကြုံခဲ့။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ ကြုံခဲ့။ တစ်ပါတီကြီးစိုးတဲ့ ဆိုရှယ်လစ်လူ့ဘောင်မှာ ဖြတ်သန်းခဲ့။ ၁၉၇၄ ဒုတိယဖွဲ့စည်းပုံနဲ့ကြုံးပြင်းခဲ့။ တန်းစီတိုးစားလူတန်းစားတွေ ဖွံ့ဖြိုးခဲ့။ လုပ်အားတန်ဖိုးချစ်မြတ်နိုးသယောင်ယောင်နဲ့ လူနှပ်ချမ်းသာတွေသာ ကြီးစိုးခဲ့။ ပါတီကောင်စီရဲ့ လက်ဝါးကြီးအုပ်မှုနဲ့သာ ရှင်သန်ခဲ့. . . ။ တစ်နိုင်ငံလုံး ကသောင်းကနင်းဖြစ်ပြီး ဒီမိုကရေစီမိုးရေပေါက်ကိုမျှော်လင့်ရင်းနဲ့ ရှုစ်လေးလုံး လူထုအရေးတော်ပုံကို ဖြတ်သန်းခဲ့။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲခဲ့။ ခါးသီးမှုအနှစ်နဲ့ လူမွဲစာရင်းဝင်ပြီး ဘက်ပေါင်းစုံကျဆုံးခဲ့။

နှစ်ကာလအတိုင်းအတာအရ (အိမ်စောင့်အစိုးရကို ဖယ်ထားဦး) ၁၉၆၂ ခုနှစ်ကနေ ၂၀၁၆ မတ် ၃၀ အထိ၊ ဗိုလ်ချုပ်နေဝင်းကစလို့. . . ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ. . . စသဖြင့် တပ်မတော်အကြီးအကဲတွေကသာ နိုင်ငံတော်ကို မောင်းနှင်ခဲ့ရာမှာ အခုဘာတွေဘယ်လိုဖြစ်ပြီး ဘယ်အခြေဆိုက်နေခဲ့သလဲဆိုတာ အားလုံးနောကျေနေကြပြီ. . . ။

ဒါကြောင့်လည်း ဒီကနေ့ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအရပ်သားအစိုးရလက်ထဲ အာဏာပြန်ရောက်လာပြီဖြစ်လေတော့ ပြည်သူတွေဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ပုံများမတော့ လိုင်းကားတွေ အခမဲ့ပြေးဆွဲမယ်တဲ့လေ။ စတုဒိသာတွေ ကျွေးကြမွေးကြမယ်တဲ့လေ. . . ။ အလျှုအတန်းတွေပြုပြီး ကုသိုလ်ယူကြမတဲ့လေ။

မန္တလေးလို မြို့မှာတော့ အစစအရာရာ ယဉ်ကျေးမှုထုံမွှမ်းဆဲမို့ အားရဝမ်းသာရှိကြတာတောင် ယဉ်ယဉ်ကျေးကျေးပါပဲ။ ပြည်သူလူထုရဲ့ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲပါပဲ။ ဒီမိုကရေစီအနှစ်သာရနဲ့ တိုင်းသစ်ပြည်သစ်ကို လူသစ်စိတ်သစ်နဲ့ တည်ကြတော့မယ်လေ။ မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့ဆိုသလို အပြောင်းအလဲမှာ ရလဒ်ကောင်းတွေဖြစ်ထွန်းဖို့ အားသွန်ကြတော့မှာ သေချာနေပြီပေါ့။

အားလုံးသောပြည်သူလူထုဟာ အစိုးရသစ်အပေါ်မှာ အပြည့်အဝ ယုံကြည်ကိုးစားပြီးသားပေါ့၊ ဘာလုပ်လုပ် ကြည်ဖြူတယ်၊ ဘယ်သူ့ရွေးရွေး သဘောတူတယ်၊ ဘယ်ပုံစံနဲ့သွားသွား ကျေနပ်တယ်၊ ဒီလိုဘဝမျိုးရောက်ဖို့ အစစအရာရာအားလုံး စွန့်လွှတ်ပြီး အနစ်နာခံခဲ့ရတာပဲလေ၊ အခုသန်းခေါင်ကျော်ပြီ။ . အရုဏ်တက်ပြီ။ . နေ့သစ်တစ်ခုအစပြုပြီ။ .

အားလုံးသောပြည်သူလူထုဟာ အစိုးရသစ်အပေါ်မှာ အပြည့်အဝ ယုံကြည်ကိုးစားပြီးသားပေါ့၊ ဘာလုပ်လုပ် ကြည်ဖြူတယ်၊ ဘယ်သူ့ရွေးရွေး သဘောတူတယ်၊ ဘယ်ပုံစံနဲ့သွားသွား ကျေနပ်တယ်၊ ဒီလိုဘဝမျိုးရောက်ဖို့ အစစအရာရာအားလုံး စွန့်လွှတ်ပြီး အနစ်နာခံခဲ့ရတာပဲလေ၊ အခုသန်းခေါင်ကျော်ပြီ။ . အရုဏ်တက်ပြီ။ . နေ့သစ်တစ်ခုအစပြုပြီ။ .

ကျွန်တော် ကျွန်မတို့သည် ဒီနေ့ ဒီရက် ဒီအချိန်ကစ၍ ဒီအစိုးရသစ်နဲ့ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး ပြည်သူတွေရဲ့ဘဝတွေ တင့်တောင့်တင့်တယ်ဖြစ်အောင် ကမ္ဘာ့အလယ်မှာ လူချင်းတူတူ သူချင်းမျှမျှ ဝင့်ထည်နိုင်ကြရလေအောင် ရွှေထီးဆောင်းခဲ့ရစဉ်တုန်းက အခြေအနေကို အောက်မေ့ရင်းနဲ့ ရွှေပြည်တော်သစ်ဆီ လှမ်းနိုင်ကြရလေအောင် ပြည်သူ့ခေါင်းဆောင်ရဲ့ အမြော်အမြင်ကြီးမှု၊ ဦးဆောင်နိုင်မှု၊ အရည်အသွေးပြည့်ဝမှုတွေနဲ့အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်းတစ်သားတည်း ကိုယ့်လူမျိုး ကိုယ့်နိုင်ငံအကျိုး သယံဇာတလို့ရနိုင်သမျှ သယံဇာတကြွယ်၊ အခွန်ရှည်အောင် ပြန်ပြီးထူထောင်ကြမယ်ဆိုတဲ့ အခိုင်အမာစိတ်ဓာတ်တွေနဲ့ ဒီနေ့ကစပြီး အစိုးရသစ်နဲ့အတူ၊ သမ္မတသစ်နဲ့အတူ ပြည်သူတွေက အားသစ်မွေးပြီး နိုင်ငံသစ်ကို မဖြစ်ဖြစ်အောင် ထူထောင်ကြဖို့ အသင့်ဖြစ်နေကြဖို့. . အကျိုးမျှော်ကာ နှိုးဆော်လိုက်ရကြောင်းပါခင်ဗျာ . . . ။

ဒီမိုကရေစီအစိုးရသစ်ရဲ့ သတင်းစာ

ဒီမိုကရေစီဆိုတာ ပြည်သူရဲ့ဆန္ဒ၊ ပြည်သူရဲ့ မဲဆန္ဒနှင့် တင်မြှောက်ဖွဲ့စည်းလာတဲ့ အစိုးရဖြစ်ပါတယ်။ အဲဒီ ဒီမိုကရေစီအစိုးရက စီစဉ်၊ စီမံထုတ်ဝေတဲ့ သတင်းစာတွေဟာလည်း ဘုန်းတော်ဘွဲ့တွေ၊ ဖွင့်ပွဲအခမ်းအနားတွေ၊ ပွဲတက်တာတွေထက် အများပြည်သူလိုအပ် သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်များကို စာဖတ်တဲ့ပြည်သူလူထုကို တင်ပြကြရမှာ ဖြစ်ပါတယ်။ ဟံသာဝတီဦးဝင်းတင်သာရှိရင် သူကဦးဆောင်ပြီး အသေအချာပြောမှာပါ။ အခု မောင်မိုးသူပြောချင်တဲ့စကားကတော့ ပြည်သူ့အစိုးရရဲ့ ပြည်သူရဲ့သတင်းဌာနတွေဟာ ပြည်သူရဲ့မျက်နှာမူပြီး ပြည်သူရဲ့အကျိုးကျေးဇူးကို ရှေးရှုလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့ဒီမိုကရေစီအရေး အတူထမ်းကြစို့။

မောင်မိုးသူ

သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် ချက်သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၃၁

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်တွင် ပရပ်မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိလော့စ် ဇီးမန်းထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် မတ် ၃၀

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြောင်းရွှေ့ကြရသည့် ပြင်သာရွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

ဂန့်ဂေါ မတ် ၃၀

ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ဂန့်ဂေါမြို့နယ်၌ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ဂန့်ဂေါမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းရေလွှဲမြောင်းမှ စီးဆင်းလာသော မြစ်သာမြစ်ရေများသည် ပြင်သာကျေးရွာသို့ ထိုးဖောက်တိုက်စားခဲ့ရာ ကျေးရွာပြောင်းရွှေ့ကြရသည့် ပြင်သာကျေးရွာနေပြည်သူများအတွက် မြစ်သာတမံစီမံကိန်းမှ တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြောင်းရွှေ့ရေးကြီးကြပ်မှုကော်မတီဝင်များက အိမ်ထောင်စုဦးစီးများထံ စုစုပေါင်းငွေကျပ်သိန်း ၅၆၀ ကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ရာတွင် A အဆင့် လူနေအိမ် နှစ်လုံးအတွက် ကျပ်သိန်း ၅၀ နှုန်းဖြင့် (ယခင်ကျန်ငွေပါ) ၁၁၅ သိန်း၊ B အဆင့် လူနေအိမ် ၁၂ လုံးအတွက် ကျပ် ၃၅ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၄၂၀၊ C အဆင့် ကျပ် ၂၅ သိန်းနှုန်းဖြင့် လူနေအိမ်တစ်လုံးအတွက် ငွေကျပ် ၂၅ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်က ဘုန်းကြီးကျောင်းနှင့် လူနေအိမ် ၂၃ လုံးအတွက် ငွေကျပ် သိန်း ၁၅၅၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ မတ် ၁၆ ရက်က ဘုန်းကြီးကျောင်းနှင့် လူနေအိမ် ၄၈ လုံး အတွက် ငွေကျပ် ၂၃၅၅ သိန်းကို ဒုတိယအကြိမ်အဖြစ် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၁၀၁)

မဟာသင်္ကြန်ကာလ ယာဉ်မောင်းသူများ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွှန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပို့က်ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဦးတက်) မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်သည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးထင်ကျော်	နိုင်ငံတော်သမ္မတ
(၂) ဦးမြင့်ဆွေ	ဒုတိယသမ္မတ
(၃) ဦးဟင်နရီဗန်ထီးယူ	ဒုတိယသမ္မတ
(၄) ဒေါ်အောင်ဆန်းစုကြည်	ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန သမ္မတရုံးဝန်ကြီးဌာန လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန
(၅) ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၆) ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း	ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၇) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်	ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန
(၈) ဒေါက်တာဖေမြင့်	ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန
(၉) သူရဦးအောင်ကို	ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(၁၀) ဒေါက်တာအောင်သူ	ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၁၁) ဦးသန့်စင်မောင်	ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(၁၂) ဦးအုန်းဝင်း	ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
(၁၃) ဦးသိန်းဆွေ	ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၁၄) ဦးခင်မောင်ချို	ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန
(၁၅) ဒေါက်တာသန်းမြင့်	ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(၁၆) ဒေါက်တာမြင့်ထွေး	ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန
(၁၇) ဦးကျော်ဝင်း	ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(၁၈) ဦးဝင်းခိုင်	ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၉) ဒေါက်တာဝင်းမြတ်အေး	ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
(၂၀) ဦးအုန်းမောင်	ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန
(၂၁) နိုင်သက်လွင်	ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန
(၂၂) ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	**(အမည်စာရင်း ထပ်မံကြေညာပါမည်)**
(၂၃) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	အတွင်းရေးမှူး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၂/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်-

(က) ဦးထင်ကျော်	နိုင်ငံတော်သမ္မတ
(ခ) ဦးမြင့်ဆွေ	ဒုတိယသမ္မတ
(ဂ) ဦးဟင်နရီဗန်ထီးယူ	ဒုတိယသမ္မတ
(ဃ) ဦးဝင်းမြင့်	ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်
(င) မန်းဝင်းခိုင်သန်း	ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
(စ) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(ဆ) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း	ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်
(ဇ) ဒေါ်အောင်ဆန်းစုကြည်	ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန
(ဈ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(ည) ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း	ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(ဋ) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်	ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူးဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးမျိုးညွန့်	ဥက္ကဋ္ဌ
(၂) ဦးညီညီ	အဖွဲ့ဝင်
(၃) ဦးမြင့်ဝင်း	အဖွဲ့ဝင်
(၄) ဦးမျိုးမြင့်	အဖွဲ့ဝင်
(၅) ဦးခင်မောင်ချို	အဖွဲ့ဝင်
(၆) ဒေါ်ခင်ဌေးကြွယ်	အဖွဲ့ဝင်
(၇) ဦးတွာလ်ကျင်ပေါင်	အဖွဲ့ဝင်
(၈) ဒေါ်လှမျိုးနွယ်	အဖွဲ့ဝင်
(၉) ဦးကျော်ဆန်း	အဖွဲ့ဝင်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈ ၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဌ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးလှသိန်း	ဥက္ကဋ္ဌ
(၂) ဦးအောင်မြင့်	အဖွဲ့ဝင်
(၃) ဦးစိုးရယ်	အဖွဲ့ဝင်
(၄) ဦးထွန်းခင်	အဖွဲ့ဝင်
(၅) ဦးလှတင့်	အဖွဲ့ဝင်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀-၃-၂၀၁၆

မြစ်ကြီးနားမြို့	-	၁ ဒသမ ၃၄ လက်မ
မြိတ်မြို့	-	၁ ဒသမ ၀၂ လက်မ
မချမ်းဘောမြို့	-	၀ ဒသမ ၃၅ လက်မ
ခန္တီးမြို့	-	၀ ဒသမ ၃၁ လက်မ
ပူတာအိုမြို့	-	၀ ဒသမ ၂၈ လက်မ

ထူးခြားသည့် နေ့အပူချိန်များ

၃၀-၃-၂၀၁၆

ဘော်လခဲမြို့	-	၄၀ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	-	၃၉ ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီးမြို့	-	၃၉ ဒီဂရီစင်တီဂရိတ်
တောင်ငူမြို့	-	၃၉ ဒီဂရီစင်တီဂရိတ်

(မိုး/၈လ)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ ငယ်(၂)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမျိုးညွှန့်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂/၂၀၁၆
၁၃၇၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးလှသိန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်အောင်ဆန်းစုကြည်	ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန သမ္မတရုံးဝန်ကြီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန
(၂) ဒုတိယပိုလ်ချုပ်ကြီး ကျော်ဆွေ	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၃) ဒုတိယပိုလ်ချုပ်ကြီး စိန်ဝင်း	ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၄) ဒုတိယပိုလ်ချုပ်ကြီး ရဲအောင်	ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန
(၅) ဒေါက်တာဖေမြင့်	ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန
(၆) သူရဦးအောင်ကို	ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(၇) ဒေါက်တာအောင်သူ	ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၈) ဦးသန့်စင်မောင်	ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(၉) ဦးအုန်းဝင်း	ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
(၁၀) ဦးသိန်းဆွေ	ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၁၁) ဦးခင်မောင်ချို	ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန
(၁၂) ဒေါက်တာသန်းမြင့်	ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(၁၃) ဒေါက်တာမြင့်ထွေး	ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန
(၁၄) ဦးကျော်ဝင်း	ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၁၅) ဦးဝင်းခိုင်	ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန
(၁၆) ဒေါက်တာဝင်းမြတ်အေး	ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန
(၁၇) ဦးအုန်းမောင်	ပြည်ထောင်စုဝန်ကြီး တိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန
(၁၈) နိုင်သက်လွင်	ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၁ ၊ ပုဒ်မခွဲ (ဂ) ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာခက်အောင်	ကချင်ပြည်နယ်
(၂) ဦးအယ်လ်ဖောင်းရှိ	ကယားပြည်နယ်
(၃) ဒေါ်နန်းခင်ထွေးမြင့်	ကရင်ပြည်နယ်
(၄) ဦးဆလိုင်းလျန်လွယ်	ချင်းပြည်နယ်
(၅) ဒေါက်တာမြင့်နိုင်	စစ်ကိုင်းတိုင်းဒေသကြီး
(၆) ဒေါက်တာလွဲလွဲမော်	တနင်္သာရီတိုင်းဒေသကြီး
(၇) ဦးဝင်းသိန်း	ပဲခူးတိုင်းဒေသကြီး
(၈) ဒေါက်တာအောင်မိုးညို	မကွေးတိုင်းဒေသကြီး
(၉) ဒေါက်တာဇော်မြင့်မောင်	မန္တလေးတိုင်းဒေသကြီး
(၁၀) ဦးမင်းမင်းဦး	မွန်ပြည်နယ်
(၁၁) ဦးညီပု	ရခိုင်ပြည်နယ်
(၁၂) ဦးဖြိုးမင်းသိန်း	ရန်ကုန်တိုင်းဒေသကြီး
(၁၃) ဒေါက်တာလင်းထွဋ်	ရှမ်းပြည်နယ်
(၁၄) ဦးမန်းကျော်နိ	ရောဝတီတိုင်းဒေသကြီး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅/၂၀၁၆
၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၇)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးညီညီ
(၂)	ဦးမြင့်ဝင်း
(၃)	ဦးမျိုးမြင့်
(၄)	ဦးခင်မောင်ချို
(၅)	ဒေါ်ခင်ဌေးကြွယ်
(၆)	ဦးတွာလ်ကျင်ပေါင်
(၇)	ဒေါ်လှမျိုးနွယ်
(၈)	ဦးကျော်ဆန်း

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၆/၂၀၁၆
၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈ ၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအောင်မြင့်
(၂) ဦးစိုးရယ်
(၃) ဦးထွန်းခင်
(၄) ဦးလှတင့်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၇/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်-

(၁) **ကချင်ပြည်နယ်**
- (က) ဦးခင်မောင်မြင့်(ခ)ဦးဒိတ် — ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးစိုင်းစိန်လင်း — ရှမ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဂ) ဦးအားတီယောဟန် — လီဆူတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဃ) ဦးရန်နမ်းဖုန် — ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၂) **ကယားပြည်နယ်**
- (က) ဦးလှမျိုးဆွေ — ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၃) **ကရင်ပြည်နယ်**
- (က) ဦးတေဇထွဋ်လှိုင်ထွေး — ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးမင်းတင်ဝင်း — မွန်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဂ) ဦးခွန်မျိုးတင့် — ပအိုဝ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၄) **စစ်ကိုင်းတိုင်းဒေသကြီး**
- (က) ဒေါ်မွေးမွေးခင် — ရှမ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးလာလ်ထောင်ထန်း — ချင်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၅) **တနင်္သာရီတိုင်းဒေသကြီး**
- (က) ဦးစောလုကာ — ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၆) **ပဲခူးတိုင်းဒေသကြီး**
- (က) ဒေါ်နော်ပွယ်ဆေး — ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၇) **မကွေးတိုင်းဒေသကြီး**
- (က) ဦးလှထွန်း — ချင်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၈) **မန္တလေးတိုင်းဒေသကြီး**
- (က) ဦးစိုင်းကျော်ဇော — ရှမ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၉) **မွန်ပြည်နယ်**
- (က) ဦးရွှေမြင့် — ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဒေါ်စံဝင့်ခိုင် — ပအိုဝ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဂ) ဦးအောင်မြင့်ခိုင် — ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၁၀) **ရခိုင်ပြည်နယ်**
- (က) ဦးပုန်ဘွေ — ချင်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၁၁) **ရန်ကုန်တိုင်းဒေသကြီး**
- (က) ဒေါ်ပန်းသဥ္ဇာမျိုး — ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးဇော်အေးမောင် — ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(၁၂) **ရှမ်းပြည်နယ်**
- (က) ဒေါက်တာ အောင်သန်းမောင် — ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးဇုတ်ဒေါင် — ကချင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဂ) ဦးဂူဆာ — လီဆူတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ဃ) ဦးယောသပ် — လားဟူတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (င) ဦးအာဗေလ — အာခါတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (စ) ဒေါက်တာထွန်းလှိုင် — အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန
- (ဆ) ဦးခွန်အေးမောင် — ကယန်း (ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန

(၁၃) **ဧရာဝတီတိုင်းဒေသကြီး**
- (က) ဂျိမိုးမြတ်မြတ်သူ — ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန
- (ခ) ဦးတင်စော — ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၅ မှ

မစ္စတာ အင်ဒရူးပတ်ထရစ်
ဖြိတိကိန်သံအမတ်ကြီး

သမ္မတနဲ့ အစိုးရအဖွဲ့ကို ကျွန်တော်တို့ ဖြိတိန်နိုင်ငံအနေနဲ့ ဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ ဘယ်သူပဲ တိုင်းပြည်ခေါင်းဆောင်ဖြစ်ဖြစ် ဘယ်အစိုးရတက်တက် တိုင်းပြည်အတွက် အကျိုးရှိတဲ့ အလုပ်တွေကို လုပ်ပေးမယ်၊ ဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ ဆက်လက်ထောက်ခံသွားမှာဖြစ်ပြီး တိုင်းပြည်ရဲ့ အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု၊ တိုးတက်ဖွံ့ဖြိုးမှုကို ရောက်ရှိစေမှာဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး အစိုးရအဖွဲ့ကို ကြိုဆိုသလို ကျွန်တော်တို့လည်း လက်တွဲကြိုဆိုပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အမြဲ အဆင်သင့်ရှိနေပြီးသားလို့ ထပ်လောင်းပြောလိုပါတယ်။

အနဂ္ဂ (တေးသံရှင်)

ကျွန်တော်ကတော့ ဒီမိုကရေစီစနစ်နဲ့အညီ ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံတော်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်တဲ့ အစိုးရအဖွဲ့ကို ရာနှုန်းပြည့် ထောက်ခံကြိုဆိုပါတယ်။ ဒါပေမယ့် ဒီမိုကရေစီရဲ့ စံနှုန်းတွေ၊ ဒီမိုကရေစီရဲ့ အနှစ်သာရတွေကို ကျွန်တော်အပါအဝင် အားလုံးက သိမြင်ပြီး အကျိုးရှိရှိအသုံးချကြဖို့တော့ ကျွန်တော်တို့အားလုံး ကြိုးစားကြရမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့တစ်ဦးချင်းရဲ့ စိတ်ဓာတ်တွေထဲမှာ ဒီမိုကရေစီအကြောင်း သိထားပြီး လိုက်နာကြမှပြောင်းလဲမှုကို စတင်ခံစားရမှာပါ။ ဦးဆောင်သူတွေပဲ ပြောင်းသွားလို့မရပါဘူး။ နောက်က လိုက်ကြရမယ့် သူတွေကလည်းအရေးကြီးပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီရဲ့ ကောင်းခြင်းဆိုးခြင်းတွေ၊ ဆောင်ရန်ရှောင်ရန်တွေနဲ့ လေးစားလိုက်နာရမှာတွေကို အခြေခံကစပြီးပြောင်းမှ တကယ် ပြောင်းမယ်လို့ထင်ပါတယ်။

R ဇာနည် (တေးသံရှင်)

ဒီနေ့လို ကြီးကျယ်မြင့်မြတ်တဲ့ သမိုင်းဝင် သမ္မတ ရွေးချယ်တင်မြှောက်ပြီး ကတိသစ္စာပြုခဲ့တဲ့ အခမ်းအနားကြီးကို တက်ရောက်ခွင့်ရလို့ အတိုင်းမသိဝမ်းသာပါတယ်။ သမ္မတကြီး ကတိသစ္စာပြုချိန်မှာရော အမေစုနဲ့ အခြားအစိုးရအဖွဲ့ဝင်တွေ ကတိသစ္စာပြုတဲ့အချိန်မှာပါ စိတ်ထဲမှာ လှိုက်လှိုက်လဲလဲ ဝမ်းသာပီတိဖြစ်မိတယ်။ ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းမှုတွေ အရာထင်ခဲ့တာကြောင့်လည်း ကျေနပ်တယ်။ သမိုင်းဝင်နေ့ဖြစ်လာဖို့ သမ္မတကြီးနဲ့ အမေစုတို့လို ခေါင်းဆောင်တွေ ကြိုးပမ်းတယ် ဆိုတာထက် ပြည်သူတွေရဲ့ထုဆစ်မှုတွေကြောင့် ဒီနေ့ ဖြစ်လာခဲ့ရတာပါ။ ကျွန်တော်တို့အားလုံး ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက်၊ ကျွမ်းကျင်မှုအလိုက် နိုင်ငံအတွက် ပိုပြီး အရည်အသွေး မြှင့်ပေးရမယ်ဆိုတဲ့ အသိ ဝင်လာတယ်။ အားလုံးလည်း ပျော်ရွှင်နေမယ်၊ စိတ်လှုပ်ရှားနေကြမယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံသည် စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ သမ္မတ ဦးသိန်းစိန်လက်ထက်မှ စတင်ကာ ကမ္ဘာပေါ်၌ ဖြစ်ပျက်လေ့ရှိသည့် လူထုအုံကြွမှု၊ မတည်ငြိမ်ဆူပူမှုများဖြင့် ပြောင်းလဲခဲ့ခြင်းမဟုတ်ဘဲ သိမ်မွေ့ညင်သာသော နည်းလမ်းဖြင့် အေးချမ်းစွာ စတင်အသွင်ကူးပြောင်းလာခဲ့ပြီး ယခုအချိန်တွင် ပြည်သူများ လိုလားသည့် အရပ်သားအစိုးရစစ်ဟုပြောနိုင်သည့် အစိုးရတစ်ရပ်ဆီသို့ အောင်မြင်ချောမွေ့စွာဖြင့် အာဏာလွှဲပြောင်းနိုင်ခဲ့ပြီဖြစ်ရာ ဝမ်းမြောက်ကြိုဆို ဂုဏ်ပြုခြင်းဖြင့် ပြည်သူ့ရွေးကောက်ခံကိုယ်စားလှယ်အချို့နှင့် လွှတ်တော်သို့ရောက်ရှိ၍ ကတိကစ္စာခံယူပွဲကို ကိုယ်တိုင်မြင်တွေ့ခွင့်ရသူများ၏ မျှော်လင့်ချက်များကို မေးမြန်းခွင့်ရရှိခဲ့ပါကြောင်း။ ။

ဦးဥာဏ်ဝင်း

ဦးစိုင်းဝမ်းလှိုင်းခမ်း

မစ္စတာ အင်ဒရူးပတ်ထရစ်

အနဂ္ဂ

R ဇာနည်

ကရင်စာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ် မွန်မံသင်တန်းဖွင့်

ဘားအံ မတ် ၃၀

(၄၆)ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်မွန်မံသင်တန်းဖွင့်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာရှေ့ မြက်ခင်းပြင်၌ မတ် ၃၀ ရက်က ကျင်းပသည်။

အဆိုပါ ဆရာဖြစ်မွန်မံသင်တန်းသို့ နေပြည်တော်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သင်တန်းသားသင်တန်းသူ ၈၀၀ ကျော် တက်ရောက်ကြပြီး သင်တန်းတွင်ပိုးကရင်စာပေ၊ စကောကရင် (ပုဒ္ဓဘာသာ)စာပေ၊ စကောကရင်(ခရစ်ယာန်)စာပေနှင့် ယဉ်ကျေးမှုဘာသာရပ်များကို ဆရာဖြစ်မွန်မံသင်ကြားသွားမည်ဖြစ်ကာ သင်တန်းကို ဧပြီ ၁၁ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသား သင်တန်းသူများအနေဖြင့် အဆိုပါသင်တန်းမှ သင်တန်းဆင်းပြီးပါက မိမိတို့သက်ဆိုင်ရာ နေရာဒေသအလိုက်ကွင်းဆင်း၍ကရင်စာပေနှင့်ယဉ်ကျေးမှုသင်တန်းများ ဆင့်ပွားပို့ချသွားကြမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရက ကရင်စာပေနှင့် ယဉ်ကျေးမှုရန်ပုံငွေအတွက် ငွေကျပ်သိန်း ၁၀၀၊ သင်တန်းအတွက် သိန်း ၁၀၀၊ မွန်စာပေနှင့်ယဉ်ကျေးမှုသင်တန်းအတွက် သိန်း ၅၀၊ မွန်စာပေနှင့်ယဉ်ကျေးမှု ရန်ပုံငွေအတွက် သိန်း ၃၀၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုရန်ပုံငွေအတွက် သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၃၃၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၈-၃-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေခြင်းလုပ်ငန်းအတွက် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ လေးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ငါးဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၂ ဦးနှင့် သတင်းအေဂျင်စီအသစ်လျှောက်ထားသူနှစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ စိစစ်ဆဲမဂ္ဂဇင်းလျှောက်ထားသူ တစ်ဦးမှ ပြန်လည်ရုပ်သိမ်းခွင့်လျှောက်ထားခြင်းအားမှတ်တမ်းတင်ထားရှိခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၈၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်တိုး ၉၉၂ ဦးနှင့် အသစ်လျှောက်ထားသူ ၇၆၅ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၃၀ ၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၃၁၁၄ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၀

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၃၀ ရက် (ဆဋ္ဌမနေ့) တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာန၌ စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၃၉၆၈ ပါးအနက် ၉၆၂၆ ပါး ဖြေဆိုကြသဖြင့် ၆၈ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ်ပိတ်ရက် အသိပေးကြေညာ

နေပြည်တော် မတ် ၃၀

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဥပဒေအရ ဧပြီလ ၁ ရက်နေ့သည် ဘဏ်များအားလုံး၏ ပိတ်ရက်ဖြစ်ပါသဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်း၌ပါဝင်သော ရန်ကုန်စတော့အိတ်ချိန်းနှင့် ချေးငွေသက်သေခံလက်မှတ်ကုမ္ပဏီများအားလုံးသည်လည်း ဧပြီ ၁ ရက်တွင် ပိတ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း ဝင်ခွင့် ရေးဖြေစာမေးပွဲကျင်းပ

မြိတ် မတ် ၃၀

အခြေခံပညာကျောင်းများတွင် ဆရာကျောင်းသား အချိုးညီမျှစေရေးအတွက် မူလတန်းပြဆရာ ဆရာမများဖြည့်ဆည်း ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း အမှတ်စဉ် (၃/၁၆) ကို ဖွင့်လှစ်သင်ကြားပို့ချပြီး မူလတန်းပြ ဆရာ ဆရာမများအဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ရာ မတ် ၃၀ ရက် နံနက် ၉ နာရီက မြိတ်မြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲ ကျင်းပကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကျင်းပရာတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အထွေထွေဗဟုသုတဘာသာရပ်ကို လည်းကောင်း စာမေးပွဲစစ်ဆေးခဲ့ရာ မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ရန်ဆန္ဒရှိသူ မြိတ်ခရိုင်စုအတွင်းရှိ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ပုလော၊ ပလောက်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့နယ်တို့မှ ဘွဲ့ရအမျိုးသား ၅၉ ဦးနှင့် ဘွဲ့ရအမျိုးသမီး ၃၃၅ ဦး စုစုပေါင်း ၃၉၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မြိတ်ခရိုင်စုအတွင်းတွင် အမက ၃၇၈ ကျောင်း၊ အမက(ခွဲ) ၁၈၄ ကျောင်း၊ အလက ၂၇ ကျောင်း၊ အလက(ခွဲ) ၇၄ ကျောင်း၊ အထက ၃၆ ကျောင်းနှင့် အထက(ခွဲ) ၃၆ ကျောင်းရှိပြီး အဆိုပါသင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ဖြေဆိုအောင်မြင်သူများသည် ထားဝယ်ပညာရေးကောလိပ်တွင် ယခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ လေးလကြာ ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း အမှတ်စဉ်(၃/၁၆)ကို တက်ရောက်သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက အခြေခံပညာကျောင်းများတွင် မူလတန်းပြဆရာ ဆရာမများအဖြစ် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ရောဝတီမြစ်ရေ ရုတ်တရက် တိုးလာနိုင်

နေပြည်တော် မတ် ၃၀ ဧရာဝတီမြစ်ရေသည် မတ် ၃၀ ရက် ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၇၆ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၁၅ နာရီအတွင်း ခြောက်ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြုံပြုအပ်ပါသည်။ **(မိုး/ဇလ)**

သေဒဏ်ချမှတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအတွက် ဧပြီ ၂၂ ရက်နောက်ဆုံး အယူခံတင်သွင်းရမည်

ကော့စမွေ မတ် ၃၀

ထိုင်းနိုင်ငံ တောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော ကမ္ဘာလှည့်ခရီးသည် David Miller နှင့် Hannah Witheridge တို့ နှစ်ဦးသေဆုံးသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစွပ်စွဲခံ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏ အမှုတွဲအတွက် အယူခံတင်သွင်းရမည့်ရက်ကို ဧပြီ ၂၂ ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ရရှိခဲ့ကြောင်း ဗန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

အဆိုပါ အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး ဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့အပါအဝင် ပုဒ်မခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ရုံးတော်မှ ၄င်းတို့အတွက် တစ်လအတွင်း အယူခံတင်သွင်းနိုင်သည်ဟု သတ်မှတ်ခဲ့သော်လည်း အမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြန်လည်စုဆောင်းရသည့်အတွက် အချိန်လုံလောက်မှုမရှိသောကြောင့် ဗန်ကောက် မြန်မာသံရုံး အထူးစုံစမ်း ရေးကော်မတီအဖွဲ့က ရက်ထပ်မံ တိုးမြှင့်တောင်းခံခဲ့ရာ တရား ရုံးတော်က ဧပြီ ၂၂ ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။

လိပ်ကျွန်း အထူးစုံစမ်းရေးကော်မတီ(၃)မှ တာဝန်ခံ ဦးထူးချစ်က "အစွပ်စွဲခံ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအတွက် ထိုင်းရှေ့နေများကောင်စီကနေ အယူခံကို စနစ်တကျ ကောင်းသည်ထက် ကောင်းအောင် ပြင်ဆင်နိုင်ရန်အတွက် ကျွန်တော်တို့ ပြီးခဲ့တဲ့ မတ် ၂၁ ရက်က ထပ်မံရက်တိုး တောင်းခဲ့ပါတယ်။ ထိုင်းအစိုးရတရားရုံးရဲ့ သဘောတူညီချက်အရ လာမယ့် ဧပြီ ၂၂ ရက်မှာ နောက်ဆုံးအယူခံတင်သွင်းရမှာဖြစ်ပါတယ်။ ဒီတော့ ထိုင်းရှေ့နေများကောင်စီအနေနဲ့ အယူခံတင်သွင်းဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မျိုးရိုးဗီဇ (DNA) နဲ့ပတ်သက်ပြီး အဓိကအယူခံတင်သွင်းရမှာဖြစ်တဲ့အတွက် မျိုးရိုးဗီဇပညာရှင်များထံကနေ အကြံဉာဏ်များရယူလျက်ရှိနေကြပါပြီ။ အခုအချိန်မှာ တရားရုံးတော်က အမိန့်ချပြီးပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံရဲ့ တရားဥပဒေအတိုင်းပဲ လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမြဲတမ်းပြောခဲ့ပါတယ်၊ ဒီကလေးနှစ်ယောက်မှာ အပြစ်မရှိဘူးဆိုတာကိုပေါ့၊ အယူခံနှစ်ဆင့်မှာတော့ ဒီကလေးတွေအနေနဲ့ အများကြီးလျှော့ပေါ့ခံရမယ်လို့ ယုံကြည်ပါတယ်။ ပြီးတော့ ကလေးတွေအတွက် သေဒဏ်တို့နှစ်ရှည်ထောင်ဒဏ်တို့တော့ မကျဘူးလို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီအဖွဲ့အနေနဲ့ ကလေးတွေအဆင်ပြေဆုံး ဖြစ်အောင်တော့ ဝိုင်းပြီး ကြိုးစားသွားကြမှာပါ" ဟု ဆက်သွယ်ပြောကြားသည်။

(စိုးဝင်း-SP)

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်(CNG) များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရေနံဓာတ်ငွေ့အရောင်းဆိုင်များ သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့်နေ့ရက်များ

စဉ်	စက်သုံးဆီအရောင်းဆိုင်	ဖွင့်လှစ်ရောင်းချမည့်ရက်
၁။	ရေနံဓာတ်ငွေ့အရောင်းဆိုင်များ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး)	၁၁-၄-၂၀၁၆ ၁၂-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၁၉-၄-၂၀၁၆ ၂၀-၄-၂၀၁၆
၂။	စက်သုံးဆီအရောင်းဆိုင်များ (၀၃၅၄)နေပြည်တော်	၁၁-၄-၂၀၁၆ ၁၂-၄-၂၀၁၆ ၁၃-၄-၂၀၁၆ ၁၄-၄-၂၀၁၆ ၁၇-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၁၉-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။
၃။	စက်သုံးဆီအရောင်းဆိုင်များ (၀၂၄၇)ရန်ကုန်၊ (၀၂၅၄) ရန်ကုန်၊ (၀၂၇၅)ရန်ကုန်	၁၂-၄-၂၀၁၆ ၁၄-၄-၂၀၁၆ ၁၆-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။
၄။	စက်သုံးဆီအရောင်းဆိုင်များ (၀၆၁၁)မန္တလေး၊ (၀၆၁၄)မန္တလေး	၁၁-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၁၉-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။

မြန်မာ့ရုပ်မြင်သံကြား
News Channel

၃၁-၃-၂၀၁၆(ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၃၅ - အနုပညာသတင်းအစီအစဉ်
၈း၃၅ - မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
၉း၄၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၉း၅၅ - ASEAN Sport Light (SME Development)
၁၀း၃၅ - အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ်
၁၄း၃၅ - နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့်မြန်မာ့အသံခေတ် ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ်

ညပိုင်း

၁၅ : ၃၅ - **ပကတိအတိုင်း**
၁၆ : ၃၅ - Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၁၇ : ၁၅ - Weekly Sport Info
၁၈ : ၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၃၄)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀ : ၃၅ - **လှော်ကားသဘာဝ ဥယျာဉ်**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၂၄)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၁)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မင်းဘူးမြို့၌ ကုန်တင်ကားအမိုးကိုင်းနှင့် လျှပ်စစ်မီးကြိုးပွတ်တိုက်မိ၍ မီးလောင်မှုဖြစ်ပွား

မင်းဘူး မတ် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်တွင် မတ် ၃၀ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က ကုန်တင်ကားတစ်စီး ရပ်ကွက်အတွင်း သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးနှင့်ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမြို့မှ စစ်တွေမြို့သို့ထွက်ခွာမည့် မင်းဘူးမြို့ အမှတ်(၄)နယ်မြေ မကျီးချောင်းရပ်ကွက်နေ ယာဉ်မောင်း ကိုအောင်(ခ) ဖိုးအောင်(၃၇ နှစ်) မောင်းနှင်သော ယာဉ်အမှတ် 3B/---- ကုန်တင်ယာဉ်သည် မတ် ၃၀ ရက် ညနေ ၄ နာရီတွင် နေအိမ်မှ မောင်းနှင်ထွက်ခွာရာ ရပ်ကွက်အတွင်း သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးနှင့် ကားအမိုးကိုင်းတို့ပွတ်တိုက်မိပြီး ကားပေါ်ရှိ ကုန်ပစ္စည်းများပေါ်သို့ မီးပွားများ လွှင့်စဉ်ကာ မီးစတင်လောင်ကျွမ်းခဲ့သည်။

အခင်းဖြစ်နေရာသို့ မင်းဘူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ယာဉ်မောင်း ကိုအောင်(ခ)ဖိုးအောင် အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

ရထားပေါ်မှတွေ့ရှိသည့် ရွှေထည်ပစ္စည်းများနှင့် ပိုက်ဆံအိတ် ရထားရဲတပ်ဖွဲ့ဝင်များက ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

နေပြည်တော် မတ် ၃၀

အမှတ်(၆၁)အဆန် ရန်ကုန်-ပခုက္ကူရထားဦး မတ် ၂၉ ရက် နံနက် ၁၁ နာရီခွဲက ရထားလုံခြုံရေး လိုက်ပါဆောင်ရွက်သည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲ တပ်စု(၃)(ပုဂံ)မှ တပ်ဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ထင်းတန်းလမ်းဘူတာမှ ရထားထွက်ခွာစဉ် တွဲလျှောက်စစ်ဆေးရာ ဒုတိယတန်းတွဲအမှတ်(၁) ခုံအမှတ်(၄၁/၄၂) အရောက် ပိုက်ဆံအိတ်တစ်လုံးကို ပိုင်ရှင်မဲ့တွေ့ရှိ၍စစ်ဆေးရာ အိတ်အတွင်းမှ အလေးချိန်သုံးပဲ တစ်ရွေးသားခန့် ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် လေးပဲတစ်ရွေးသားခန့် ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် တစ်ပဲလေးရွေးသားခန့် မောင်းကွင်းလက်စွပ်တစ်ကွင်းနှင့် ငွေစက္ကူ ရောရာ ၁၉၀၀၀၀ တို့တွေ့သဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါရထား ပခုက္ကူဘူတာသို့ဆိုက်ရောက်စဉ် တပ်စု(၃) (ပုဂံ)မှ တပ်ဖွဲ့ဝင်များက ပိုင်ရှင်မဲ့တွေ့ရှိထားသည့် ပိုက်ဆံအိတ်ကို အမှတ်(၁၆) တပ်ခွဲ ပခုက္ကူရထားရဲစခန်းမှူးထံအပ်နှံစဉ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဝေဠုဝန်(တောင်) ရပ်ကွက်နေ ဦးတင်မောင်ဆွေ ရောက်ရှိလာကာ ၎င်းသည် အမှတ်(၆၁)အဆန် ရန်ကုန်-ပခုက္ကူရထားဖြင့် ရန်ကုန်ဘူတာကြီးမှစတင်လိုက်ပါလာပြီး ထင်းတန်းလမ်းဘူတာအရောက် ရထားပေါ်မှဆင်းစဉ် ပိုက်ဆံအိတ်မေ့ကျန်ခဲ့သဖြင့် လာရောက်အကြောင်းကြားခြင်းဖြစ်ကြောင်း သိရသဖြင့် ပခုက္ကူရထားရဲစခန်းမှူးက တာဝန်ရှိသူများနှင့်အတူ စိစစ်၍ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဦးတင်မောင်ဆွေထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ ဘူတာရုံအနီး ရထားကြိတ်မိ၍ လူတစ်ဦးသေဆုံး

ဂန့်ဂေါ မတ် ၃၀

ဂန့်ဂေါ- ဟံသာဝတီ ရထားလမ်းပိုင်း ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ ဘူတာရုံအနီး မတ် ၂၉ ရက်က ရထားသံလမ်းပေါ်တွင် လမ်းဖြတ်ကူးသူတစ်ဦး ရထားကြိတ်မိသဖြင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉ နာရီ ၅၅ မိနစ်က ရထားလမ်းမိုင်တိုင်အမှတ် ၆၆၄ အနီး ဟံသာဝတီမှ ဂန့်ဂေါသို့ပြေးဆွဲသည့် အစုန်ရထား အမှတ် ၁၄၀ သည် လမ်းဖြတ်ကူးသူ နှမ်းခါးကျေးရွာနေ ဦးသန်းငွေ (၅၆ နှစ်) အား ရထားကြိတ်မိ၍ ၎င်းမှာ ဒဏ်ရာများဖြင့် သေဆုံးသွားသဖြင့် ၎င်းကို ကန်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၁၀၁)**

သောက်ရေအိုးအတွင်း လယ်ယာသုံးပိုးသတ်ဆေးခတ်သူအား အမှုဖွင့်

စလင်း မတ် ၃၀

စလင်းမြို့နယ် မြောက်ဇီးကုန်းကျေးရွာနေ အမျိုးသမီးတစ်ဦးက ၎င်း၏ခွေးမဖြစ်သူအား နေအိမ်ရှိ သောက်ရေအိုးအတွင်း လယ်ယာသုံးပိုးသတ်ဆေးခတ်ခဲ့မှုနှင့်ပတ်သက်၍ မတ် ၂၉ ရက်က အမှုဖွင့် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်အေးနီ (၄၆ နှစ်) မြောက်ဇီးကုန်းကျေးရွာ စလင်းမြို့နယ်နေသူသည် မတ် ၂၉ ရက် နံနက် ၉ နာရီက ယာခင်းမှနေအိမ်သို့ပြန်ရောက်စဉ် သားဖြစ်သူ ကျော်ဇင်ဝင်း (ခုနစ်နှစ်)သည် နေအိမ်ရှိသောက်ရေအိုးမှ ရေသောက်ပြီး ၎င်းမိခင်အား အနှံ့နံကြောင်းပြော၍ ဒေါ်အေးနီက သောက်ရေအိုးအတွင်း စစ်ဆေးရာ အမြှုပ်များ ထလာသဖြင့် အိမ်နီးချင်းများအားပြသ၍ မေးမြန်းကြည့်ရာ နံနက်ပိုင်းက သောက်ရေအိုးအနီး ဒေါ်အေးနီ၏ ခွေးမဖြစ်သူ မရွှေလင်း (၂၉ နှစ်) လာရောက်ခဲ့ကြောင်း ပြောပြ၍ သိရသည်။ အဆိုပါရေများသောက်မိ၍ မူးဝေအော့အန်သော ဒေါ်အေးနီ၏ခင်ပွန်း ဦးသိန်းဦးနှင့် သားဖြစ်သူ ကျော်ဇင်ဝင်းတို့ကို ဆင်ဖြူကျွန်းတိုက်နယ် ဆေးရုံသို့ပို့အပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မရွှေလင်းအား စလင်းမြို့နယ် ဆင်ဖြူကျွန်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

အောင်လံမြို့နယ်၌ နွားလှည်းနှင့် မှန်လုံယာဉ် မျက်နှာချင်းဆိုင်တိုက်၊ လူတစ်ဦးနှင့် နွားတစ်ကောင်သေ

အောင်လံ မတ် ၃၀

အောင်လံမြို့နယ် ပြည်-အောင်လံခရိုင်ချင်းဆက်လမ်းဟိုင်းကြီးဒိုးကျေးရွာအနီးတွင် မတ် ၂၉ ရက် မွန်းလွဲပိုင်းက မှန်လုံယာဉ်နှင့် နွားလှည်းတို့ မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦးနှင့် နွားတစ်ကောင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက အောင်လံမြို့နယ် ဟိုင်းကြီးဒိုးကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေပန်းတောနယ်မြေ ရဲစခန်းမှ ရဲအုပ်မြသန်း သွားရောက်စစ်ဆေးခဲ့ရာ ပြည်-အောင်လံ ခရိုင်ချင်းဆက်ကားလမ်းအတိုင်း အောင်လံမြို့မှ ရွှေပန်းတောကျေးရွာဘက်သို့ ကိုကိုထွန်း(ခ)အောင်ပု (၂၂ နှစ်) ရွှေပန်းတောကျေးရွာ အောင်လံမြို့နယ်နေသူ မောင်းနှင်လာသည့် ၃ခ/---- ဟွန်ဒိုင်း ခရီးသည်တင်မှန်လုံယာဉ်နှင့် တောထဲမှ ဟိုင်းကြီးဒိုးကျေးရွာသို့ မြင့်ထွန်းနိုင် (၃၁ နှစ်) အောင်လံမြို့နယ်နေသူ မောင်းနှင်လာသော နွားလှည်းတို့ ဟိုင်းကြီးဒိုးကျေးရွာအနီး မကျီးစင်တံတားအရောက်တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မြင့်ထွန်းနိုင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရွှေပန်းတော တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ပြီး နွားလှည်းမှ တစ်ကောင် သေဆုံးခဲ့ကာ နွားတစ်ကောင် ခြေကျိုးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ကိုကိုထွန်း(ခ)အောင်ပုအား အရေးယူပေးရန် ရဲအုပ်မြသန်းက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/၈လ)**

သောက်သုံးရောက်ခဲ့သောဒေသသို့ စက်ရေတွင်းနှင့် ရေလှောင်ကန်လှူဒါန်း

တောင်ကြီး မတ် ၃၀

သောက်သုံးရေ အခက်အခဲဖြစ်နေသော တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်အတွင်း ပြည်သူများသုံးစွဲရန် အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ရေပိုက်လိုင်းများ လှူဒါန်းဆက်သွယ်ပေးလျက်ရှိသည်။

အဆိုပါရပ်ကွက်ရှိ နဂါးပွက်ပရိယတ္တိစာသင်တိုက်တွင် ဖောင်ဒေးရှင်းမှလှူဒါန်းထားသော စက်ရေတွင်းနှင့် ရေဂါလန် ၁၅၀၀၀ ဆံ့ ရေလှောင်ကန်မှတစ်ဆင့် ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် ပြည်သူ ၉၀၀၀ ခန့် သုံးစွဲရန် သန့်ရှင်းသောသောက်သုံးရေများကို နှစ်လက်မပိုက် ပေ ၇၆၀၀ ဖြင့် ရေတိုင် ၂၁ တိုင် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိပြီး ရေဂါလန် ၁၂၀၀၀ ဆံ့ ရေလှောင်ကန်မှတစ်ဆင့် ပြည်သူ ဆေးရုံသို့ လည်းကောင်း၊ ဒေသခံများအား ၂၄ နာရီပတ်လုံး သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းနေပြီး အောင်ပန်းမြို့လယ် မင်္ဂလာကန်အနီးမှ စက်ရေတွင်းသို့ လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သောက်သုံးရေပြတ်လပ်သောကျေးရွာ၌ မြေအောက်ရေတူးဖော်

တွံတေး မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လက်ပံဂွကျေးရွာအုပ်စု စက်ကလေးကျေးရွာတွင် အယ်နီညိုရာသီဥတုကြောင့် နွေရာသီ သောက်သုံးရေ ပြတ်လပ်မှုရှိသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးလျက်ရှိသည်။ မတ် ၂၉ ရက်မှစတင်၍ အလှူရှင်က လှူဒါန်းသောသုံးရေရရှိစေရန်အတွက် မြေအောက်ရေအဝီစိတွင်းများ စတင်တူးဖော်ပေးလျက်ရှိ ကြောင်း သိရသည်။

အဆိုပါ လက်ပံဂွကျေးရွာအုပ်စုတွင် ကျေးရွာခွဲခြောက်ရွာရှိပြီး လက်ပံဂွကျေးရွာတွင် အိမ်ခြေ ၁၇၀ လူဦးရေ ၆၅၆ ဦးတွင် သောက်သုံးရေကန်ငါးကန်၊ သာစည်တွင် အိမ်ခြေ ၂၂၃ အိမ် လူဦးရေ ၉၅၇ ဦးတွင် ရေကန်ငါးကန်၊ စက်ဆန်းတွင် အိမ်ခြေ ၁၆၄အိမ် လူဦးရေ ၆၃၄ဦး ရေကန်တစ်ကန်၊ ပုသိမ်တွင်အိမ်ခြေ ၁၂၂အိမ် လူဦးရေ ၅၀၅ ဦး ရေကန်တစ်ကန်၊ ကံလှတွင် အိမ်ခြေ ၉၇ အိမ် လူဦးရေ ၄၁၁ ဦး ရေကန်နှစ်ကန်၊ စက်ကလေးတွင် အိမ်ခြေ ၈၅ အိမ် လူဦး ရေ ၃၅၁ ဦး ရေကန်တစ်ကန် ရှိပြီး တွံတေးမြို့နယ်၌ ပထမဦးဆုံးရေပြတ်လပ်သော စက်ကလေးကျေးရွာတွင် အဝီစိအလှူရှင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေကိုမိသားစုမှ ရေတိမ်အဝီစိတွင်းငါးတွင်း စုစုပေါင်းငွေကျပ် ၁၀ သိန်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ခန်းမနှင့်မီးသတ်ယာဉ်များ လှူဒါန်း

မူဆယ် မတ် ၃၀

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ဟိုမွန်ရပ်ကွက်အတွင်း အမှတ်(၄) မောက်ကိုဆွဲ့လူထုရိပ်သာခန်းမ ဖွင့်လှစ်လွှဲပြောင်းပေးအပ်နှံခြင်း အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပသည်။ အဆိုပါ အမှတ်(၃) မောက်ကိုဆွဲ့လူထုရိပ်သာ (စုပေါင်းခန်းမ)နှင့် အမက(၄) မူလွန်ကျောင်း 'မောပ်ရောင်နီ' ကျောင်းဆောင်သစ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆက်လက်၍ ဦးစိုင်းလေးဝင်+ဒေါ်နန်းသန်းသန်းအေးတို့က မီးသတ်ယာဉ်အားလည်းကောင်း၊ ကမ္ဘာကျော် Company Ltd.နှင့် မေတ္တာမွန်လူမှုရေးအသင်းတို့က သာရေး၊ နာရေးအတွက် အသုံးပြုရန် ယာဉ်တစ်စီးအားလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ပျဉ်းမနား မတ် ၃၀

၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ တိုင်းအဆင့်အခမ်းအနားကို မတ် ၂၈ ရက်နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော် ကျန်းမာရေးတာဝန်ခံပါမောက္ခ ဒေါက်တာ ပိုင်စိုးတက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်၏ တီဘီရောဂါဖြစ်ပွားမှုအခြေအနေနှင့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ မြို့နယ်များမှ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသော မြို့နယ်များနှင့် ထူးချွန်ဆုရရှိသူများကို ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် ပြသထားသောပြခန်းကိုတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်မှာ "Unite To End TB" တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရူပဗေဒ)**

အခွန်ကျေးရွာသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေ

မုဒုံ မတ် ၃၀

မော်လမြိုင်ခရိုင် မုဒုံမြို့နယ် အခွန်ကျေးရွာ၌ ရေရှားပါးပြတ်လပ်ခြင်းကြုံတွေ့ပြီး ဒေသခံပြည်သူများအတွက် သောက်သုံးရေလုံလောက်မှုမရှိခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်၍ နာရေးကူညီမှုအသင်း မေတ္တာကာရီအဖွဲ့တို့နှင့် ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် လည်းကောင်း၊ မေတ္တာကာရီအဖွဲ့မှ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်လည်းကောင်း သောက်ရေအခက်အခဲဖြစ်နေသည့် အခွန်ကျေးရွာသို့ မတ် ၂၉ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အခွန်ကျေးရွာတွင် အိမ်ခြေ ၁၁၀ ရှိပြီး လူဦးရေ ၈၅၀ ကျော်တို့အား သောက်သုံးရေအခမဲ့ဖြန့်ဝေပေးသည့်အတွက် နေအိမ်များတွင် ရှိသမျှ ရေပုံးများကို စုစည်းကာ သောက်သုံးရေစုဆောင်းထားရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မုဒုံမောင်မောင်**

အိုးပေါက်အုပ်စု ဘူတာကျေးရွာ မီးဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့

တောင်တွင်းကြီး မတ် ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အိုးပေါက်အုပ်စု ဘူတာကျေးရွာ မီးဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့လှူဒါန်းပွဲကို မတ် ၂၉ ရက်က ယာယီမီးဘေးကယ်ဆယ်ရေးစခန်း၌ကျင်းပရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ထောက်ပံ့သည့် ပစ္စည်းကိုးမျိုးကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာရဲနန္ဒ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်နှင့်တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စု ၂၂ စုအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၈၅)**

ကျိုင်းလပ်မြို့၌ သောက်သုံးရေခက်ခဲလျက်ရှိ

ကျိုင်းလပ် မတ် ၃၀

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းလပ်ဒေသတွင် မြို့ရေပေးရေးလုပ်ငန်းအဖြစ် မြို့၏အနောက်မြောက်ဘက်ရှိ နမ့်ဖောင်ချောင်းမှ ရေအရင်းအမြစ်ခံကာ ဆောင်ရွက်ထားရှိသည့် ရေတာတမံနှင့် ချောင်းဘေးတစ်လျှောက်သွယ်တန်း ဆောင်ရွက်ထားသော PVC ပိုက် စုစုပေါင်းအလုံးရေ ၁၄၀၀ မှာ ကမ်းပါးပြိုတိုက်စားကာ ပျက်စီးသွားသဖြင့် လက်ရှိအခြေအနေတွင် သောက်သုံးရေခက်ခဲလျက်ရှိကြောင်း ဒေသခံများ ပြောပြချက်အရ သိရသည်။

ကျိုင်းလပ်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံးခွဲ၏ ၂၀၁၅-၂၀၁၆ ဝင်ငွေလျာထားချက်မှာ ၇၅ သိန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခန့်မှန်းဝင်ငွေလျာထားချက်မှာ ၁၁၄ သိန်းဖြစ်ပြီး၊ မြို့သာယာလှပရေးလုပ်ငန်းအတွက် ၁၁ ဒသမ ၄ သိန်း၊ ဝန်ထမ်းလစာ အသုံးစရိတ် ၆၁ ဒသမ ၀၈ သိန်းနှင့် အခြားသာမန် အသုံးစရိတ်မှာ ၂၁ ဒသမ ၅ သိန်းတို့ကိုသာ လောက်ငအောင်ချင့်ချိန်လျာထားနိုင်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခွဲ၏ ဝင်ငွေဖြင့် ငွေလုံးငွေရင်းလုပ်ငန်းပင်လျှင်ထည့်သွင်းရေးဆွဲ နိုင်ခြင်းမရှိသည့်အပြင် ဝင်ငွေနည်းပါးမှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် ရေတာတမံနှင့် ချောင်းဘေးတစ်လျှောက်သွယ်တန်း ဆောင်ရွက်ထားသော ပိုက်များ ပြုပြင်ခြင်းလုပ်ငန်းအား ထည့်သွင်းရေးဆွဲနိုင်သည့် အနေအထားမရှိခြင်းကြောင့် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုင်းလပ်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံးခွဲ၏ တာဝန်ရှိသူထံမှ သိရသည်။

ကျိုင်းလပ်ဒေသတွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ကျိုင်းလပ်မြို့ပေါ် အမှတ်(၁) ရပ်ကွက်တွင် အိမ်ခြေ ၂၄၃ လုံး၊ ဌာနဆိုင်ရာများ အသုံးပြုလျက်ရှိသည့် မြို့ရေပေးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ထားသည့် ရေတာတမံနှင့်ချောင်းဘေးသွယ်တန်းထားသောပိုက်များ ချောင်းကမ်းပါးပြိုတိုက်စားကာပျက်စီးသွားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ဖြူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

ဖြူး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဝင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နေ့ညလှည့်ကင်းများဖြင့် ဆောင်ရွက်ရှိခြင်း၊ ဖြူးမြို့ပေါ်ရပ်ကွက်များအတွင်း ရှိမီးသတ်ရေလှောင်ကန် ၂၃ ကန်နှင့် အမြင့်တင်ရေစင်တစ်ခုတို့အားရေများမပြတ် ဖြည့်တင်းပေးလျက်ရှိခြင်းနှင့် အချိန်ပြည့်မီးသတိမူရေးအတွက် နှစ်ရက်ခြားမီးသတ်ယာဉ်ဖြင့် လှည့်လည်သတိပေးခြင်းတို့အပြင် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများနှင့် လောင်စာဆီအရောင်းဆိုင်များအားအခါ အားလျော်စွာစစ်ဆေးသတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

မောင်အာကာကျော် (၁၂/ဗဟန (နိုင်) ၀၉၇၀၅၃) အသက် (၂၇) နစ် (၁၁) ဦးမြင့်အောင် နှင့်ပတ်သက်၍မည်သည့် ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းသက်ဆိုင်သူများနှင့် အများသိစေရန် ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် (၃၄) နေ ဦးမြင့်အောင် (၁၄/မအပ (နိုင်) ၀၀၉၄၁၃) နှင့် ဒေါ်ခင်ဝင်း (၁၄/မအပ (နိုင်) ၀၀၉၄၁၄) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေငြာအပ်သည်မှာ-

မောင်အာကာကျော်သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးမြင့်အောင်၊ ဒေါ်ခင်ဝင်းတို့၏ သားဖြစ်ကြောင်း၊ မောင်အာကာကျော် သည် မိဘများ၏ ပြောဆိုညွှန်သင်ဆုံးမမှုကိစ္စအဝဝကို နာခံခြင်းအလျဉ်းမရိုက် မိမိသဘောဆန္ဒအရ အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေသူဖြစ်ကြောင်း၊ မောင်အာကာကျော် နှင့် ပတ်သက်၍ မိဘများအနေဖြင့် နေ့စဉ်နှင့်အမျှ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများဖြင့် ကြုတွေ့ခံစားနေရသည့်အပြင် မောင်အာကာကျော်၏ သဘောဆန္ဒဖြင့် ဆောင်ရွက်ခဲ့ရသည့် ကိစ္စများကိုလည်း ဖြေရှင်းဆောင်ရွက်နေရသည့်အတွက် ဤ ကြော်ငြာပါရှိသည့်နေ့မှစ၍ မောင်အာကာကျော် နှင့် ပတ်သက်သော မည်သည့်ကိစ္စများကိုမျှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေငြာအပ်ပါသည်။

(မှတ်ချက် - မောင်အာကာကျော်နှင့်ပတ်သက်၍ သိရှိလိုပါက ညွှန်ကြားချက်ရရှိထားသူ ရှေ့နေများထံသာ မေးမြန်းစုံစမ်းရန်။)

ညွှန်ကြားချက်အရ

ဦးချစ်ကိုကို (စဉ် - ၂၈၀၃)
LL.B, H.G.P., Dip in Business Law
Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

ဦးသန်းငှေး (စဉ် - ၃၈၅၁)
LL.B, D.L.101, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် ဥပဒေဆိုင်ရာအကြံပေး

ဦးအောင်မြင့်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ် - ၇၄၇၁)

ဦးရာဇာဝင်း (LL.B)
အထက်တန်းရှေ့နေ
(စဉ် - ၃၉၆၀၃)

ဦးအောင်ပြည့်ဖြိုးလွင် LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ
(စဉ်- ၃၉၂၆၇)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၂၅၂၉၂၄

ဆိုင်ကယ်ခိုးယူသူများအား ခိုးရာပါဆိုင်ကယ်များနှင့်အတူဖမ်းဆီးရမိ

ကော့ကရိတ် မတ် ၃၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် သကြိန်ကာလ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဆိုင်ကယ်ခိုးယူသူနှစ်ဦးနှင့် ခိုးရာပါဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

ကော့ကရိတ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁) ရဲပက္ခတ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် မတ် ၂၉ ရက်က မဟာသင်္ကြန်ကာလအတွင်း ခိုးဆိုးလုယက်မှု၊ ယာဉ်တိုက်မှုတို့မဖြစ်ပွားရေး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ် လူနှစ်ဦးကို တွေ့ရှိ၍ ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူများမှာ ထွန်းလင်း(ခ)ဝက်ကြီး(၁၉နှစ်) ဧရာဝတီတိုင်းဒေသကြီးနှင့် ရာဇာ(ခ) အသေးလေး(၂၃ နှစ်) ကော့ကရိတ်မြို့နေသူတို့ဖြစ်ပြီး ၎င်းတို့အား စစ်ဆေးရာ ခိုးရာပါပစ္စည်းများအား လက်ခံရောင်းချပေးနေသော သယ်နှံညီနောင်မြို့နေ ဦးဇော်ဝင်းအား ဆိုင်ကယ်ခြောက်စီးနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဦးဇော်ဝင်းမှာ ခိုးရာပါပစ္စည်းများအား လက်ခံကာ ပုံဖျက်ခြင်း၊ ရုပ်ပြောင်းခြင်းပြုလုပ်ပြီး ရောင်းချပေးနေသော ဆိုင်ကယ်မှာ အစီးရေ ၅၀ ကျော် ရှိနေပြီးဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများအား ကော့ကရိတ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကျောက်တံခါး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၇၇/၄) နှင့် (၇၇/၅) အကြားတွင် ရန်ကုန်-မန္တလေး မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းအောင်စိုးသူ (၂၅နှစ်)ဘောဂသိဒ္ဓိရပ်ကွက် နေပြည်တော်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် 5C/----မတ်တူးယာဉ်သည် အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ်မှ တစ်ဆင့် တစ်ဖက်ယာဉ်ကျော်ဘက်သို့ရောက်ရှိကာ ပက်လက်လန်တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးနှင့် ယာဉ်မောင်းတို့မှာ ဒဏ်ရာရရှိခြင်း မရှိသော်လည်း ယာဉ်အမိုးပိုင်းနှင့် ရှေ့မီးသီးများ ပျက်စီးခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်စိုးသူအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

တရားမဝင် အင်္သမ် ၇၁ လုံး၊ တမလန်းကျွန်းသစ် ကျွန်းခွဲသား အင်္ဂါခွဲသားများနှင့်အတူ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ပင်လည်ဘူး မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး တင်မိုး ဦးစီးအဖွဲ့သည် မတ် ၂၈ ရက် မွန်းလွဲပိုင်းက ကပ္ပန္တာကျေးရွာနှင့် မီးလောင်ကုန်းကျေးရွာအကြား သစ်စက်ဟောင်းနေရာအနီးတွင် အင်သစ် ၇၁ လုံး ၂၃ဒသမ၂၂၂ တန် (တန်ဖိုးငွေကျပ် ၉၂၈၈၀၀)၊ အင်သစ်ခွဲသား ၁၅၅ ချောင်း ၁ ဒသမ ၇၄၃၆ တန် (တန်ဖိုး ၁၃၉၄၈၈ ကျပ်)၊ ကျွန်းသစ်တစ်လုံး ၀ ဒသမ ၅၁၆ တန် (တန်ဖိုးငွေကျပ် ၆၃၂၅၀)၊ ကျွန်းခွဲသား ၂၉ ချောင်း ၀ ဒသမ ၂၇၉၈ တန် (တန်ဖိုးငွေကျပ် ၆၉၉၅၀) တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါယူးပေါင်းအဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက နမော်ပင်ကျေးရွာ အနောက်ဘက်တစ်မိုင်ခန့်အကွာ သစ်ဖြတ်လွှ ချိန်းဆောသံကြားခဲ့ရသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ ချိန်းဆောဖြတ်သူမှာ ထွက်ပြေးသွားခဲ့ပြီး အဆိုပါနေရာတွင် တရားမဝင် တမလန်းသစ်များရွေတုံးဆိုဒ်စုံ ၁၁ တုံး ၁ ဒသမ ၁၂၁ တန် (တန်ဖိုးကျပ် ၂၈၀၃၀၀)၊ ဆိုင်ကယ်တစ်စီးနှင့် ချိန်းဆောတစ်ခုတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင် တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် သစ်များ၊ ချိန်းဆောတစ်ခုနှင့် ဆိုင်ကယ်တစ်စီးတို့အား ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် နန္ဒအောင်ထံ လွှဲပြောင်းပေးအပ်ထားရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသူများအား ဖမ်းဆီးရမိ

ပခုက္ကူ မတ် ၃၀

ပခုက္ကူမြို့ မြို့သစ်ရပ်ကွက် ချယ်ရီလမ်းရှိ စားသောက်ဆိုင်တွင် စိတ်ကြွရူးသွပ်ဆေးပြားအရောင်းအဝယ်ပြုလုပ်သူများအား မတ် ၂၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့သည် မတ် ၂၈ ရက် ည ၈ နာရီ ၁၅ မိနစ်က ကျော်ကြီး(ခ)ကျော်ဇင်ထွန်း(၂၄နှစ်) အမှတ်(၁၁) ရပ်ကွက် ပခုက္ကူမြို့နေသူနှင့် ပိုင်ဖြိုးလွင် (၁၈ နှစ်) အမှတ်(၁၁)ရပ်ကွက် ပခုက္ကူမြို့နေသူတို့အား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

၎င်းတို့၏ထွက်ဆိုအချက်အရ ပြာလောင်(ခ)ဌေးမင်းလှိုင် (၄၀နှစ်) အမှတ်(၆)ရပ်ကွက် ပခုက္ကူမြို့နေသူပါ မူးယစ်ဆေးဝါးရောင်းချရာတွင် ပါဝင်ကြောင်း သိရှိရ၍ သွားရောက်ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးပြား ၂၀၀၊ ငွေစက္ကူရောရောငွေကျပ် ၁၁၉၈၀၀၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ဆိုင်ကယ်သုံးစီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ကျော်ကြီး(ခ)ကျော်ဇင်ထွန်းပါ သုံးဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

အင်းတော်မြို့နယ်တွင် ဆိုင်ကယ်တိုက်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးသေဆုံး

အင်းတော် မတ် ၃၀ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာအနီး၌ ဆိုင်ကယ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၂၉ ရက် ညနေ ၆ နာရီခန့်က ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၁၈/၉) နှင့် (၁၁၉/၀)အကြားတွင် ဟန်မင်းထွန်း မောင်းနှင်ပြီး နောက်မှ သန်းထိုက်မိုးလိုက်ပါလာသည့် ဆိုင်ကယ်သည် ကားလမ်းကိုဖြတ်ကူးနေသူ ဒေါ်မွေးနီအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ဒဏ်ရာများရရှိပြီး အင်းတော်မြို့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ ယာဉ်ပေါ့ဆစွာ မောင်းနှင်သူ ဟန်မင်းထွန်း (၂၃ နှစ်) ဥတုံးပင်ကျေးရွာ ကောလင်းမြို့နယ်နေသူအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ကော့ကရိတ်-မြဝတီအာရှလမ်းမကြီး တစ်မိုင်ကုန်းအနီးတွင် ယာဉ်တစ်စီးမီးလောင်

ကော့ကရိတ် မတ် ၃၀ ကရင်ပြည်နယ် ကော့ကရိတ်-မြဝတီအာရှလမ်းမကြီး တစ်မိုင်ကုန်းအနီး၌ မတ် ၃၀ ညနေ ၃ နာရီ ၂၅ မိနစ်က ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အာရှလမ်းမကြီး တစ်မိုင်ကုန်းလမ်းအနီး ယာဉ်တစ်စီးမီးလောင်ကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်အမှတ် ၉၈/----ဟွန်ဒါဖစ်ယာဉ်သည် မြဝတီမှ ကော့ကရိတ်ဘက်သို့ မောင်းနှင်လာစဉ် အာရှလမ်းမကြီး တစ်မိုင်ကုန်းအနီး ကီလိုမီတာ ၁၃၈/၁၃၉ ကြားတွင် ယာဉ်မှာဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးကိုပိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း မီးလောင်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးထက်အောင် (ကော့ကရိတ်)

အစုရှင်များသိရှိစေရန်ကြေညာခြင်း

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို ၂၇-၄-၁၉၉၀ ရက်နေ့တွင် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး "က" အစုရှယ်ယာရှင်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံး တို့မှထည့်ဝင်ပြီး "ခ" အစုရှယ်ယာရှင်များတွင် စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းများ၊ တပ်ရင်း/တပ်ဖွဲ့များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့များမှ ထည့်ဝင်ခဲ့ကြပါသည်။

ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့နှင့် အစုရှင်များ၏ သဘောတူညီချက်အရ "က" အစုရှင်၏အစုရှယ်ယာများကို "ခ" အစုရှင်သို့ လွှဲပြောင်းခွင့်နှင့် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖွဲ့စည်းထားသော အထူးကုမ္ပဏီအဖြစ်မှ ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖွဲ့စည်းထားသော အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ပြောင်းလဲခွင့်ကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့တင်ပြခဲ့ရာ ဝန်ကြီးဌာနက ၃၀-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၁၆ ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanma Economic Holdings Limited) အား ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းထားသောကုမ္ပဏီအဖြစ်မှ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲခွင့်ပြုခဲ့ပါသည်။

သို့ဖြစ်ပါ၍ "က" အစုရှယ်ယာများအား "ခ"အစုရှယ်ယာအဖြစ် လွှဲပြောင်းပြီးစီးကြောင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်ကို ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကုမ္ပဏီမှ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ပြောင်းလဲရပ်တည်ပြီး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်

CKM
(Cupid Kids Montessori)

တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်တွင် မကြာမီဖွင့်လှစ်တော့မည့်အဆင့်မြင့် မူကြိုကျောင်းအတွက်အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

(၁) ဆရာမ ၅ဦး
လုပ်ငန်းအတွေ့အကြုံ ကောင်းစွာရှိပြီး အင်္ဂလိပ်စကားပြောဆိုနိုင်သူ ဖြစ်ရမည်။

(၂) အကူဆရာမ ၃ဦး

(၃) အထွေထွေ/သန့်ရှင်းရေး ၁ဦး
(အမျိုးသမီး)

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်းချုပ်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ ၄စံပုံတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့် zirano.latt@gmail.com သို့လည်းကောင်းပေးပို့လျှောက်ထားနိုင်ပါသည်။

တိုက်၂၁၊ အခန်း(၂၀)၊ ရန်နိုင်လမ်းသွယ်(၇)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
ဖုန်း-၀၉-၄၂၀၁၃၆၆၄၅၊ ၀၉-၇၃၁၀၈၉၀၆

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6G/9329၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

သွေးသည် အသက်

ပြန်လည်ကျင်းပမည့် MNL ပြိုင်ပွဲတွင် ရတနာပုံနှင့် ရန်ကုန်ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် မတ် ၃၀

မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ခေတ္တရပ်နားထားသည့် ၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ဧပြီ ၂ ရက်တွင်ပြန်လည်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် ဗဟားထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၁၁) ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်အဖြစ် ဧပြီ ၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်း၊ ဧပြီ ၃ ရက်တွင် အောင်ဆန်းကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် Southern အသင်း၊ ဧပြီ ၄ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်းသုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များမှာ ဧပြီ ၄ ရက်တွင် ပြီးဆုံးမည် ဖြစ်သော်လည်း ပွဲစဉ် (၁၀)မှ ရွှေ့ဆိုင်းထားသည့် ရန်ကုန်-ဇွဲကပင်ပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပွဲပြီးမှသာ ပထမအကျော့ပွဲစဉ်အားလုံးပြီးဆုံးမည်ဖြစ်သည်။ ပွဲစဉ် (၁၀) အပြီးတွင် ရတနာပုံအသင်းက ၂၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက ၁၇ မှတ်၊ ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်တို့ရရှိထားသည်။ ရန်ကုန်နှင့် ဇွဲကပင်အသင်းတို့မှာ ကိုးပွဲစီသာကစားရသေးပြီး ကျန်အသင်းများမှာ ၁၀ ပွဲစီ ကစားပြီးဖြစ်သည်။

ရှုံးပွဲမရှိဘဲ ထိပ်ဆုံး၌ ဦးဆောင်နေသည့် ရတနာပုံအသင်း။

ယခုတစ်ပတ်တွင် စိတ်ဝင်စားစရာအကောင်းဆုံးပွဲမှာ ရတနာပုံ-ရန်ကုန်တို့တွေ့ဆုံမှုဖြစ်ပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပွဲကောင်းဖြစ်လာနိုင်သည်။

ရတနာပုံ - ရန်ကုန်

ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ကစားသမားအများစု ပါဝင်နေပြီး ဧပြီ ၁ ရက်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ရာ ယခုပွဲအတွက် စိတ်ကြိုက်ပြင်ဆင်ခွင့်ရနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ ပွဲစဉ် (၁၀) တွင် ဟံသာဝတီအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ပွဲစဉ်မကုန်မီ ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းကိုသာ အိမ်ကွင်း၌ ကျော်ဖြတ်နိုင်ခဲ့ပါက အမှတ်ပိုဖြတ်နိုင်မည်ဖြစ်ရာ ရတနာပုံအသင်းအားကုန်ထုတ်ဖွယ်ရှိနေသည်။ ရတနာပုံအသင်းခေါင်းဆောင် ရန်ပိုင်မှာ ပွဲပယ်ပစ်ဒဏ်ကြောင့် ယခုပွဲကို ပါဝင်နိုင်မည် မဟုတ်ဘဲ ရန်ကုန်အသင်းမှ ကစားသမားအချို့လည်း ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။ ၂၀၁၅ ရာသီတွေ့ဆုံမှုတွင် ယင်းနှစ်သင်းစလုံးမှာ အိမ်ကွင်းတို့၌ သုံးဂိုး-နှစ်ဂိုး ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ရတနာပုံအသင်း ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

ပထမဆုံးပုဂ္ဂလိက ဖူဆယ်ဘောလုံးအားကစားကွင်းဖွင့်

မန္တလေး မတ် ၃၀

မြန်မာနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိက ကျန်စစ်သား ဖူဆယ်ဘောလုံးအားကစားကွင်းဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကျန်စစ်သားလမ်းနှင့် ၆၉ လမ်းထောင့်ရှိ အဆိုပါဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က အမှာစကား ပြောကြားပြီး ကျန်စစ်သားဖူဆယ်ဘောလုံးအားကစားကွင်း ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ Aung Sport Centre မှ ဥက္ကဋ္ဌ ဦးအောင်ထွန်းဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက Aung Sport Center မှ ဥက္ကဋ္ဌ၊ မြန်မာ ဘရူဝါရီလီမိတက်မှ ဈေးကွက်ဒါရိုက်တာ ဒေါ်မြစိမ်းရီ၊ ဘောလုံးအားကစားကွင်း ဖြစ်မြောက်ရေးကော်မတီမှ ဒေါ်စိန်ရီ၊ တိုင်းဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လွင်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မြန်မာလက်ရွေးစင်ဘောလုံးအားကစားသမားဟောင်းများ ဖြစ်ကြသည့် ဦးမျိုးလှိုင်ဝင်း၊ ဦးစိုးမြတ်မင်း၊ ဦးလွင်ဦး၊ ဦးထွန်းထွန်းဝင်း၊ ဦးပိုင်စိုး၊ ဦးအောင်မြင့်အေးတို့ပါဝင်သောအသင်းနှင့် ရန်ကုန်၌ ကျင်းပသော မြန်မာဘရူဝါရီ သံလျှောင်အိမ်ပြိုင်ပွဲတွင် ဆုရသောအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ကျန်စစ်သား ဖူဆယ်ဘောလုံး အားကစားကွင်းသည် အလျား ၄၂ မီတာ၊ အနံ ၂၅ မီတာရှိပြီး ထိုင်းနိုင်ငံလုပ် ပလတ်စတစ် ပါကေးပြားများနှင့်ခင်းထားသည့် နိုင်ငံတကာအဆင့်မီဖူဆယ်ဘောလုံး အားကစားကွင်းဖြစ်ကြောင်းသိရသည်။

"ထိုင်းနိုင်ငံမှာ ဒီလိုကွင်းမျိုး ရာဂဏန်းရှိပါတယ်။ ကျွန်တော်တို့ကုမ္ပဏီကဖောက်လုပ်ထားတာ ကွင်း ၅၀ ရှိပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာလည်း ဒီလိုကွင်းမျိုးတွေ ပေါ်ပေါက်လာဖို့အတွက် ကြိုးစားအားထုတ်မှာဖြစ်ပါတယ်။ ကစားချိန်ကိုတော့ နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ကစားခွင့်ပြုမှာ ဖြစ်ပါတယ်" ဟု Aung Sport Centre မှ ဥက္ကဋ္ဌက ပြောကြားသည်။

တင်မောင်(မန်းကိုယ်ပွား)

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ ပါရာဂွေးနှင့် ဘရာဇီး သရေကျ

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန် ပါရာဂွေးနှင့် ဘရာဇီးတို့ပွဲကို မတ် ၃၀ရက် နံနက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ပါရာဂွေးအတွက် အဖွင့်ဂိုးကို မိနစ် ၄၀ တွင် လက်ဇ်ကာနိုက သွင်းယူပြီး ဒုတိယဂိုးကို ၄၉ မိနစ်တွင် အက်ဂါဘင်နီတက်က သွင်းယူခဲ့သည်။ ဘရာဇီးတို့ ချေပဂိုးသွင်းနိုင်ရေးဖိကစားမှုကြောင့် ၇၉ မိနစ်တွင် အိုလီဗီယာနှင့် ပွဲပြီးခါနီးတွင် ဒန်နီ အဲဗက်စ်က သွင်းယူပေးမှုကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။

အခြားပွဲစဉ်များတွင် ဥရုဂွေးက ပီရူးကို တစ်ဂိုး-ဂိုးမရှိ၊ အာဂျင်တီးနားက ဘိုလီးဗီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ချီလီက ဗင်နီဇွဲလားကို လေးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရသည်။

ပွဲစဉ် (၆)အပြီး ဥရုဂွေးနှင့် အီကွေဒေါတို့မှာ ရမှတ် ၁၃ မှတ်ဖြင့် ရမှတ်တူပြီး ဂိုးကွာခြားချက်ဖြင့် ဥရုဂွေးကအဆင့် ၁ ၌ ရပ်တည်နေသည်။ အာဂျင်တီးနားက ၁၁ မှတ်ဖြင့် အဆင့် ၃၊ ချီလီနှင့် ကိုလံဘီယာက ရမှတ် ၁၀ မှတ်ဖြင့် အဆင့် ၄ နှင့် ၅၊ ဘရာဇီးနှင့် ပါရာဂွေး ရမှတ်ကိုးမှတ်ဖြင့် အဆင့် ၆၊ ၇ တို့၌ ရပ်တည်နေသည်။

သီဟ-ရေးသည်

ပျောက်ဆုံးကြောင်း

ကျွန်တော် စောသာထွန်း CDC-46199 ၏ SECURITY -AWARENESS TRAINING လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၅၁၀၀၀၉၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသံချောင်း (ခ)ဦးသိန်းဇော (၁၂/မဂတ(နိုင်)၀၅၀၉၇၃)၏ သွင်းကုန်လိုင်စင်အမှတ် ISP 3 12-13 23619 24/12/12 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၅၀၂၄၇၂၂

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲဝင်းထွန်း ၂/ရစက (နိုင်)၁၅၇၂၈၅၏ သွင်းကုန်လိုင်စင်အမှတ် ISP IDVY8 14-15 9861 24/09/14သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၂၄၇၂၁

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဝင်းမာလာအေး(၁၂/တကတ(နိုင်)၀၂၄၇၀၉)၏ သွင်းကုန်လိုင်စင်အမှတ် ISP IDV-8 14_15 39093-02/09/14 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၅၀၂၄၇၂၁

အမည်မှန်

သထုံမြို့ အထက(၂)နဝမတန်း(B)မှ ဦးအောင်မျိုးဦး ၁၀/သထန(နိုင်)၀၀၁၀၄၈၏သား မောင်ထက်နိုင်လင်းအား မောင်ညီရဲလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ညီရဲလင်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက် (၁၆၆)လမ်း၊ တိုက်အမှတ် (၇၀)၊ ၈ ထပ်ခွဲမှအခန်း (Pent House) အကျယ်အဝန်း(၃၄ ပေ × ၆၈ ပေ)ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ကန်ထရိုက်တာဦးကျော်ဝင်းနိုင် (၁၂/တမန (နိုင်)၀၀၀၆၈၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန့် LL.B, D.B.L, D.I.L, D.M.L, WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm အမှတ် (၁၀၅၊၁၀၇)၊ နောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချမ်းမောင်အိမ်ရာရှေ့)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၅၅၀ ၄၂၆၅

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၂/က၊ ၁၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ရတနာလမ်း၊ ၃၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးဘသန်း (မှတ်ပုံတင်အမှတ်မပါ) အမည်ပေါက် ဘီ (အိမ်ရာမြေ)မြေအား ဒေါ်နုနုရီ ၁၂/ကမရ(နိုင်)၀၂၇၃၁၈၊ ဦးလှမျိုး (CF-၀၁၂၉၆၁)၊ ဒေါ်အုန်းခင် ၁၂/ဗဟန(နိုင်)၀၅၄၀၁၂၊ ဒေါ်လှမြတ်သင်း ၁၂/ဗဟန(နိုင်)၀၅၄၀၁၀တို့က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၂၁၁/၁၄(၂၈-၁၁-၁၄)အရ အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှု အမှတ် ၁၇၆/၁၅(၂-၁၂-၁၅)၏အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇(၂)၏စီရင်ချက်၊ ထုံးပုံကျအပြီးသတ်အမိန့်တို့ကိုတင်ပြ၍ ဒေါ်အုန်းခင်-၃၏(G.P)၁၆၄၀၀/၁၂(၈-၁၀-၂၀၁၂)ရသူ ဒေါ်နုနုရီ ၁၂/ကမရ(နိုင်)၀၂၇၃၁၈က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ် ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားစခန်းပွဲ

နေပြည်တော်၊ ပျဉ်းမနား ရွှေချီရပ် ကျောင်းသစ်ကျောင်းတိုက်တွင် တတိယအကြိမ်မြောက် ကိုးရက်တရားစခန်းပွဲကို (၁၀-၄-၂၀၁၆ရက်မှ ၁၈-၄-၂၀၁၆ရက်) အထိ ကျင်းပမည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာန်းတရားများကို ဦးဝင်းအောင် (B.Sc, Dip.Ed) ကုန်သွယ်ရေးမန်နေဂျာနှင့် အထက်တန်းကျောင်းအုပ်ကြီး (ငြိမ်း)က တရားဟောတရားပြမည်ဖြစ်ပါ၍ နေ့ပိုင်း၊ အချိန်ပိုင်းတရားအားထုတ်လိုသူ ယောဂီများ ဖုန်း-၀၉-၂၅၀၈၀၀၇၂၉၊ ၀၉-၃၃၅၅၆၅၄၈၊ ၀၉-၄၄၄၀၃၉၉၃၉တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၁တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဧပြီ (၂/၇)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA)ဟောပြောပွဲ

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ဟောပြောပွဲကို ICAEW မှ Technical Manager ဖြစ်သူ Ms.Kirstin Gillon က "IT-related matters covering cyber security in business"ခေါင်းစဉ်ဖြင့် ၂၀၁၆ခုနှစ် ဧပြီ ၇ရက်(ကြာသပတေးနေ့)တွင် မွန်းလွဲ ၂ နာရီမှ ၅နာရီအထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPDနာရီ ထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲ တက်ရောက်လိုသူများအနေဖြင့် ၆-၄-၂၀၁၅ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲနေ့တွင် မှတ်ပုံတင်ကြေးပေးသွင်းတက်ရောက်ခြင်းကို(လုံးဝ)လက်ခံမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၁-၂၃၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖြိုး
ရာထူးဝင်ခွင့်သင်တန်း
နေ့စားလပေး
ဆရာ/ဆရာမ
အငယ်တန်းစာရေး(ပြည်တွင်းအခွန်)
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဗန္ဓုလလမ်း၊ မြေနီကုန်း၊ ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၇၂၄၉

အမည်ပြောင်း

ဦးထွန်းဝင်းနိုင်၏သမီး သံတွဲမြို့ အထက (ခွဲ) မြို့မ ဆဋ္ဌမတန်း (A) မှ မခင်ရူပါလင်းအား မခင်မြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်မြင့်မြတ်ကျော်**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတုတ်တုတ်သောင်း ၁၂/လမန(နိုင်) ၀၉၈၄၄၄၈၏ နိုင်ငံကူးလက်မှတ် A-367525 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၄၆၂၄၁

နိုင်ငံတကာအကူအညီ၏ ပွင့်လင်းမြင်သာသော သတင်းအချက်အလက်စနစ်

ချိုချိုဝင်း၊ သူဇာခင်(စီမံ/စီးပွား)

ယမန်နေ့မှအဆက်

ကဏ္ဍမူတည် စာမျက်နှာ (Aid by Sector Dashboard)

အဆိုပါစနစ် www.mohinga.info ကို တည်ထောင်ရာတွင် နိုင်ငံတကာက လက်ခံကျင့်သုံးနေသော OECD Sector များနှင့် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်၍ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအဖွဲ့ (Sector Working Group-SWG) များကို အခြေခံ၍ ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါစာမျက်နှာတွင် ကဏ္ဍတစ်ခုချင်းစီ၏ ထည့်ဝင်ငွေပမာဏ၊ ရရှိပြီး တန်ဖိုးပမာဏ၊ စီမံချက်/အစီအစဉ်အရေအတွက် အလျှူရှင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သည့်အဖွဲ့အစည်း၊ စီမံချက်/အစီအစဉ် ခေါင်းစဉ်များကို သိရှိနိုင်မှာ ဖြစ်ပါသည်။

ကဏ္ဍမူတည် စာမျက်နှာနမူနာပုံစံ



နိုင်ငံမူတည်စာမျက်နှာ (Aid by Donors Dashboard)

အလျှူရှင်နိုင်ငံ/အဖွဲ့အစည်းများ၏ အကူအညီ၊ အထောက်အပံ့ချေးငွေ စသည့် စုစုပေါင်းတန်ဖိုးပမာဏများ ပါဝင်ပါသည်။ အဆိုပါစာမျက်နှာတွင် နိုင်ငံအဖွဲ့အစည်းအရေအတွက်၊ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများမှ ကြွေးလျော်ပေးသည့် ငွေပမာဏများ၊ ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ သိရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံမူတည်စာမျက်နှာနမူနာပုံစံ



ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ စာမျက်နှာ Donors Profile

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များကို အသေးစိတ်သိရှိနိုင်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ Profile အား ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါစာမျက်နှာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အကူအညီပေးသည့် ကဏ္ဍများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၏ အကြောင်းအရာ အကျဉ်းချုပ်၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်များ၊ ပေးအပ်သည့် အကူအညီပမာဏများ၊ စီမံချက်အရေအတွက်နှင့် ရလဒ်များအား ဆောင်ရွက်မှုအခြေအနေအလိုက် (Filter by Activity Status)နှင့် ဆောင်ရွက်သည့်အဖွဲ့အစည်းအလိုက် (Filter by Organization Role) ခွဲခြားကြည့်ရှုနိုင်ရန် ထည့်သွင်းထားပြီး အချက်အလက်ဖြည့်သွင်းသူများ ပြန်လည်ပြင်ဆင်နိုင်ရန် ဆောင်ရွက်ထားပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ စာမျက်နှာနမူနာပုံစံ

လုပ်ငန်းစီမံချက်အလိုက်စာမျက်နှာ Project Detail Page

လုပ်ငန်းစီမံချက်တစ်ခုချင်းစီ၏ အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် လုပ်ငန်းစီမံချက်အလိုက်စာမျက်နှာအား ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါစာမျက်နှာတွင် စီမံချက်ဆောင်ရွက်မှုအခြေအနေ၊ ဆောင်ရွက်သည့် နေရာဒေသ၊ အကူအညီပေးသည့်အဖွဲ့အစည်း၊ Commitment နှင့် Disbursement ရရှိမှု အခြေအနေများ ဖော်ပြထားပါသည်။

လုပ်ငန်းစီမံချက်အလိုက်စာမျက်နှာနမူနာပုံစံ

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် မုန့်ဟင်းခါးဝက်ဆိုက်ကို ပိုမိုပြီးသုံးစွဲသူများ ရင်းနှီးလွယ်ကူစွာအသုံးပြုနိုင်ရန် ဆက်လက်၍ advanced filter function များ ထည့်သွင်းအသုံးပြုရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရှေ့ဆက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ရမည့် အချက်အလက်များ ပြည့်စုံမှု (Data Completeness) ကိစ္စရပ်များ

www.mohinga.info သို့ မြန်မာနိုင်ငံသို့ အကူအညီ အထောက်အပံ့ပေးနေသော အလျှူရှင်နိုင်ငံနှင့် အဖွဲ့အစည်း ၅၇ ဖွဲ့မှ အချက်အလက်များ ဖြည့်သွင်းလျက်ရှိရာ ၂၀၁၅ ခုနှစ် မေလတွင် စီမံချက် ၁၂၅၅ ခု အပေါ် အချက်အလက်ပြည့်စုံမှု ၆၉ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စီမံချက် ၁၃၉၃ ခု အပေါ် အချက်အလက်ပြည့်စုံမှု ၇၃ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စီမံချက် ၁၄၉၂ ခု အပေါ် အချက်အလက်ပြည့်စုံမှု ၈၀ရာခိုင်နှုန်းထိတိုးမြှင့်၍ အချက်အလက်များ ရရှိခဲ့ပါသည်။ ဝက်ဆိုက်တွင် ဖြည့်သွင်းရမည့် အချက်အလက်များနှင့် ပြည့်စုံမှုရှိသော ရာခိုင်နှုန်းအား သိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။ သို့သော် အခြားသော ဒေသဆိုင်ရာ အချက်များ၊ ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် အချက်များတွင် ဆက်လက်၍ ပိုမိုပြည့်စုံအောင် ဆောင်ရွက်ရန်များ ကျန်ရှိနေကြောင်းလည်း ဖော်ပြအပ်ပါသည်။ သို့ဖြစ်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသို့ အချက်အလက်များကို ပြည့်စုံစွာဖြည့်သွင်းပေးပါရန် ဆွေးနွေးညှိနှိုင်းထားပါသည်။

ဖြည့်သွင်းထားသည့် အချက်အလက်များ



အချက်အလက်များဖြည့်သွင်းမှု ၈၀% ကျော်သော နိုင်ငံအဖွဲ့အစည်းများအား တင်ပြအပ်ပါသည်။

အချက်အလက်များ ပြည့်စုံမှု



ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော အကူအညီအထောက်အပံ့တို့သည် ပွင့်လင်းမြင်သာမှုရှိ၍ နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲမှုစနစ် (AIMS) တည်ထောင်ရာတွင် ကြီးမားသော တိုးတက်မြင်သာမှုများ ဖြစ်လာနိုင်သကဲ့သို့ အခြားအဖွဲ့ဝင်များကိုလည်း စိတ်ပါဝင်စားစေပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာအကူအညီ ပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ် (International Aid Transparency Initiative - IATI) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

စာမျက်နှာ ၁၆ သို့

ရိုးရာခြင်းလုံးလေးပေါက်တန်းအမှတ်ခတ်ပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ မတ် ၃၀

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များနှင့် ခြင်းလုံးဝါသနာရှင်များ ရိုးရာ ခြင်းလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး၊ ရိုးရာခြင်းပညာကို နည်းစနစ်မှန်ကန်စွာ လေ့ကျင့်သင်ယူနိုင်စေရန်အတွက် ရည်ရွယ်ပြီး ရိုးရာဝိုင်းခြင်းလေးပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲကို မတ် ၂၇ ရက်မှစတင်ကာ ဘားအံမြို့ ရိုးရာခြင်းလုံးလေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါ ရိုးရာဝိုင်းခြင်းခတ်ပြိုင်ပွဲတွင် လက်ရွေးစင်ခြင်းလတ် ဘယ်ညာစုံ၊ ခြင်းလတ်မျိုးကွဲ၊ ခြင်းလတ်မျိုးတူ၊ ခြင်းကြီးဘယ်ညာစုံ၊ ခြင်းကြီးမျိုးကွဲ၊ ခြင်းကြီးမျိုးတူ၊ လက်ရွေးစင်ခြင်းမျိုးခွဲ၊ လက်ရွေးစင် ခြင်းမျိုးတူ၊ ခြင်းကြီးအတွဲ ခတ်နည်းများဖြင့် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ဗန္ဓုလအသင်းမှ ပထမဆုကို လည်းကောင်း၊ အနော်ရထာအသင်းမှ ဒုတိယဆုကို လည်းကောင်း၊ ကျန်စစ်သားအသင်းမှ တတိယဆုကို လည်းကောင်း ရရှိခဲ့ရာ ကရင်ပြည်နယ် ရိုးရာခြင်းလုံးဆပ်ကော်မတီမှ ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

သင်္ကြန်ရေကစားပစ္စည်းများ စတင်ရောင်းချ

မိတ္ထီလာ မတ် ၃၀

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ မကြာမီရောက် ရှိတော့မည်ဖြစ်ရာ မိတ္ထီလာမြို့နယ် မြို့ မဈေးကြီးအတွင်း သင်္ကြန်ရေကစားပစ္စည်းများကို

စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာဈေးကြီးအတွင်း သင်္ကြန်ရေကစားပစ္စည်းများ စတင်ရောင်းချသော်လည်း ဝယ်ယူသူနည်းပါးခြင်းကြောင့် ရောင်းချသူများအနေဖြင့် နေ့စဉ် ဝင်ငွေတွက်ခြေမကိုက်သေးဘဲ မဟာသင်္ကြန်ကာလ နီးကပ်ချိန်တွင် ပိုမိုရောင်းချနိုင်ရေးအတွက် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလရောက်ဖို့ကလည်း နည်းနည်းတော့ စောနေသေးတယ်။ ဒါကြောင့် သင်္ကြန်ရေကစားပစ္စည်းဝယ်ယူတဲ့သူကသိပ်မရှိသေးဘူး။ အဓိက ဝယ်တဲ့သူတွေက ကျေးလက်ဒေသက လာတဲ့သူတွေ အဝယ်များတယ်။ သူတို့ကလည်း သင်္ကြန်နားနီး (အခါစေ့း) ကျမှ စေ့းဝယ်လာကြတာများတယ်။ အဲဒီခိုနိ် သင်္ကြန်ကာလနီးရင်တော့ ဒီထက်မက သင်္ကြန်ရေကစားပစ္စည်းတွေ ပိုမိုရောင်းချရမယ်လို့ တော့ မျှော်လင့်ရတာပဲ။ ဒါမှမဟုတ်ရင် သင်္ကြန်ရေကစားပစ္စည်းတွေဝယ်ပြီး ရင်းနှီးထားတဲ့ငွေကြေးက တစ်နှစ်လောက် မြုပ်သွားမှာ"ဟု မိတ္ထီလာဈေးကြီးအတွင်း သင်္ကြန်ပစ္စည်းရောင်းချနေသူတစ်ဦးက ပြောသည်။

မိတ္ထီလာဈေးကြီးအတွင်းရောင်းချသည့် သင်္ကြန်ရေကစားပစ္စည်းများကို ရပ်ကွက်/ကျေးရွာဒေသများတွင် တစ်ဆင့်ပြန်လည်ရောင်းချသူများက လက်လီလက်ကားပြန်လည်ဝယ်ယူရောင်းချလေ့ရှိပြီး ကျေးလက်ဒေသများမှ အများဆုံးဝယ်ယူလေ့ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြန်မာ့ရိုးရာ လှည်းယဉ်ကြေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် တောင်သူလယ်သမားအသင်းနှင့် ဒလမြို့နယ်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ရိုးရာလှည်းယဉ်ကြေးပြိုင်ပွဲကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာသူရိယမုနိကြေးသွန်းဘုရားကြီးကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက အတန်းငါးတန်းခွဲကာပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲမှ ဆုရလှည်းယဉ်အဖွဲ့များအား တောင်ပိုင်းခရိုင် တောင်သူ လယ်သမားအသင်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

ဌက်ပျားစီမံချက်ရေးဆွဲခြင်းနှင့် ဆန်းစစ်ဆွေးနွေးခြင်းပြုလုပ်

မြန်အောင် မတ် ၃၀

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်မြန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် မြို့နယ်အဆင့်ဌက်ဖျားစီမံချက်ရေးဆွဲခြင်းနှင့်ဆန်းစစ်ဆွေးနွေးခြင်းကို မတ် ၂၉ ရက်က ပြုလုပ်ရာ မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၂၅ ဦးနှင့်ကျေးလက်ကျန်းမာရေး ဆရာမ ၂၀ တို့ တက်ရောက်ကြသည်။

မြို့နယ်ဆရာဝန်ကြီးဒေါက်တာမောင်မောင်ချစ်က အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချခြင်းဖြင့် အရည်အချင်း မြှင့်တင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အားသာချက် အားနည်းချက်များကို သုံးသပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မြန်အောင်မြို့နယ်အတွင်း ဌက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ရှိအောင်မြေလောကစာသင်တိုက်၌ (၁၆) ကြိမ်မြောက် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အောင်မြေလောကစာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိဒလက ဩဝါဒကထာမြွက်ကြားကြောင်း သိရသည်။ ထို့နောက် စာအောင်သံဃာ ၁၉ ပါးတို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမ၌ ခရိုင်အဆင့် ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး တီဘီလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိသောမြို့နယ်များအား အနောက်ပိုင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးသွယ်နှင့် တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ပေးခဲ့သည်။ ထို့နောက် အနောက်ပိုင်းခရိုင် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့က တီဘီရောဂါအကြောင်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း ခေါင်းဆောင် ဒေါက်တာဆွေဆွေသန်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ် သိရသည်။ **တင်မောင်ဦး(အလုံ)**

ကြက်ခြေနီသင်တန်းပွင့်

စေတုတ္တရာ မတ် ၃၀

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၌ မတ် ၂၈ ရက်က ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းသို့ စေတုတ္တရာမြို့ အမှတ် (၁)ရပ်ကွက်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၃၁ ဦးအား မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာသင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

သူရထွန်း(ပွင့်ဖြူ)

စာမျက်နှာ ၁၅ မှ

နိုင်ငံတကာအကူအညီ ပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ် (IATI) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကူအညီများကို ပွင့်လင်းမြင်သာစွာ ပေးအပ်နိုင်ရေးနှင့် လက်ခံရယူသည့် နိုင်ငံများမှ အဆိုပါအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲမှုများရရှိရေးတို့ကို သဘောတူလက်ခံသွားရန် ဖြစ်ပြီး ပြည်ပနိုင်ငံများမှ အကူအညီများဆိုင်ရာ အသုံးစရိတ်၊ အစီအစဉ်များနှင့် လှုပ်ရှားမှုများကို အများပြည်သူ လွယ်လင့်တကူသိရှိနိုင်ပြီး လက်ခံရယူသည့် နိုင်ငံများအတွက် အသုံးဝင်စေမည် ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် နိုင်ငံတကာအကူအညီ ပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ် (IATI)၏ Registry မှ အချက်အလက်များကို Mohinga AIMS သို့ တိုက်ရိုက်တင်ပို့ထည့်သွင်းနိုင်မည် ဖြစ်သည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် အချက်အလက်များကို IATI မှ ထည့်သွင်းနိုင်ခြင်းဖြင့် Mohinga AIMS ၏ အချက်အလက်များ၏ အရည်အသွေးနှင့် ပမာဏပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ IATIတွင် အချက်အလက်များ ထည့်သွင်းမှုမရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက်မူ AIMS တွင် ကိုယ်တိုင်အချက်အလက်များ ထည့်သွင်းနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

Mohinga AIMS သည် ဌာနအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့အစည်းများ၊ လေ့လာသူများ၊ သုတေသီများအတွက် ယုံကြည်စိတ်ချရ၍ ပြည့်စုံသော အချက်အလက်များကို အချိန်နှင့်အညီ ရယူအသုံးပြုရန် အသုံးဝင်သည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် AIMS အချက်အလက် ပြည့်စုံမှုအတွက် စိစစ်ခြင်းများကို ဆောင်ရွက်ပါသည်။ ပြည့်စုံသော အချက်အလက်များကို အချိန်နှင့်အညီ ထည့်သွင်းနိုင်ရန် ပိုမိုလွယ်ကူ၍ အချိန်သက်သာစေပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ တာဝန်ခံယူမှုများကိုလည်း ကောင်းမွန်စေမည်ဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ဖွံ့ဖြိုးမှုအကူအညီများ၏ အချိန်နှင့်အမျှ ပြောင်းလဲမှုကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ အစဉ်ရေးသွင်းတင်ပြနေ၍ ထိုစာရင်းများသည် အချိန်နှင့်အမျှ ပြည့်စုံနေမည်ဖြစ်ပါသည်။ Dashboard များမှတစ်ဆင့် ဖွံ့ဖြိုးမှုအကူအညီများ၏ နှစ်အလိုက်အခြေအနေများကို နှိုင်းယှဉ် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးမှုအကူအညီ လက်ခံသုံးစွဲသည့် ဌာနများအချင်းချင်းအတွင်း၌ လည်းကောင်း၊ ပြင်ပမှ နိုင်ငံ၊ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ AIMS နှင့် ပတ်သက်သည့်အချက်များ တိုက်ရိုက်ဆက်သွယ် မေးမြန်းဖြေကြားနိုင်ရန် Ministry Profile Pages ကို Design ရေးသား ဆောင်ရွက်ရန် စီစဉ်နေပါသည်။

မှန့်ဟင်းခါးဝက်ဘ်ဆိုက်မှ အလွယ်တကူရယူနိုင်သည့် စာရင်းအင်းအချက်အလက်များသည် နိုင်ငံတကာ အထောက်အကူများကို အသုံးပြုနေသည့် လုပ်ငန်းများနှင့် လေ့လာသူများ၊ ပညာရှင်များအပါအဝင် အများပြည်သူကို အကျိုးပြုနေပါသဖြင့် ယနေ့အချိန်အထိ ကြိုးပမ်းမှုများနှင့် အရှိန်အဟုန်မပြတ် ဝက်ဘ်ဆိုက်ကို ကာလရှည်တည်တံ့နေအောင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိပါကြောင်းတင်ပြလျက် AIMS မှန့်ဟင်းခါးဝက်ဘ်ဆိုက်လုပ်ငန်းအစဉ်တည်တံ့တိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းကူညီလိုသောသူများ၊ အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုလိုက်ပါသည်။

မျက်စိ၌ သတိထားရမည့် အရေးကြီးသည့် ထူးခြားချက်နှစ်ခု

ဒေါက်တာကံညွန့်

မျက်စိမှာ တခြားအင်္ဂါအစိတ်အပိုင်းတွေနဲ့ မတူတဲ့ ထူးခြားချက်နှစ်ခုရှိပါတယ်။ ဒီထူးခြားချက်နှစ်ခုကို သိထားခဲ့ရင် တစ်သက်တာ အမြင်အာရုံဆုံးရှုံးမှုက ကာကွယ်နိုင်မှာကြောင့် တင်ပြရခြင်းဖြစ်ပါတယ်။ ပထမ တစ်ခုကတော့ ကလေးငယ်တွေနဲ့ဆိုင်ပါတယ်။

ရုပ်လုံးကြွေအမြင်

ကလေးငယ်တစ်ဦးရဲ့ အမြင်အာရုံဟာ လေးနှစ်ခန့် အရွယ်မှာ ပြီးပြည့်စုံတတ်ပါတယ်။ ဒါကြောင့် ကလေးတစ်ဦးကို အနည်းဆုံး လေးနှစ် သို့မဟုတ် ငါးနှစ် ကျောင်းတက်စအရွယ်မှာ အမြင်အာရုံကိုစမ်းသပ်ဖို့ လိုပါတယ်။ သာမန်အားဖြင့် မျက်စိနှစ်ဖက်ဟာ တစ်ဖက်ချင်းစီရဲ့ အမြင်အာရုံတူနေရပါမယ်။ ဒါကို သိနိုင်အောင် တစ်ဖက်ချင်းစီပိတ်၍ စမ်းရပါတယ်။ တစ်ဖက်က အမြင်အာရုံ သိသိသာသာချို့ယွင်းနေပြီဆိုရင် အရေးကြီးတဲ့အခြေအနေဖြစ်ပါတယ်။ လူရဲ့ အမြင်အာရုံမှာ မျက်စိတစ်ဖက်က ပုံရိပ်နှင့် နောက်တစ်ဖက်ကပုံရိပ်ကို ဦးနှောက်ရဲ့အမြင်အာရုံဗဟိုဌာန (Optical Centre)မှာ ထပ်လိုက်ရပါတယ်။ အမြင် ပုံရိပ်ချင်းတူမှသာထပ်နိုင်ပြီး ဒီလိုထပ်နိုင်စွမ်းကို ရုပ်လုံး ကြွအမြင်(Stereoscopic Vision) သို့မဟုတ် (Binocular Single Vision)လို့ ခေါ်ပါတယ်။

မျက်စိတစ်ဖက်မှုန်

ကလေးတစ်ဦးဟာ မျက်စိတစ်ဖက်မှုန်ဝါးနေပြီဆိုပါက ဦးနှောက်ထဲကိုရောက်လာတဲ့ပုံရိပ်နှစ်ခုဟာ မထပ်နိုင်တော့ပါဘူး။ ဝေဝါးနေပြီဖြစ်ပါတယ်။ ဒီလို ဖြစ်ခြင်းကို Confusion လို့ခေါ်ပြီး ဦးနှောက်က ဝေဝါးနေတဲ့ ပုံရိပ်ကို မသိကျိုးကျွန်ပြုထားပါတော့တယ်။ တိတိကျကျ မြင်ရတဲ့ပုံရိပ်ကိုသာလက်ခံပြီး ဝေဝါးနေတဲ့ ပုံရိပ်ကို လက်မခံတာကို Suppresion လို့ ခေါ်ပါတယ်။

ဒီလို Suppresion လုပ်ခဲ့ရတဲ့မျက်စိဟာ ကြာလာတဲ့အခါ အသုံးပြုမခံရတော့တဲ့အဖြစ်ကို ရောက်လာရပါတယ်။ ဒါကိုတော့ Dissue လို့ခေါ်ပြီး ဒီလိုအသုံးပြုမခံရတာကြောတဲ့မျက်စိဟာ အသုံးမဝင်ဖြစ်လာပါတော့တယ်။ ဒါကို Amblyopia သို့မဟုတ် lazy eye လို့ ခေါ်ပါတော့တယ်။ ဒါဟာအသက် ၁၀ နှစ်အတွင်း မပြုပြင်နိုင်ခဲ့ရင် တစ်သက်လုံးအတွက်ယင်း Amblyopia ဖြစ်တဲ့မျက်စိကို အကောင်းမျက်စိပြန်ဖြစ်အောင် မပြုပြင်နိုင်တော့ပါဘူး။ Amblyopia ရဲ့အဓိပ္ပာယ်ကတော့ မျက်စိဟာ ခန္ဓာဗေဒအရ ပကတိကောင်းသော်ငြားလည်း တာဝန်ဝတ္တရားကို မဆောင်ရွက်နိုင်ခြင်းဖြစ်တာကို ခေါ်ပါတယ်။ ဒီအဖြစ်က ကာကွယ်နိုင်ဖို့-

(၁) ကလေးငယ်တိုင်းကို လေးနှစ်၊ ခြောက်နှစ်၊ ရှစ်နှစ် တစ်ကြိမ် အမြင်အာရုံစမ်းသပ်ပါ။

(၂) အမြင်အာရုံတစ်ဖက်မှာ ချို့ယွင်းနေရင် ချို့ယွင်းနေတဲ့ဘက်ကို ဆရာဝန်များညွှန်ကြားချက်အတိုင်း ကုသပါ။ မျက်မှန်တပ်ဆင်ရန်လိုက တပ်ပါ။ ရောဂါတစ်ခုခုရှိ၍ မှုန်နေလျှင်လည်း ကုသပါ။

(၃) ကလေးအသက်ရှစ်နှစ်အရွယ်အထိ ပြုပြင်ကုသနိုင်တာကြောင့် ပေါ့ပေါ့ဆဆမနေသင့်ပါ။

(၄) ငါးနှစ်အရွယ်ကျောင်းတက်စကလေးတိုင်း ကျောင်းကျန်းမာရေးစစ်ဆေးပေးတိုင်း အမြင်အာရုံစစ်ဆေးမှုကို ခံယူပါ။

(၅) ယင်းသို့စစ်ဆေးစဉ် ချို့ယွင်းချက်တစ်ခုခုရှိပါက ဆရာ ဆရာမများမှတစ်ဆင့် မိဘများထံ ကလေးကို မျက်စိဌာနသွားပြရန် အကြောင်းကြားပါ။

(၆) မိဘတိုင်းသတိထားရမှာက ကလေးတစ်ဦးဟာ မျက်စိနှစ်ဖက်လုံးမှုန်နေရင် သိရန်လွယ်ပေမယ့် တစ်ဖက်ကောင်းပြီး တစ်ဖက်မှာ မှုန်နေရင်သိရခက်ပါတယ်။ ဆရာဝန်ထံသွားပြရန်လည်း မအားလပ်ဘူးဆိုရင် ကိုယ့်ဟာကိုယ် အိမ်မှာ စမ်းသပ်နိုင်ပါတယ်။ ကလေး လေးနှစ်၊ ငါးနှစ် အရွယ်မှာပေ ၂၀ အဝေးက ပြက္ခဒိန်စာလုံးတွေကို မျက်စိတစ်ဖက် စီပိတ်ပြီး ကိုယ့်ဟာကိုယ် စမ်းကြည့်ပါ။ တစ်ဖက် မှုန် မမှုန်သိနိုင်ပါတယ်။ တစ်ဖက်မှုန်နေတာတွေ့ရင် မျက်စိဌာန ချက်ချင်းသွားပြပါ။

ယင်းသို့ဆောင်ရွက်ပါက ကလေးတိုင်း Amblyopia ခေါ် မျက်ကြောသေရောဂါက ကင်းဝေးနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ကျောင်းတက်စအရွယ်မှာ
မျက်စိကို တစ်ဖက်ပိတ်၍
တစ်ဖက်နှင့် စမ်းကြည့်ပါ။
အမြင်အာရုံ တစ်ဖက်စီက
တူရမည်သာ၊
တစ်ဖက်မှာ မှုန်ဝါးနေက
ချက်ချင်းပင် သူ့မိဘကို
မျက်စိဌာန အမြန်ပြဖို့
ပြောကြပါစို့။

ယခုဒုတိယတင်ပြမယ့် ထူးခြားချက်တစ်ခုကတော့ ကလေးရော လူကြီးနဲ့ပါ ဆိုင်ပါတယ်။ ဒါကတော့ Sympathetic Ophthalmitis ဆိုတဲ့ ရောဂါအကြောင်းပါပဲ။ ဒီနာမည်မှာပါတဲ့ Sympathetic ဆိုတဲ့စာလုံးဟာ Sympathy က လာတာဖြစ်ပြီး ကြင်နာတတ်သော၊ ညှာတာတတ်သောဆိုတဲ့အဓိပ္ပာယ်ပါပဲ။ တစ်ဖက်မျက်စိမှာ ထိခိုက်ဒဏ်ရာကြောင့်ပေါက်ပြဲပြီး ရောင်ရမ်းကာ မျက်စိကွယ်ခြင်းဖြစ်ခဲ့ရင် နောက်မျက်စိတစ်ဖက်ကပါ မျက်စိအတွင်း ရောင်ရမ်းခြင်းဖြစ်ပေါ်တတ်တာကို ဆိုပါတယ်။ ဒါဟာလည်း ထိခိုက်ဒဏ်ရာရတဲ့မျက်စိမှာ အမြင်အာရုံလုံးဝမရှိတော့ဘူးဆိုရင် မျက်စိရဲ့အတွင်းပိုင်းကို ခြစ်ထုတ်ပစ်ခြင်း Evisceration မလုပ်တဲ့ လူတွေမှာသာ ဖြစ်တတ်တဲ့ရောဂါပါ။ တချို့က တစ်ဖက်မျက်စိမှာ ထိခိုက်ဒဏ်ရာရပြီး အမြင်အာရုံဆုံးရှုံးခဲ့ပေမယ့် ယင်းမျက်စိကို ထုတ်မပစ်ချင်ကြပါဘူး။ ဆရာဝန်တွေက တစ်ဖက်မျက်စိကို ထိခိုက်နိုင်ကြောင်း ရှင်းပြတာကိုပင် လက်မခံနိုင်ဘဲ ထုတ်ပစ်ဖို့ ဝန်လေးတတ်ကြပါတယ်။ ဒီလိုမထုတ်ဘဲထားရင် ခြောက်လမှ ၁၅ နှစ်လောက် အတွင်း နောက်မျက်စိ အကောင်းဘက်မှာ အတွင်းရောင်ရောဂါ (Uveitis) ဖြစ်လာတတ်ပါတယ်။ ဒီလိုဖြစ်လာတဲ့ Uveitis ကို Sympathtic Ophthalmites လို့ခေါ်ပါတယ်။ ခိုက်မိတဲ့မျက်စိကို Exciting Eye လို့ခေါ်ပြီး သူ့နောက်ကလိုက်ပြီး ရောင်ရမ်းလာတဲ့ မျက်စိကို Symathizing Eye လို့ ခေါ်ပါတယ်။

မျက်စိရဲ့ဒုတိယထူးခြားချက်

ဒီနာမည်ကိုကြည့်လိုက်တာနဲ့ခိုက်မိပြီး မမြင်ရတော့တဲ့တစ်ဖက်မျက်စိကို သနားကြင်နာစိတ်နှင့် တစ်ဖက်မျက်စိကရောင်ရမ်းခဲ့သလား ထင်မိစရာဖြစ်ပါတယ်။ ဒါဟာမျက်စိရဲ့ ဒုတိယထူးခြားချက်ပါပဲ။

(၁) ထိခိုက်ဒဏ်ရာတစ်ခုခုကြောင့် မျက်စိပေါက်ပြဲသွားပါက ပထမကုသမှုချက်ချင်းခံယူပါ။

(၂) ယင်းထိခိုက်ပြီး မျက်စိဟာ အမြင်အာရုံမရှိတော့ပါက ဆရာဝန်က ထုတ်ပစ်ခိုင်းလျှင် ထုတ်ပစ်ဖို့ ဝန်မလေးပါနဲ့။

(၃) ထုတ်ပစ်မှသာ အကောင်းမျက်စိအား Sympathetic Ophthamitis ဖြစ်ခြင်းမှ ကာကွယ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ထိခိုက်ဒဏ်ရာ
မျက်စိမှာ
ကာကွယ်ခြင်းသာ ပဓာန
ကုသခြင်းက ခက်ခဲလှ။
နောက်ကျပါက ပျက်စီးရ။

တချို့က တစ်ဖက်မျက်စိမှာ ထိခိုက်ဒဏ်ရာရပြီး အမြင်အာရုံဆုံးရှုံးခဲ့ပေမယ့် ယင်းမျက်စိကို ထုတ်မပစ်ချင်ကြပါဘူး။ ဆရာဝန်တွေက တစ်ဖက်မျက်စိကို ထိခိုက်နိုင်ကြောင်း ရှင်းပြတာကိုပင် လက်မခံနိုင်ဘဲ ထုတ်ပစ်ဖို့ ဝန်လေးတတ်ကြပါတယ်။ ဒီလိုမထုတ်ဘဲထားရင် ခြောက်လမှ ၁၅ နှစ်လောက်အတွင်း နောက်မျက်စိ အကောင်းဘက်မှာ အတွင်းရောင်ရောဂါ(Uveitis) ဖြစ်လာတတ်ပါတယ်

ကိုးတန်ချောင်းကူးတံတား တည်ဆောက်ပြီးနောက် မော်လိုက်-ခန္ဓီးလမ်း ရာသီမရွေးသွားလာနိုင်ပြီ

မော်လိုက် မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္ဓီးလမ်းပေါ်ရှိ ကိုးတန်ချောင်းကူးတံတားသစ် တည်ဆောက်ပြီးနောက် ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကိုးတန်ချောင်းကူးတံတားက သက္ကယ်ကျင်း-ခန္ဓီးလမ်းပေါ်က အဓိကကျတဲ့ တံတားတစ်စင်းပါ။ ယခင်က ဒီကိုးတန်ချောင်းကိုကူးထားတဲ့ တံတားဟောင်းလေးက ဒီချောင်းက ရေစီးသန်တော့ ပျက်စီးသွားခဲ့တယ်။ မိုးတွင်းဆို ဒီချောင်းမှာ လှေတို့၊ ဝါးဖောင်တို့နဲ့ အန္တရာယ်ကြီးစွာ ဖြတ်ကူးရတယ်။ ဒါကြောင့် ဒီချောင်းမှာ ရာသီမရွေးဖြတ်သန်းသွားလာနိုင်တဲ့ ကိုးတန်ချောင်းကူးတံတားအသစ်ကို ထပ်မံတည်ဆောက်ခဲ့တာ မတ်လဒုတိယပတ်မှာ ဆောက်လုပ်ပြီးစီးခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ"ဟု တာဝန်ယူတည်ဆောက်ခဲ့သော တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကိုးတန်ချောင်းကူးတံတားသည် အရှည်ပေ ၃၀၀၊ အကျယ် ၂၄ ပေရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ ကိုးတန်ချောင်းကူးတံတားကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၅၁၇ ဒသမ ၅ သန်းဖြင့် တည်ဆောက်ခဲ့ပြီး မတ် ၁၅ ရက်က ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးချမ်း(မုံရွာ)

အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ရွာလုံးကျွတ်စစ်ဆေး

ကျောက်တံခါး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ခံကျေးရွာအုပ်စု ကျောက်စရစ်ကျေးရွာ၌ အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် ရွာလုံးကျွတ်စစ်ဆေးမှုများကို မတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ကျောက်တံခါးမြို့နယ် ကညင်ကျိုးတိုက်နယ်ဆေးရုံ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများက ကျေးရွာမှ ပြည်သူ ၃၆၂ ဦးအား ရွာလုံးကျွတ် အနာကြီးရောဂါ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

အယ်နီညိုအကျိုးသက်ရောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ဟောပြော

ဂန့်ဂေါ မတ် ၃၀

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ရာသီဥတုပိုမိုပူပြင်းလာခဲ့ခြင်းတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေး၊ အပူဒဏ်ကာကွယ်ရေးနှင့် မွေးမြူရေးတိရစ္ဆာန်များအား အပူချိန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ဟောပြောပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာအေးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်လှိုင်ဝင်းတို့က အယ်နီညိုရာသီဥတုအကြောင်းနှင့် ဆက်စပ်ဖြစ်စဉ်များ အကြောင်းကို ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ပြီးခဲ့သည့်နှစ်က ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာမြစ်ရေတိုက်စားသဖြင့် နေရာပြောင်းရွှေ့ခဲ့ရသည့် ပြင်သာကျေးရွာအတွက် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်ရေးမှ ပေးအပ်သော ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ်ခဲ့ကာ ကျေးရွာဘုန်းတော်ကြီးကျောင်းအပါအဝင် နေအိမ်များ ရွှေ့ပြောင်းဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၁၀၁)**

အသင်းကြီးတွေ အောင်ပွဲခံနိုင်ရေး အပြိုင်ကြိုးစားကြမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၂)

မိုးမြင့်လင်းလက်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၂ ရက်နဲ့ ၃ ရက်တွေမှာတော့ ဥရောပ ပြည်တွင်းလိဂ်ပွဲစဉ်တွေ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ဒီနှစ် ဘောလုံးရာသီရဲ့ ပန်းဝင်ချိန်ကာလရောက်နေပြီး ခြေတစ်လှမ်း အမှားခံလို့မရတော့တဲ့ ပွဲတွေဖြစ်လာတာမို့ အသင်းတိုင်း အလေးထား အာရုံစိုက်ကစားနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၂)အဖြစ် ယှဉ်ပြိုင်ကစားကြမယ့် ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး၊ လက်စတာနဲ့ မန်ယူတို့ရဲ့ အားပြိုင်မှုတွေကို စောင့်ကြည့်အားပေးကြဦးမှာ ဖြစ်ပါတယ်။

လက်စတာနှင့် ဆောက်သမ်တန်

လက်စတာတို့အတွက်ကတော့ လက်ကျန်ပွဲခြောက်ပွဲစလုံးကို နိုင်ပွဲတွေနဲ့ ဖြတ်သန်းရေး ကြိုးစားတော့မှာဖြစ်ပါတယ်။ ဆောက်သမ်တန်တို့ကတော့ လက်စတာနဲ့ ဆုံတိုင်း အမှတ်ရအောင် ကစားနိုင်တာမို့ လက်စတာအတွက် သတိကြီးကြီးထားပြီး ကစားမှာဖြစ်ပါတယ်။ လက်စတာရဲ့ တိုက်စစ်၊ ခံစစ်အပိုင်းက အကောင်းဆုံး အနေအထားရှိနေပြီး ဆောက်သမ်တန်တို့ထက် ပိုမိုသာလွန်ပါတယ်။ လက်ရှိအနေအထားမှာတော့ လက်စတာရဲ့ အိမ်ကွင်းလည်းဖြစ်တာမို့ ပိုးမပြတ်ပေမယ့် အိမ်ရှင်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

ချယ်လ်ဆီးနှင့် ဗီလာ

ချယ်လ်ဆီးတို့ကတော့ နောက်ဆုံး လေးသင်းစာရင်းဝင်ဖို့ဖြစ်နိုင်ခြေ နည်းသွားပြီဖြစ်ပေမယ့် အသင်းတိုင်း၊ ပွဲတိုင်းကို အလေးထားပြီး ကစားနေပါတယ်။ နည်းပြ ဟစ်ဒင့်ရဲ့ အခင်းအကျင်းတွေကြောင့် ရလဒ်ကောင်းတွေ ပြန်ရလာတဲ့ ချယ်လ်ဆီးဟာ ဗီလာကိုလည်း အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ချယ်လ်ဆီးမှာ ဖယ်လ်ကာအို၊ ကော်စတာ၊ ဟာဇက်တို့ မပါဝင်နိုင်တာမို့ အားနည်းချက်ရှိနေတာတော့ အမှန်ပါပဲ။ ဗီလာတို့ကတော့ လက်ရှိခြေစွမ်းအရ အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ထက် မပိုနိုင်ပါဘူး။

အာဆင်နယ်နှင့် ဝက်ဖို့ဒ်

ပွဲရလဒ်တွေ မကောင်းလို့ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အာဆင်နယ်နည်းပြနဲ့ အသင်းသားတွေအတွက် ဒီပွဲက အရေးကြီးနေပါတယ်။ လာမယ့် ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်အတွက်တောင် ဖိအားတွေရှိနေတာမို့ အာဆင်နယ်တို့ ဒီပွဲမှာ အပြင်းအထန် ရုန်းကန်ပြီး နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ဝက်ဖို့ဒ်တို့ကတော့ အာဆင်နယ်ကို အခက်တွေ့အောင် ကစားနိုင်တဲ့ ခြေစွမ်းရှိလို့ ဒီပွဲမှာ မထင်မှတ်တဲ့ ရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တဲ့ အာဆင်နယ်တို့ရဲ့ ပွဲပဲဖြစ်သွားပါလိမ့်မယ်။

မန်စီးတီးနှင့် ဘုန်းမောက်

မန်စီးတီးတို့အတွက် အမှားအယွင်း လုံးဝမခံတော့ဘဲ ပွဲတွေဖြစ်နေတာမို့ အခုပွဲမှာတော့ အမှတ်ပြည့်ရယူရေးအတွက်ကလွဲပြီး တခြား ရလဒ်ကို ပုံဖော်မှာ မဟုတ်ပါဘူး။ ဘုန်းမောက်တို့က တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ အားရစရာ အနေအထားမဟုတ်တဲ့အပြင် ကွင်းလယ်ကစား အားလည်း ကျဆင်းနေပါတယ်။ ကွင်းလယ်က တိုက်စစ်ကို ပံ့ပိုးမှုအပိုင်းမှာ အပိုအလိုတွေဖြစ်နေတဲ့ ဘုန်းမောက်ကို မန်စီးတီးတို့ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး ကြိုးစားပါလိမ့်မယ်။

မန်ယူနှင့် အဲဗာတန်

မန်စီးတီးကို အနိုင်ကစားပြီး စိတ်ဓာတ်မြင့်မားလာတဲ့ မန်ယူကစားသမားတွေအတွက် အခုပွဲက အိမ်ကွင်းဆိုပေမယ့် ပြိုင်ဘက်က အဲဗာတန်ဖြစ်တာမို့ ရင်ပူစရာကောင်းနေတာတော့ အမှန်ပါပဲ။ အဲဗာတန်ဟာ မန်ယူနဲ့ဆုံတိုင်း ဖိအားပေးကစားနိုင်ပြီး အမှတ်ရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ အသင်းလိုက်ကစားအားကောင်းတဲ့ အဲဗာတန်ဟာ အိုးထရက်ဖို့ဒ်ကွင်းမှာ သွားကစားရပေမယ့် မန်ယူကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ လူငယ်တိုက်စစ်မျိုး ရက်ဖို့ဒ်ကို ပွဲထုတ်လာဖို့ရှိတဲ့ နည်းပြ ဗန်ဟားလ်ဟာ ဒီပွဲကို ဘယ်လို အခင်းအကျင်းနဲ့ ဧည့်ခံမလဲကြည့်ရမှာပါ။ မန်ယူတို့ အနိမ့်ဆုံး တစ်မှတ်တော့ ရနိုင်တဲ့ ပွဲပါ။

နော့ဝ့စ်ချ်နဲ့ နယူးကာဆယ်

အမှတ်ပြည့်ရယူရေး ကြိုးစားမယ့် နယူးကာဆယ်အတွက်တော့ အဝေးကွင်းဆိုပေမယ့် တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ နယူးကာဆယ်တို့က ခြေစွမ်းအတက်အကျရှိနေပေမယ့် နော့ဝ့စ်ချ်ရဲ့ အိမ်ကွင်းတုံ့ပြန်မှုက ပြင်းထန်တတ်တာမို့ သတိပြုရမှာပါ။ နော့ဝ့စ်ချ် တိုက်စစ်မျိုးတွေရဲ့ အဆုံးသတ် အားနည်းမှုက ရလဒ်ကို ထိခိုက်စေတာမို့ ဒီပွဲမှာ နယူးကာဆယ်တို့ အခြေအနေကောင်းသွားနိုင်ပါတယ်။

လီဗာပူးနှင့် စပါး

ခြေစွာနေတဲ့ စပါးတို့က နောက်ဆုံးလေးသင်းစာရင်းမှာ တင်ကျန်နိုင်ရေး အတိမ်းအစောင်း မရှိအောင်ကြိုးစားနေပါတယ်။ လီဗာပူးတို့ကလည်း ရာသီကုန်ချိန်မှာပွဲတိုင်း နိုင်ပွဲရအောင် အားထုတ်နေတာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အနိမ့်ဆုံး တစ်မှတ်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ဒါပေမယ့် တိုက်စစ်မျိုးတွေ စွမ်းရည်မြင့်မားတဲ့ စပါးဟာ အဝေးကွင်းဆိုပေမယ့် လီဗာပူးကို ကျော်ဖြတ်ဖို့ သေသေချာချာပြင်ဆင်ပြီး ရင်ဆိုင်မှာမို့ ဒီပွဲမှာ စပါးတို့ အမှတ်ပြည့်ရသွားနိုင်ပါတယ်။ ။

ဂျာမနီကွင်းလယ်လူ ဂျဲဇီကို လီဗာပူးခေါ်ယူမည်

ကမ္ဘာ့ဖလားမှာ ဂျာမနီအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့တဲ့ ကွင်းလယ်ကစားသမား မာရီယို ဂျဲဇီကို လီဗာပူးက ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ ကွင်းလယ်ကစားသမား ဂျဲဇီကို နည်းပြ ဂျာဂျင်ကလော့ဒ်က ပြန်ပေါင်းထုပ်ဖို့ မျှော်လင့်ထားပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က ဘိုင်ယန်မြူးနစ်သို့ မပြောင်းခင်မှာ ဒေါ့မွန်မှာ ဂျာဂျင်ကလော့အတွက် ကစားပေးခဲ့သူဖြစ်ပါတယ်။ လီဗာပူးက ကွင်းလယ်လူ ဂျဲဇီကို ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ လီဗာပူး နည်းပြ ဂျာဂျင်ကလော့ကလည်း ဂျဲဇီကို အဆက်အသွယ်ပြုလုပ်ထားပြီလို့ဆိုပါတယ်။ ဂျဲဇီအနေနဲ့ ဘိုင်ယန်မြူးနစ်မှ မထွက်ခွာမီ နည်းပြသစ်ဖြစ်လာမယ့် အန်ဆယ်လော့တီနဲ့ ဆွေးနွေးသင့်တယ်လို့ ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုက အကြံပြုပြောဆိုခဲ့ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းမှာ ၁၅ ပွဲသာ ကစားခွင့်ရပြီး လေးဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

လာမယ့်ရာသီမှာ အမ်းမရိတ်မှာဆက်ရှိဖို့ သံသယမရှိဘူးဆိုတဲ့ ဝင်းဂါး

လာမယ့်နှစ် ပရီမီယာလိဂ်မှာ အာဆင်နယ်နည်းပြ ဝင်းဂါးအနေနဲ့ အမ်းမရိတ်မှာ နည်းပြဆက်လုပ်ဖို့ သံသယမရှိဘူးလို့ ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ဇယားထိပ်ဆုံးရောက် လက်စတာစီးတီးနဲ့ ၁၁ မှတ်ကွာနေပါတယ်။ သို့သော်လည်း ပြင်သစ်နိုင်ငံသား ဝင်းဂါးက သူ့အနေနဲ့ လာမယ့်ရာသီမှာ အာဆင်နယ်မှာပဲ ဆက်ရှိလိမ့်မယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ နည်းပြ ဝင်းဂါးအပေါ် အာဆင်နယ်ပရိသတ်က ဖလားမျှော်လင့်ချက် ဝေးလာတဲ့အတွက် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတာပါ။ ထိပ်ဆုံးရောက် လက်စတာနဲ့ အမှတ်ချင်း ကွာခြားပေမယ့် အမ်းမရိတ်က ထွက်ခွာဖို့မရှိဘူးလို့ ဝင်းဂါးက အခိုင်အမာပြောဆိုလိုက်တာပါ။ ဝင်းဂါးဟာ အာဆင်နယ်အသင်းကို ဆယ်စုနှစ် နှစ်ခုနီးပါး ကိုင်တွယ်ခဲ့တဲ့ ဝါရင့် နည်းပြကြီးတစ်ဦးဖြစ်ပါတယ်။ ဝင်းဂါး ထွက်ခွာသွားခဲ့ရင် မန်ယူအသင်းကို ပြိုလဲသွားနိုင်တယ်လို့လည်း ဝေဖန်ပြောဆိုနေကြတာပါ။

မော်ရင်ဟိုနဲ့ ပြန်ပေါင်းထုပ်ဖို့ ဆန္ဒပြင်းပြနေတဲ့ လူကာကူ

အဲဗာတန် တိုက်စစ်မျိုး လူကာကူက သူ့အနေနဲ့ အနာဂတ်မှာ မော်ရင်ဟိုနဲ့ ပြန်ပေါင်းထုပ်ဖို့ ပြင်ဆင်ထားပြီလို့ ပြောဆိုလိုက်ပါတယ်။ လူကာကူဟာ ယခုနှစ် အကုန်မှာ အဲဗာတန်က ထွက်ခွာဖို့ရှိနေပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့ လာမယ့်ရာသီမှာ မန်ယူနည်းပြဖြစ်လာဖို့ မျှော်လင့်ရပါတယ်။ လူကာကူရဲ့ ဖခင်က သူသားဟာ အိုးထရက်ဖို့ဒ်မှာ ပြောင်းရွှေ့ကစားလိမ့်မယ်လို့ ပြောဆိုလိုက်ပါတယ်။ လူကာကူဟာ မန်ယူနဲ့ ဘိုင်ယန်မြူးနစ်တို့ အပါအဝင် ဥရောပထိပ်သီးကလပ်တွေရဲ့ ပစ်မှတ်ထားခံရတဲ့ တိုက်စစ်မျိုးဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးကနေ အဲဗာတန်ကို ပေါင် ၂၈ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာပါ။ လက်ရှိအချိန်မှာ အဲဗာတန်အသင်းမှာ ခြေစွမ်းပြကစားနေတာပါ။ သို့ပေမယ့် လူကာကူဟာ ချန်ပီယံလိဂ်ကစားလိုတဲ့အတွက် မန်ယူကို ပြောင်းရွှေ့ဖို့ သေချာနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

မိတ္ထီလာမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

မိတ္ထီလာ မတ် ၃၀

မိတ္ထီလာမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာရိတ္တနှင့် စိတ်ဓာတ်မြင့်မားစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA) မိတ္ထီလာ အသင်းခွဲနှင့် ရတနာလူငယ်အဖွဲ့တို့ ပူးပေါင်း၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ရတနာမာရ်အောင်ဘုရား တန်ဆောင်းတော်၌ မတ် ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA)မှ ဆရာ ဆရာမကြီးများ၊ အငြိမ်းစားပညာရေးဝန်ထမ်းများက ဗုဒ္ဓဝါဒီစွဲ၍တည်မည် မင်္ဂလာတရားတော်၊ နမောတဿ ဘုရားရှိခိုး၊ မင်္ဂလာသုတ်၊ မင်္ဂလာနိဒါန်းကဗျာ၊မင်္ဂလာအကျိုးပြု နိဂုံးကဗျာ၊ ဗုဒ္ဓဝင်၊ ခုနှစ်နေ့ ဗုဒ္ဓဝင်အကျဉ်း၊ အကျဉ်းမှတ်ရန် နေ့မြတ်ခုနစ်တန်၊ ဗုဒ္ဓဝင်မှတ်စု၊ ဗုဒ္ဓဆိုတာ၊ ဘုရားရှိခိုးအိပ်၊ ယဉ်ကျေးလိမ္မာ၊ ဂုဏ်တော်များ၊ ရတနာမြတ်သုံးမျိုး အစဉ်ရှိခိုးပုံ၊ သရဏဂုံဆောက်တည်ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ မကောင်းမှုဒုစရိုက်(၁၀)ပါး၊ ကောင်းမှုသုစရိုက်(၁၀)ပါး၊ လူမှုရေးကျင့်ဝတ်များ၊ စီးပွားပျက်အကြောင်းတရား(၆)ပါး၊ နှလုံးလှ ယဉ်ကျေးလိမ္မာ၊ သူမြတ်ကျင့်စဉ်(၁၀)ချက်၊ ကျောင်းသားကောင်းကဗျာ၊ နေ့စဉ်ကျင့်ရန် အဓိဋ္ဌာန်နှင့် နိုင်ရာတာဝန်ယူကြစို့ စသည့်ခေါင်းစဉ်များဖြင့် မတ် ၂၆ ရက်မှ ဧပြီ ၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့တက်ရောက်သူ အလယ်တန်းအဆင့်မှ တက္ကသိုလ်အထိ ၁၂၀ ရှိကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းကြီးကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသင်းခွဲဥက္ကဋ္ဌ ဦးကျော်သူရထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နွေရာသီ ပန်းချီနှင့်ကဗျာသင်တန်း ဖွင့်လှစ်

ကသာ မတ် ၃၀

ကသာမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ချိန်တွင် အတတ်ပညာရရှိရေးအတွက် ပန်းချီရေးဆွဲနည်း သင်တန်းနှင့် ကဗျာသင်တန်းကို ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မတ် ၂၈ရက်မှစ၍ အခမဲ့ဖွင့်လှစ်က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ပန်းချီရေးဆွဲနည်း အခြေခံသင်တန်းတွင် ကသာမြို့မှ ပန်းချီဆရာ ဆရာခင်မောင်ရင်(ကသာ) နှင့် ဆရာဝင်းခိုင်သော်(ကသာ)တို့က ပန်းချီ အခြေခံရေးဆွဲနည်းများကို သင်ကြားပေးပြီး ကဗျာရေးသားနည်းသင်တန်းတွင် ကဗျာဆရာများဖြစ်သော ကမ်းနဖူးစမ်းဦး(ကသာ)နှင့် ကိုကိုခန့်ချော(ကသာ)တို့က သင်ကြားပေးလျက်ရှိသည်။

သင်တန်းသို့ ကသာမြို့ ကျောင်းများမှ ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူ ၄၁ ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းကို ဧပြီ ၈ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြမွန်ထံမှ သိရသည်။

ငွေအိုး(ကသာ)

လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန်ကျသင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းအသိပေးခြင်း

ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းနှင့် မကျသင့်ခြင်း။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ-

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။
- ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ဃ)အရ ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင်ရရှိသည့် လစာဝင်ငွေဖြစ်လျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။
- လစာဝင်ငွေ ကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်သော်လည်း တစ်နှစ် စုစုပေါင်းဝင်ငွေမှ အခြေခံ သက်သာခွင့်၊ အတူနေ မိဘ၊ အိမ်ထောင်ဖက်၊ သားသမီးသက်သာခွင့် စသည်တို့အား နုတ်ပယ်ပြီး ကျန်ဝင်ငွေသည် ကျပ်သိန်း ၂၀ အထက် မကျော်လွန်ပါက ဝင်ငွေခွန် ပေးဆောင်ရန် မလိုပါ။
- **ဝင်ငွေတွက်ချက်ခြင်း။** လစာခေါင်းစဉ်မှ ဝင်ငွေတွက်ချက်ရာတွင် နှစ်တစ်နှစ်အတွင်း ရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေ အပြင် ထပ်ဆောင်းရရှိသည့် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေး စသည့်အကျိုးခံစားခွင့်တို့ကိုလည်း စုစုပေါင်း လစာဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်။
- **သက်သာခွင့်များ။** ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ ဝင်ငွေနှစ်အတွင်း ရရှိမည့် စုစုပေါင်း လစာဝင်ငွေမှ အောက်ပါသက်သာခွင့်များကို ဝင်ငွေခွန်နည်းဥပဒေနှင့်အညီ နုတ်ပယ်ခွင့် ခွင့်ပြုထားပါသည်။
- အခြေခံသက်သာခွင့်(စုစုပေါင်းဝင်ငွေ၏ ၂၀ရာခိုင်နှုန်း ကျပ်သိန်း ၁၀၀ ထက်မပိုစေရ)
- အတူနေ မိဘ (အတူနေသူ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်း)
- အိမ်ထောင်ဖက်အတွက် သက်သာခွင့်(အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ် ၁၀ သိန်း)
- သားသမီးများအတွက် သက်သာခွင့်(သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်း)
- ဝန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊
- ဝန်ထမ်းအနေဖြင့် လူမှုဖူလုံရေး ရန်ပုံငွေသို့ ထည့်ဝင်စုဆောင်းငွေ၊
- **ကျသင့်သည့်အခွန်နှုန်း။** ၁-၄-၂၀၁၆ရက်မှ စတင်၍ အကျိုးသက်ရောက်သော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စုစုပေါင်းဝင်ငွေမှ အထက်ပါ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်အခွန်တွက်ချက်ရန် ဝင်ငွေအပေါ် ဖော်ပြပါဝင်ငွေအလွှာလိုက် အခွန်နှုန်းများဖြင့် တွက်ချက်ရမည်-

စဉ်	ဝင်ငွေအလွှာ		ငွေပမာဏ	နှုန်း	ကျသင့်အခွန်	အဆင့်ဆင့်ပေါင်း
	မှ	ထိ				
၁	၁	၂,၀၀၀,၀၀၀	၂,၀၀၀,၀၀၀	၀%	-	-
၂	၂,၀၀၀,၀၀၁	၅,၀၀၀,၀၀၀	၃,၀၀၀,၀၀၀	၅%	၁၅၀,၀၀၀	၁၅၀,၀၀၀
၃	၅,၀၀၀,၀၀၁	၁၀,၀၀၀,၀၀၀	၅,၀၀၀,၀၀၀	၁၀%	၅၀၀,၀၀၀	၆၅၀,၀၀၀
၄	၁၀,၀၀၀,၀၀၁	၂၀,၀၀၀,၀၀၀	၁၀,၀၀၀,၀၀၀	၁၅%	၁,၅၀၀,၀၀၀	၂,၁၅၀,၀၀၀
၅	၂၀,၀၀၀,၀၀၁	၃၀,၀၀၀,၀၀၀	၁၀,၀၀၀,၀၀၀	၂၀%	၂,၀၀၀,၀၀၀	၄,၁၅၀,၀၀၀
၁၂	၃၀,၀၀၀,၀၀၁	နှင့်အထက်		၂၅%		

- **အခွန်တွက်ချက်မှု။** အောက်ပါနမူနာတွက်ချက်မှုများကို ဖော်ပြအပ်ပါသည်-

နမူနာ(၁) လစာဝင်ငွေ တစ်လ ကျပ် ၅ သိန်းရရှိသူ မိဘ ၂နှစ်ပါးနှင့်အတူနေပြီး အိမ်ထောင်ဖက်နှင့် သားသမီး နှစ်ဦးရှိသူ တစ်ဦးဖြစ်ပါက-

လစာဝင်ငွေစုစုပေါင်း တစ်လ ၅၀၀,၀၀၀×၁၂ လ = ၆,၀၀၀,၀၀၀
(နုတ်) သက်သာခွင့်များ
အခြေခံသက်သာခွင့် = ၁,၂၀၀,၀၀၀
(စုစုပေါင်းဝင်ငွေ၏ ၂၀ %ဖြင့်)
အတူနေမိဘ နှစ်ဦးအတွက် = ၂,၀၀၀,၀၀၀
အိမ်ထောက်ဖက်အတွက် = ၁,၀၀၀,၀၀၀
သားသမီး နှစ်ဦးအတွက် = ၁,၀၀၀,၀၀၀
--------------- = ၅,၂၀၀,၀၀၀

အခွန်စည်းကြပ်ရန် ဝင်ငွေ = ၈၀၀,၀၀၀
၁ ကျပ်မှ ၂,၀၀၀,၀၀၀ ထိ ပထမ ၈၀၀,၀၀၀ အတွက် ၀ % ဖြင့်
တစ်နှစ်အတွက် စုစုပေါင်း ကျသင့်အခွန်မကျသင့်

နမူနာ(၂) လစာဝင်ငွေ တစ်လ ကျပ် ၅သိန်း ရရှိသူ မိဘနှင့်အတူ မနေသည့် လူပျိုတစ်ဦးဖြစ်ပါက-

လစာဝင်ငွေ စုစုပေါင်း တစ်လ ၅၀၀၀၀၀ ×၁၂ လ = ၆,၀၀၀,၀၀၀
(နုတ်) သက်သာခွင့်များ
အခြေခံသက်သာခွင့် = ၁,၂၀၀,၀၀၀
(စုစုပေါင်းဝင်ငွေ၏ ၂၀ %ဖြင့်)
အတူနေမိဘအတွက် = -
အိမ်ထောက်ဖက်အတွက် = -
သားသမီးအတွက် = -
--------------- = ၁, ၂၀၀, ၀၀၀

အခွန်စည်းကြပ်ရန် ဝင်ငွေ = ၄, ၈၀၀, ၀၀၀
၁ ကျပ်မှ ၂,၀၀၀,၀၀၀ ထိ ပထမ ၂,၀၀၀,၀၀၀ အတွက် ၀ % ဖြင့်
၂,၀၀၀,၀၀၁ ကျပ်မှ ၄,၈၀၀,၀၀၀ ထိ ကျန် ၂,၈၀၀,၀၀၀ အတွက် ၅%ဖြင့် ၁၄၀, ၀၀၀
တစ်နှစ်အတွက် စုစုပေါင်း ကျသင့်အခွန် ၁၄၀, ၀၀၀
တစ်လအတွက် နုတ်ယူရမည့် ကျသင့်အခွန် ပျမ်းမျှ ၁၁၆၆၇ ကျပ်

- အခွန်နုတ်ယူပေးသွင်းခြင်း။ လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်လုံးအတွက် ရရှိမည့် လစာအပေါ် ကျသင့်မည့် ဝင်ငွေခွန်မှ တစ်လပျမ်းမျှ ကျသင့်အခွန်ကို ဖြတ်တောက်ခုနှိမ်ထားပြီးမှ လစာထုတ်ပေးရန် ဖြစ်ပါသည်။
- လစာနှစ်ချုပ်စာရင်း ပေးပို့ခြင်း။ လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ ရုံးအကြီးအကဲက ဝင်ငွေနှစ် ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည် ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အထူးကုန်စည်ခွန် ကျသင့်ခြင်း ကျသင့်အခွန်ပေးဆောင်ထားခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရေးအတွက် အသိပေး နှိုးဆော်ခြင်း

အထူးကုန်စည် အမျိုးအစားများ။ အထူးကုန်စည်ခွန်ဥပဒေအရ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများကို အထူးကုန်စည်များအဖြစ် သတ်မှတ်ထားပါသည်-

- စီးကရက်အမျိုးမျိုး၊
- ဆေးရွက်ကြီး၊
- ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊
- ဆေးပေါ့လိပ်၊
- ဆေးပြင်းလိပ်၊
- ဆေးတံသောက်ဆေးများ၊
- ကွမ်းစားဆေးအမျိုးမျိုး၊
- အရက်အမျိုးမျိုး၊
- ဘီယာအမျိုးမျိုး၊
- ဝိုင်အမျိုးမျိုး
- ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့် သစ်မာ၊ သစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ၊
- Double Cab 4 Door Pickup မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe)ကားများ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ၊ သဘာဝဓာတ်ငွေ့၊

အခွန်ကျသင့်ခြင်း။ အဆိုပါကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ကျသင့်အထူးကုန်စည်ခွန်ကို တင်သွင်းသူ/တင်ပို့သူ၊ ထုတ်လုပ်ရောင်းချသူက ထမ်းဆောင်ရပါမည်-

- ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-
 ကျသင့်ခွန်= (အကောက်ခွန် စည်းကြပ်တန်ဖိုး+ အကောက်ခွန်+ ကုန်ကျစရိတ်)×အခွန်နှုန်း
- ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသောရောင်းဈေးတန်ဖိုးနှင့် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် အထူးကုန်စည်ခွန် ကျသင့်ပါမည်။
- ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက-
 ကျသင့်အခွန်= FOB Price X အခွန်နှုန်း

အခွန်ပေးဆောင်ခြင်း။ ကျသင့်အထူးကုန်စည်ခွန်ကို သတ်မှတ်ရက်များအတွင်း ပေးဆောင်ရပါမည်-

- ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်း မပြုမီကျသင့်အကောက်ခွန်နှင့်အတူ ပေးဆောင်ရပါမည်။
- ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်လကုန်ဆုံးပြီး ၁၀ရက်အတွင်း ပေးဆောင်ရပါမည်။
- သိမ်းဆည်းအရေးယူခြင်း။ ကျသင့်အခွန်ထမ်းဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကိုလက်ဝယ်တွင် စိစစ် တွေ့ရှိရပါက-
- စိစစ်တွေ့ရှိသည့် အထူးကုန်စည်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရပါမည်။
- အထူးကုန်စည်တန်ဖိုးကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။
- စိစစ်တွေ့ရှိရသည့် ကုန်စည်သည် ပြည်တွင်း၌ ထုတ်လုပ်သည့်အထူးကုန်စည်ဖြစ်ပါက အဆိုပါအထူးကုန်စည် ထုတ်လုပ် ရောင်းချသူမှ အထူးကုန်စည်တန်ဖိုး၏ ၅၀%ကို ဒဏ်ငွေအဖြစ်ပေးဆောင်ရပါမည်။

ဆုငွေချီးမြှင့်ခြင်း။ ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို ဖမ်းဆီးရရှိပါက-

- ဖော်ထုတ်ဖမ်းဆီးသည့်အဖွဲ့အား တပ်ရိုက်၍ရရှိသည့် ဒဏ်ငွေ၏ ၂၀%ကို ဆုငွေအဖြစ် ချီးမြှင့်ပါမည်။
- သတင်းပေးပို့သူကို တပ်ရိုက်၍ရရှိသည့်ဒဏ်ငွေ၏ ၁၀ရာခိုင်နှုန်းကို ဆုငွေအဖြစ်ချီးမြှင့်ပါမည်။ သတင်းပေးသူမည်သူ မည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။

အထူးသတိပေးခြင်း။ ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်များကို ဝယ်ယူရောင်းချခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် စီးကရက်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ ဝိုင်အမျိုးမျိုးအစရှိသည့် အထူးကုန်စည်များကို အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိပါက ဝယ်ယူခြင်း၊ ရောင်းချခြင်း မပြုကြရန် အထူးသတိပြုစေလိုပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ပိုင်ရှင်ကိုယ်တိုင်
အမည်ပေါက်မြေကွက်
ရောင်းမည်။
၂၅' x ၅၀' ၊ (၂)ရပ်ကွက်၊
သမိုင်းမရမ်းကုန်းမြို့နယ်
ဖုန်း-095150661,
09785150661

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၈၃၁/က၊ မြေကွက်တည်နေရာအမှတ် ၁၈၃၁/က၊ မောင်းမကန်ကမ်းသာလမ်း၊ ဒဂုံ/တောင်မြို့နယ် ဒေါ်မြစိန်(ISN-၁၉၉၇၈၈)အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်မြစိန်နှင့် ဖခင်ဦးမောင်စောတို့ ကွယ်လွန်သွားသောကြောင့် ကျန်သားသမီးများဖြစ်သော ဦးစန်းလွင် ၁၂/သဃက(နိုင်)၀၈၁၅၁၄၊ ဒေါ်ငွေငွေစန်း ၁၂/သဃက(နိုင်)၀၈၁၀၇၃တို့က ကျမ်းကိုန်လွှာ၊ ၄-၁၂-၁၅ထောက်ခံကျမ်းကိုန်လွှာ၊ ၄-၁၂-၁၅ သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅၊ မြေကွက်အမှတ်၂၄၅၊ မြေကွက်တည်နေရာအမှတ် ၂၄၅၊ (၃၅)ရပ်ကွက် ဦးစောအောင် အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား(CG-၀၅၀၄၇၁)၊ အမည်ပေါက် ဦးစောအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ငွေငွေ ၁၂/ဗတထ(နိုင်)၀၁၂၁၄၅၈ဇနီး ဖြစ်ကြောင်း ကျမ်းကိုန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံချက်၊ ကျမ်းကိုန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ပုံစံ၁၀တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၈၇၆၊ မြေကွက်တည်နေရာအမှတ်(၈၇၆)၊ မြမဥ္ဇူ(၃)လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (ဒေါ်မြင့်မြင့်သန်း CD ၀၅၃၇၀၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်သန်း(မိခင်)ဦးဝင်းဖေ(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ဝင်းမြင့်မာလာ(၁၂/ဗတထ(နိုင်)၀၁၇၃၃၆) ဒေါ်ဝင်းမြင့်စန္ဒာ(၁၂/ဗတထ(နိုင်)၀၁၃၄၆၈) ဦးဝင်းမြင့်ဇော်(၁၂/ဒဂမ(နိုင်)၀၁၈၁၂၂) ဦးဝင်းမြင့်မိုး(၁၂/ဗတထ(နိုင်)၀၁၃၇၇၉)တို့မှ သားသမီးများဖြစ်ကြောင်း ကျမ်းကိုန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံ ကျမ်းကိုန်လွှာ(၂)စောင်၊ မိခင်၊ ဖခင်တို့၏ သေစာရင်း(နိုင်)ကတ်မူရင်းပုံစံ (၁၀)တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ ကျောက်ရေတွင်းလမ်းမအနီး၊ (၁၃½ ပေ× ၅၅ ပေ)၊ 2F လှေကားထိုးခင်းပြီး၊ 3 BR, 1 AC, ဘိုထိုင်၊ သံပန်း၊ ဆန်းရှိတ်၊ ရေမီးအစုံ၊ ပြင်ဆင်ပြီးအသင့်နေ သိန်း ၄၆၀ (ညှိနှိုင်း)။

(၂) တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သြဘာလမ်းအပေါ်ပိုင်း၊ ဗညားဒလမ်းမကြီးအနီး၊ (၁၅ပေ× ၆၀ ပေ) ပထမထပ်၊ အိပ်ခန်း(၁)ခန်း၊ ကိုရီးယားပါကေးခင်း၊ သံပန်း၊ ဆန်းရှိတ်၊ ကိုယ်ပိုင်ရေမီးစုံ သိန်း ၈၆၀ (ညှိနှိုင်း)။

09-422 459 579, 09-520 3359

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည့်အစီအစဉ် ရှင်းလင်း

ကျုံပျော် မတ် ၃၀

ဧပြီလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ယခင်ကတိုက်ကျွေးခဲ့သည့် ရောဂါသုံးမျိုးကာကွယ်ဆေးအစား ရောဂါနှစ်မျိုးကာကာကွယ်ဆေး ပြောင်းလဲတိုက်ကျွေးမည့်အစီအစဉ်နှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ကျုံပျော်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းတန်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက လာမည့် ဧပြီလအတွင်း ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးရာတွင် ယခင်ကတိုက်ကျွေးခဲ့သည့် ရောဂါသုံးမျိုးကာကွယ်ဆေး TOPV အစား ရောဂါနှစ်မျိုးကာကွယ်ဆေး BOPV ကို ပြောင်းလဲတိုက်ကျွေးမည်ဖြစ်ကြောင်းနှင့် ပြောင်းလဲရသည့် အကြောင်းရင်းများ၊ ကာကွယ်ဆေးတိုက်ကျွေးရာတွင် ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် စသည်တို့ကိုရှင်းလင်းပြောကြားခဲ့သည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

ကျေးရွာ စိမ့်စမ်းရေတွင်းတူးဖော်ခြင်းအတွက် အလှူငွေလိုအပ်နေ

အင်းတော် မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာ၌ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဒေသခံပြည်သူများထည့်ဝင်ငွေဖြင့် သဘာဝစိမ့်စမ်းရေတွင်း တူးဖော်ခြင်းနှင့် ရေပေးဝေရေးအတွက် ရေပိုက်များသွယ်တန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ အလှူငွေများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

သဘာဝစိမ့်စမ်းရေတွင်းကို အလယ်ကျွန်းကျေးရွာနှင့် နှစ်မိုင်ခန့်အကွာတွင် အလျား ပေ ၄၀၊ အနံ ၃၈ ပေနှင့် အနက် ၁၅ အရွယ်အစား တူးဖော်နေပြီး ရေတွင်းမှ လေးလက်မပိုက်လုံးဖြင့် ကျေးရွာသို့ ရေသွယ်ကာ ကျေးရွာဘုန်းကြီးကျောင်းအနီးတွင် ရေသိုလှောင်ကန်ကြီးတစ်ခုကို ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အဆိုပါရေသိုလှောင်ကန်မှတစ်ဆင့် နှစ်လက်မခွဲရေပိုက်လုံးများဖြင့် တစ်ရွာလုံးသို့ ဆက်လက်သွယ်တန်းပြီး နေအိမ်တစ်အိမ်ချင်းစီသို့ တစ်လက်မခွဲပိုက်လုံးများဖြင့် ရေပေးဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။

လုပ်ငန်းများအားလုံး ပြီးစီးသည်အထိ ငွေကျပ်သိန်း ၁၅၀ခန့် ကုန်ကျမည်ဖြစ်ကာ လက်ရှိအချိန်တွင် ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀ သိန်းနှင့် ပြည်သူ့လွှတ်တော်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းဖြင့် မတည်လုပ်ကိုင်နေသော်လည်း ငွေလုံလောက်မှုမရှိနိုင်သဖြင့် အလှူရှင်များ လိုအပ်နေခြင်းဖြစ်ကြောင်း သဘာဝစိမ့်စမ်းရေတွင်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကိုကိုဦးက ပြောသည်။

အလယ်ကျွန်းကျေးရွာသည် နမီးချောင်းအနီးတွင်ရှိသော်လည်း ယခု နွေရာသီကာလ မတ်လအတွင်းမှစ၍ ချောင်းရေများ လျော့နည်းခန်းခြောက်စပြုလာပြီဖြစ်သဖြင့် ကျေးရွာအတွင်း သောက်သုံးရေရှားပါးပြတ်လပ်နိုင်မှုကို ကြိုတင်ကာကွယ်သောအားဖြင့် ရေရရှိရေးကော်မတီဖွဲ့စည်းကာ သဘာဝစိမ့်စမ်းရေသွယ်တန်းခြင်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ကျိုက်ထီးရိုး (၄နှစ်၃) - ရွှေကြေးစည် ထွက်မည့်ရက် 8,11,12,17

▲ ရွှေစက်တော်၊ လမ်းဘုရားစုံ နှင့် (ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ)(အလောင်းတော်ကဿပ၊ မုံရွာ) (စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်)(တောင်ကြီး၊ အင်းလေး၊ ပင်းတယ)(ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ သီးသန့်) (ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) အင်းတော်ကြီး၊ ဖြစ်ကြီးနား၊ မြစ်ဆုံ

▲ (အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ သီးသန့်) ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်အနှံ့) သို့ (ပုဂံ-ပုပ္ပါး)

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ (မန္တလေး၊ ပြင်ဦးလွင်) သို့ (ပုဂံ-ပုပ္ပါး)

▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍- (မန္တလေး၊ ပြင်ဦးလွင်) လားရှိုး၊ ပူဘယ်၊ ငွေယံ

▲ (ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်) (မြဝတီ-မဲဆောက်)

ဖုန်းဆိုးတန်း ☎ 01-240860/01-372290 ဒေါ်ပုံ 09-49282825, 0973494339

တစ်ဦးတည်း ဖြစ်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ကပစ ၁/၄နေ ဦးချစ်ဝင်း၏သား မောင်ဇော်ဇော်ထက် ၉/တသန(နိုင်)၂၀၉၇၃၆နှင့် မောင်ပိုင်ဖြိုးဝေသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မောင်ဇော်ဇော်ထက်(ခ)မောင်ပိုင်ဖြိုးဝေ**

သန္တိသုခ ၏ သင်္ကြန်ခရီးစဉ်များ

တိုက်(၂)၊ အခန်း ၂၀၆ မြိုင်ဟေဝန်အိမ်ယာ ၈-မိုင်၊ မရမ်းကုန်း။

A. ထားဝယ်-ရှင်ကိုးရှင်၊ ထီးခီး(မြဘုရား) APR 11 ၄.၂သိန်း

B. ထားဝယ်နယ်စပ်-ထီးခီးနှင့်ကျွန်း-မြဘုရား APR 10 ၂.၅သိန်း 09-4210 14 940

C. တောင်ကြီး-အင်းလေး APR 11 ၁.၅သိန်း 09-264 444 750

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့ ထောက်ကြန့်တိုးဂိတ်အနီး၊ ကိုးလုံးကွင်း၊ ဦးအောင်သင်းလမ်း၊ (ဥယျာဉ်မြေ)

(25'x60') - 45/55 သိန်း

(30'x60') - 60 သိန်း

(40'x60') - 75 သိန်း

Ph:09-450302310,09-799912803, 09-799716395

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ်(၅၁/စ)၊ မြေကွက်တည်နေရာအမှတ်(၆)၊ ပဏ္ဍိတလမ်း၊ (၇)ရပ်ကွက်၊ မခင်ပု(ခ)မက်ဂီ အမည်ပေါက် မြေပိုင်မြေအား လှိုင်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၄/၂၅-၅-၁၅)၏ အမိန့်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၁၃/၂၄-၇-၁၅)၏ အမိန့်နှင့် နေ့စဉ်မှတ်တမ်းတို့ကိုတင်ပြ၍ ဘိလစ်ဒေါ်လွင်လွင်အောင် ၈/ရစက(နိုင်)၀၉၅၂၇၂မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ်(၁၅၄/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၁၀၄၊ (က-၂လမ်း)မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးမောင်မောင်(YDE-၀၉၂၄၃၃)၊ ဒေါ်ညွှန့်ညွှန့်ကြည် ၁၂/အစန(နိုင်)၀၃၉၂၅၁ နှစ်(၆၀)ဂရန်မြေအား အင်းစိန်မြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ်(၇၅/၂၀၁၅)ဖြင့် မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၂၁-၁၀-၂၀၁၅ရက်စွဲပါ တရားရုံးစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၆၁/၂၀၁၅)အရဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၈-၁-၂၀၁၆ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း ၂-၂-၂၀၁၆ရက် ဘိလစ်ခန့်စာနှင့် နှစ်(၆၀)ဂရန်မူရင်းတင်ပြပြီး ဘိလစ် ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ရန်မြေပုံကူး လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

GOLDEN STAR Travels & Tours

- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ဝခုက္ကူ Apr-11,12,17
- ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Apr-12
- မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
- တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
- ငွေဆောင်(Hotel + Car) Apr-11,12,13,14

Ph;09-5081580, 09-5036640, 09-5080860, 703448

တလေးနှာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(LL.B.) နှင့်ဆက်သွယ်ပါ။ (မိတ်ရတ်မရှိ)
01-394727, 01-399426 09-73009994-
အမှတ်(၁၀၉)(၃၄)လမ်း၊ မြေညီထပ်
မစီ ထားတောင် ညွှန့်မြို့နယ်၊ ရန်ကုန်မြို့

ဟိုက်ခြောလစ်/လေဖီအား/Fully Auto

ကွန်ကာရစ် အုတ်ရိုက်စက်

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

09 420035882, 09 73199410
09 420035884, 09 73199257

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၉၄၄ ၀၉၇၃၂၃၅၅၆၀	မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၁၄ ၀၁-၃၇၀၇၈၇	မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈၊ ၀၂-၆၀၂၉၁
မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅	Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂	နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈	မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅ ၀၉၂၆၁၉၀၁၁၆	မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂	မြို့မ ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇ / မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၁ ၀၉၄၀၂၇၆၅၆၂

သင်္ကြန်ပြတိုက်
ရန်ကုန် - သမ္မတ၊ မင်္ဂလာ(၁) မင်္ဂလာစံပြ၊ TOP ROYAL (မန္တလေး) ဝင်းလိုက် (ပြည်) - မင်္ဂလာထွန်းသီရိ

FRIEND REQUEST
(ရန်ကုန်) ရွှေဆောင်(၁) (မန္တလေး) မင်္ဂလာဒိုင်းမွန်း

LONDON HAS FALLEN
(ရန်ကုန်) နေပြည်တော်(၁) မင်္ဂလာစံပြ မင်္ဂလာ(၂)ဒဂုံစင်တာ(၂) (မန္တလေး) - မင်္ဂလာဒိုင်းမွန်း (ပြည်) - မင်္ဂလာထွန်းသီရိ

လူးရတနာသိုက်
ရန်ကုန် - ရွှေဆောင်(၂)၊ သွင် မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ (မန္တလေး) - မြို့မ

GODS of EGYPT (3D)
(ရန်ကုန်)-နေပြည်တော်(၂) (မန္တလေး)-မင်္ဂလာဒိုင်းမွန်း

ZOOTOPIA(3D)
(ရန်ကုန်)-နေပြည်တော်(၃)

၁ . ၄ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတိပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

အထူးကျေးဇူးတင်လွှာ

ROYAL EMERALD
River View Resort (Bagan)

EMERALD MYANMAR
Group Of Companies

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂စီ°၊ မြေကွက်အမှတ် ၃/၂၀၀-က၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧက၊ မြေကွက်တည်နေရာအမှတ်၃/၂၀၀-က၊ ကံသာအေးစေတီလမ်း၊ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးစီမံချက် ငယ်စာရင်းအမည်ပေါက် ဒေါ်မြအေးရင်၏မြေကွက်အား အမည်ပေါက် ၃၁-၇-၂၀၁၂ ကွယ်လွန်၊ ခင်ပွန်း ဦးညွန့်ကြည် ၁၀-၁-၀၈၊ သမီးဒေါ်ခိုင်ခိုင်ဝင်း ကွယ်လွန်သဖြင့် ကျန်သား/သမီးဖြစ်သော (၁) ဒေါ်ကြည်ကြည်ဝင်း၊ (၂)ဦးထိန်ဝင်း၊ (၃) ဒေါ်လှိုင်လှိုင်ဝင်း၊ (၄)ဦးငွေးဝင်း၊ (၅) ဦးဆွေဝင်း၊ (၆)ဦးကျော်နိုင်ဝင်းတို့ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သော ဦးမင်းသူ ၁၂/တမန(နိုင်) ၀၈၉၆၁၁သည် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ကန့်ကွက်ရန် မရှိကြောင်း ကျမ်းကျိန်လွှာ၊ အမည်ပေါက်၏သား/သမီးများ အမွေဆက်ခံပိုင်ဆိုင်ကြောင်းထောက်ခံစာ၊ သေစာရင်းတို့တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄င၊ မြေကွက်အမှတ်၁၆၁၊ မြေကွက်တည်နေရာ အမှတ်၁၆၁ လက်ပံလမ်း စမ်းချောင်းတောင်ရပ်ကွက် [illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၆၉၂/က၊ မြေကွက်တည်နေရာအမှတ် ၆၉၂/က၊ မြေ ၅ လမ်း၊ ၇/အနောက် ရပ်ကွက်၊ သာကေတမြို့နယ် (ဦးစံမြ LLM-၀၁၅၂၀၁)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဦးစံမြ(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးဖိုးထွန်းအောင် ၁၂/သကတ(နိုင်) ၀၀၅၇၁၃၉ သာကေတ၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း အရောင်းစာချုပ်နှင့် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၆၊ မြေကွက်တည်နေရာ အမှတ် ၃၆၊ နတ်သျှောင်နောင်လမ်း၊ ဦးတင်ဝင်း စီအီး-၀၃၇၄၃၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် [ဦးတင်ဝင်း(တရားရုံး)]ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံး ဘီလစ် ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃မှ တရားရုံးဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်၈/၁၅စီရင်ချက်နှင့် ထုံးပုံကျအမိန့်၊ တရားမဇာရီမှုအမှတ် ၂၃/၁၅ နေ့စဉ်မှတ်တမ်း အမိန့်နှင့် ထုံးပုံကျတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမှတ် (၆၅၇/အေ-၁)၊ စံပါယ်ရုံလမ်းသွယ် (၂)၊ (၈) ရပ်ကွက်၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်တွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) ဒေါ်မဇ္ဇူအောင် (ဘ) ဦးအောင်မြင့် ၁၂/ဗဟန(နိုင်) ၀၄၈၉၅၃နှင့် ဦးစန္ဒာထူးမင်းဝင်း(ဘ)ဦးသာဝင်း ၁၂/တမန(နိုင်)၀၉၈၁၅၁တို့ သိစေရန်

ဦးနေခိုင်နှင့် မောင်နှမပိုင်ဆိုင်သော စိန်ထည်ရွှေထည်ပစ္စည်းမျိုးစုံကို (၂၁-၁-၂၀၁၃)နှင့် (၃၀-၁၀-၂၀၁၃)ရက်တို့တွင် စာချုပ်စာတမ်းများဖြင့် အသိသက်သေများရှေ့၌ လူကြီးမင်းတို့ထံ အပ်နှံခဲ့ပြီးဖြစ်ပါသည်။ အပ်နှံခဲ့သော ပစ္စည်းများအား ပြန်လည်တောင်းခံသည့်အခါ (၂၃-၁၂-၂၀၁၃) နှင့် ၃၀-၈-၂၀၁၄ရက်တို့တွင် ပြန်လည်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးပေးခဲ့သော်လည်း ယနေ့တိုင်အောင် ပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။ သို့ပါ၍ ဤအကြောင်းကြားစာပါသည့်ရက်မှ ရက်သတ္တပတ်အတွင်း အပ်နှံသောပစ္စည်းများ သို့မဟုတ် ကာလတန်ဖိုးငွေကျပ် ၆၈၈၃၀၂၀၀ တိတိတို့ကို ပြန်လည်ပေးအပ်ပါရန် အကြောင်းကြားသိစေအပ်ပါသည်။ (၃-၂-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာပါ အကြောင်းအရာများကို ဤအကြောင်းကြားစာဖြင့် ပြန်လည် ရုပ်သိမ်းပါသည်။)

ဦးနေခိုင်
အမှတ် ၃၉၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကျေးဇူးအထူးတင်ရှိခြင်း

ဂျိုးဖြူသာသနာပြုဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ

အဖေကြီး ဦးအေးဖေ (M.A.B.L) (Dip.Japnes)

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၁၃)ဝါ

၂၁-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် ပျံလွန်တော်မူသွားသောအဖေကြီး ဘုန်းဘုန်းအား နာမကျန်းဖြစ်သည့်အချိန်မှစ၍ ပျံလွန်တော်မူသည်အထိ အစစအရာရာ လိုလေသေးမရှိ ဂရုတစိုက်ဖြင့် ပြုစုပေးခဲ့ကြပါသော အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းနှင့် ဒုတိယဗိုလ်မှူးကြီး ဒေါ်သီဂီကျော်၊ ဗိုလ်မှူးမော်မော်သန်း၊ ဒုတိယသူနာပြုအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ တိုက်ကြီးမြို့နယ်မှ မြို့နယ်မှူး၊ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ၂၇-၃-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်သော အန္တိမဈာပနသဘင်၌ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးသားချင်းများ၊ အဖေကြီး ဘုန်းဘုန်း၏တပည့်သားသမီးများနှင့် ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့အား အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူသား ကိုထိန်လင်းအေးနှင့် ဆွေမျိုးများ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၁၇၅/၁၇၇ နေ ဒေါ်ခင်ဆွေဝင်းအောင် (၁၂/ပဇတ(နိုင်)၀၀၃၇၉၉)၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ငုဝါဝင်း LL.B — အထက်တန်းရှေ့နေ(စဉ်-၄၅၃၄၅)
ဦးတင်လှိုင်ထွေး B.A(Law)LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၃၆/၈၁)

အမှတ်-၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်သတိပေးကြေညာချက်

မိတ္ထီလာမြို့၊ မင်းရပ် ရပ်ကွက်၊ ဦးပိုင်အမှတ်၃၃၊ စတုရန်းပေ ၅၈၈၀ရှိ ယခင်အကွက် အမှတ်၂၊ ယခုအကွက်အမှတ်၇၅ဟုခေါ်တွင်သော မြေကွက်ကို ဦးပုအမည်ဖြင့်ဂရန်ရရှိပြီး ယင်းမြေကွက်ပေါ်၌ မျိုးမြင့်ရုပ်ရှင်ရုံတည်ရှိကြောင်း၊ မိတ္ထီလာမြို့၊ ပုတိမ်တန်းရပ်ကွက်၊ အကွက်အမှတ်၃၁၊ ဦးပိုင်အမှတ် ၁၂၊ စတုရန်းပေ ၇၃၆၂ရှိ အမှတ်၃ဟုခေါ်တွင်သောမြေကွက်ကို ဦးပုနှင့် ဒေါ်ရွှေတို့အမည်ဖြင့် ဂရန်ရရှိကာ ယင်းမြေကွက်ပေါ်၌ ရွှေဗဟိုလ်ရုပ်ရှင်ရုံတည်ရှိကြောင်း၊ ဦးပုနှင့် ဒေါ်ရွှေတို့၏အမွေကို ဆက်ခံသော ဒေါ်ခင်ဖြူဖြူ၊ ဦးမြင့်မောင်၊ ဦးတင့်မောင်မောင်၊ ဒေါ်တင်အေး၊ ဒေါ်တင်တင်ညို၊ ဒေါ်ငွေငွေကြည်၊ ဒေါ်ထားထားစိုးနှင့် ဒေါ်ကြည်တင်၊ ဦးဥက္ကာတို့က အဆိုပါ ဂရန်မြေ(၂)ကွက်နှင့် ရုပ်ရှင်ရုံတို့ကို ၎င်းတို့၏အကျိုးကို ထိခိုက်စေသော ဆောင်ရွက်မှုများမပြုလုပ်ကြရန် သတိပေးတားမြစ်ချက်ကိုလည်းကောင်း၊ ယင်းဂရန်မြေ(၂)ကွက်ကို အမည်ပြောင်းခြင်း မပြုလုပ်ကြရန်နှင့် ယင်းဂရန်မြေ(၂)ကွက်ပေါ်၌ အဆောက်အအုံအသစ်ဆောက်ခြင်း၊ မွမ်းမံခြင်းများ မပြုလုပ်ကြပါရန်လည်းကောင်း အကြိမ်ကြိမ် သတိပေးကြေညာခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ အဆောက်အအုံများဆောက်လုပ်ကာ ထပ်ဆင့်လွှဲပြောင်းရန် စီမံဆောင်ရွက်နေကြောင်းကြားသိရပါသဖြင့် ထိုသို့ပြုလုပ်ခြင်းကို တားမြစ်ကြောင်း အများသိစေရန် ထပ်မံသတိပေးကြေညာအပ်ပါသည်။

ဦးပုနှင့်ဒေါ်ရွှေတို့၏ အမွေခံများ ညွှန်ကြားချက်အရ
ဦးကျော်ဝင်းအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၆၃၀၈)
အမှတ်(၈၃/၁၀)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၂၆၉၈၇၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဦးအောင်သူရ+၂	၁၂/ဗဟတ(နိုင်)၀၅၆၈၅၅	အမှတ် (၂၅၀)၊ မဟာဗန္ဓုလလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်)	ဒဂုံမြို့သစ်(မြောက်)	၄၂	၂၅၀	ဒေါ်မြိုင်	အမည်ပြောင်း

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်ကွန်ဒို၊ အမှတ် (၈၀၁)၊ (ခုနစ်လွှာ)ရှိ A.GROUP ဆောက်လုပ်ရေးကန်ထရိုက်တာများဖြစ်ကြသော ဒေါ်အေးအေးခိုင်၊ ဦးလှမြင့်ဦးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးမင်းဦး ၁၂/သကတ(နိုင်)၀၂၆၁၉၂နှင့် ဒေါ်မြင့်သန်းကြည် ၁၂/သကတ(နိုင်)၀၂၄၀၅၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

၂၆-၃-၂၀၁၄ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် ခြောက်ထပ်အဆောက်အအုံသစ် ဆောက်လုပ်ခြင်းသဘောတူကတိစာချုပ်ကို မြေပိုင်ရှင်များအဖြစ် ကျွန်ုပ်အမှုသည်များနှင့် ကန်ထရိုက်တာများအဖြစ် ဒေါ်အေးအေးခိုင်၊ ဦးလှမြင့်ဦးတို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသော်လည်း ကန်ထရိုက်တာများသည် အဆောက်အအုံ ဆောက်လုပ်ခြင်းကိစ္စ၊ အလိုက်ငွေများကို စာချုပ်နှင့်အညီ ပေးရန်ကိစ္စ၊ မြေရှင်များ ပြောင်းရွှေ့နေထိုင်ရသည့် ကုန်ကျစရိတ်ငွေများပေးရန်ကိစ္စများကို ပျက်ကွက်ခဲ့ကြသည့်အပြင် နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်ကိုလည်း ၁၂-၂-၂၀၁၆ရက်တွင် တစ်ဖက်သတ်ဖျက်သိမ်းကြောင်း အကြောင်းကြားပြီး ကျွန်ုပ်အမှုသည်များက အဆောက်အအုံဆောက်လုပ်ရန်အတွက် ပေးအပ်ထားသော မြေငှားဂရန်စာချုပ်မူရင်းကို ကျွန်ုပ်အမှုသည်များအား အပြီးအပိုင်ပြန်လည်ပေးအပ်ခဲ့ကြပါသည်။ ထို့ပြင် တစ်ဖက်လျှင် ကန်ထရိုက်မူရင်းစာချုပ်တစ်စုံစီရှိနေပါလျက် ၂၆-၃-၂၀၁၄ရက်စွဲပါ ကန်ထရိုက်စာချုပ်မူရင်းတစ်စုံအား ကျွန်ုပ်အမှုသည်များထံမှ အတင်းအကျပ် ပြန်လည်တောင်းဆိုခြင်းများ ပြုလုပ်ခဲ့သည်ကို သိရှိပြီးဖြစ်ပါသည်။

တစ်ဖန် အထက်ပါကိစ္စရပ်များနှင့်ပတ်သက်ပြီး ကျွန်ုပ်အမှုသည်များက ၂၄-၂-၂၀၁၆ ရက်စွဲပါ အမြန်ချောပို့စာဖြင့်လည်းကောင်း၊ ၁၄-၃-၂၀၁၆ရက်စွဲပါ မှတ်ပုံတင်စာဖြင့်လည်းကောင်း၊ ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပဋိညာဉ်ကို တစ်ဖက်သတ်ဖျက်သိမ်းခြင်းတို့ကြောင့် နစ်နာကြေးငွေ ၃၀၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာတိတိ)ပေးအပ်ရန် အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ရာတွင်လည်း အိမ်တွင်လူရှိပါလျက် စာလက်ခံရန် အကြိမ်ကြိမ် ငြင်းဆိုခဲ့ကြောင်း စာပို့တိုက်အထောက်အထားများအရ ခိုင်မာစွာသိရှိထားပါသည်။

သို့ပါ၍ ဤသို့သတင်းစာကြော်ငြာခြင်းကို ထပ်မံပြုလုပ်ခဲ့ရခြင်းဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်အမှုသည်များ တောင်းဆိုထားသော နစ်နာကြေးငွေများကို လာရောက်ပေးအပ်ပါရန်နှင့် ပေးအပ်ခြင်းမရှိဘဲ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ကန်ထရိုက်တာများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဝင်း(မြန်အောင်)
LL.B, D.B.L, D.M.L, D.I.L (ADVOCATE)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၆)
အမှတ် ၆၂ (ပထမထပ်)၊ အခန်း (၂၀)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၅၁၂၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း(အောက်)၊ အမှတ် ၁၁ သုံးလွှာနေ ဦးထိန်ဝင်းလတ် ၆/မမန(နိုင်)၁၁၈၃၇၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၃)လမ်း၊ အမှတ် ၂၅၃၊ ပထမထပ်(အေ-၁)၊ အကျယ်အဝန်း(အလျား၁၂ $\frac{1}{2}$ပေ×အနံ ပေ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယုမော် ၁၂/သကတ(နိုင်) ၁၁၂၆၀၄၊ ဒေါ်စန်းစန်းခိုင် ၁၂/သကတ(နိုင်)၁၂၅၇၅၉တို့က ၁၀-၁၀-၂၀၁၄ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော တိုက်ခန်းဖြစ်ပါကြောင်း ဝန်ခံပြောဆိုသည့်အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထိန်ဝင်းလတ်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေပြည့်စုံ (ခ)ဒေါ်ပွင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၉၃)
အမှတ် ၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၅၇၉၅၊ ၀၉-၇၈၉၅၀၈၇၄၉

အထူးဝမ်းနည်းကြေကွဲခြင်း

မခင်သီတာဝင်း(Civil-2003)
အသက်(၃၆)နှစ်

သူငယ်ချင်း ကျော်ဇေယျ B.E (Civil-1996)၏ ချစ်လှစွာသောဇနီး၊ မောင်မင်းသီဟကျော်၏ချစ်လှစွာသော မိခင် မခင်သီတာဝင်း (Civil-2003)သည် (၂၄-၃-၂၀၁၆)ရက်နေ့ ညနေ (၆း၃၀)နာရီတွင် စင်ကာပူနိုင်ငံနေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၃-၁၉၉၆ ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာမှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

မခင်သီတာဝင်း(Civil-2003)
အသက်(၃၆)နှစ်

သူငယ်ချင်း ကျော်ဇေယျ B.E (Civil-1996)၏ ချစ်လှစွာသောဇနီး၊ မောင်မင်းသီဟကျော်၏ချစ်လှစွာသော မိခင် မခင်သီတာဝင်း (Civil-2003)သည် (၂၄-၃-၂၀၁၆)ရက်နေ့ ညနေ (၆း၃၀)နာရီတွင် စင်ကာပူနိုင်ငံနေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၃-၁၉၉၆ ရန်ကုန်စက်မှုတက္ကသိုလ်မှ သူငယ်ချင်းများ

ဘုရား၊သိမ်၊ကျောင်း၊လမ်း၊ရေစက်၊ရေစင်၊တံတိုင်း၊မုခ်ဦးဒါယကာကြီး

ချာကီကွမ်(ခ)ဦးကွနန် (စိန်မြင်းပျံပွဲရုံ) ဓနဖြူမြို့

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၂၇နေ (ဒေါ်ကျင်ငွေ)၏ခင်ပွန်း၊ (ဦးတင်စိုး)၊(ဦးထွန်းအောင်)-ဒေါ်တင်တင်အေး၊ ဒေါက်တာမြတ်စိုး-ဒေါက်တာချယ်ရီစန်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်သန္တာတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ ဦးမင်းနိုင်-ဒေါ်ခင်မေသင်းတို့၏ဦးလေး၊မြေးကိုးယောက် တို့၏အဘိုးသည် ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၅း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးတင်မောင်မြင့် (တောင်ငူမြို့) အသက် (၈၀)

ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ နဝဒေးလမ်းသွယ်၊ အမှတ်၅၀၊G-1နေ ဒေါ်မြင့်မြင့်ရီ (အထပြ-ငြိမ်း၊အထက-၁၊ ရန်ကင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန်းစန်းဦး-ဦးတင်ထူး(Singapore)၊ ဒေါ်ယဉ်ယဉ်မြင့် ((Director Auto Power Co.,Ltd)၊ (HR Manager (Japfa Comfeed Myanmar Pte Ltd)-ဦးခင်မောင်အေး ((Managing Director)Auto Power Co.,Ltd, (Represent- ative of Rail Associate Enterprice) (INDIA)၊ ဦးအောင်ကျော်လင်း- ဒေါ်မြသူဇာလွင် (USA)၊ ဒေါ်ဆွေသက်လျှာ-Mr. Vince Barnes (Professor, Shoreli-ne Community College U.S.A)တို့၏ဖခင်၊ မောင်မျိုးခင် (Australia)၊ မောင်ဝေဖြိုး (Singapore)၊ မောင်ရဲမြင့် (U.S.A)၊ မောင်မင်းမဟာလင်း၊မမဒီလင်း၊မအင်မလီလင်း (U.S.A)တို့၏အဘိုးသည် ၂၈-၃-၂၀၁၆ရက်(တနင်္လာနေ့)ညဂး၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့်၁-၄- ၂၀၁၆ ရက် (သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦးဂင်ခန့်ခိုင်

လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ကျိုင်းတုံမြို့
အသက်(၅၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ လွယ်ဘွာလ်ရပ်ကွက်၊ (ဘ/၂၃၇)နေ (Pu Thang Khan Nang)- Pi Don Ngaih Lianတို့၏ သား၊ (Pu Ngul Go Khup- Pi Dawl Za Vung)တို့၏ သားသမက်၊ (Tg Suan Khen Dal), (Lia Awi Khan Don), (Pa Nang Deih Piang)- Nu Ngai Za Ciin, Tg Pau Lam Mung, (Tg Hau Za Kham), Pa Pau Deih Thang- Nu Ning Khen San, Nu Ciin Man Ni-ang- Pa Tun Tun, Pa Kam Khat Hang- Nu Ciin Sian Nemတို့၏ အစ်ကိုကြီး၊ Nu Ciin Suan Mang (သူနာပြုဆရာမကြီး၊ ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၃-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးကျော်မောင်ခင်

(မင်းပြား) (အမ်းမြို့)
စိန်မြန်မာဗီဒီယိုမိသားစု
အသက်(၄၉)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အလယ် ပိုင်းနေ (ဦးကျော်ဖြူ-ဆေးဆရာကြီး)-ဒေါ်ခင်စိန်တို့၏သား၊ ဦးစောရဲ-ဒေါ်အလှတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ အပေါ်၊ အမှတ်၂၁၈၊ ပထမထပ်နေ ဒေါ်ညွန့်ညွန့်ရီ၏ခင်ပွန်း၊ ဦးမောင်လှဝင်း ၏ညီ(ဦးစောရွှေ-ဒေါ်မလှဝင်း)တို့၏ ညီမောင်၊ ဦးကျော်ဝင်းစိန် (ကျောင်းဆရာ)- ဒေါ်တင်တင်လှတို့၏အစ်ကို၊ စောမောင်ဝင်း၊ ခိုင်ခိုင်ဝင်းတို့၏ဦးလေး၊ မရတနာခင် (1st year B.P.S)၊ မောင်ဝေယံထွန်းတို့၏ဖခင်သည် ၂၈-၃-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးခုတင်-၁၀၀၀မှ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ဗုဒ္ဓဝေယျာ၊ ဝစ္စမွှောရုံ၊ ၃၆လမ်း(အထက်)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းတင် (အောင်ပန်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာမောင်မောင်မြင့်-ဒေါက်တာမာမာကြူ(စိုက်ပျိုးရေးတက္ကသိုလ်၊ ငြိမ်း)တို့၏မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အောင်ပန်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
B.Ag (1977-March) Batch

ဒေါ်ဦးမြသိန်း(ခ)ဒေါ်မြသိန်း (ကျောက်တော်မြို့)
တည်မြဲစံဖိနပ်ဆိုင် (အဆင့်မြင့်မင်္ဂလာဈေး)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ် ၄၅ (A)၊ မြေညီထပ်နေ (ဦးဘိုးအောင်)-ဒေါ်အောင်ကြွယ်ဖြူတို့၏သမီး၊ (ဦးစောဟန်ဦး-ဒေါ်အောင်ကြွယ်ဖြူ)တို့၏သမီးချွေးမ၊ ဦးမောင်ဖြူ(ဒိုင်မှူး၊ ကုန်သွယ်/လယ်ယာ၊ငြိမ်း)၏ဇနီး၊ မမြခိုင်ဇင်ဖြူ(ခ)ချောစု၏ချစ်လှစွာသောမိခင်၊ ဒေါ်ဝင်းမြသူ၊ ဦးထွန်းဘော်-ဒေါ်အေးအေးမြင့်၊ ဦးမောင်သာ-ဒေါ်ရီရီလှ၊ ဒေါ်လှလှကြည်၊ ဒေါက်တာသန်းထွန်းအောင်-ဒေါက်တာမြင့်မြင့်သိန်း၊ ဒေါ်နုနု၊ ဦးတင်ဝင်း-ဒေါ်နီနီ၊ ဒေါ်ပါရဂူဝေသီ(ခ)ဒေါ်မြဒါလီ(ဖားအောက်တောရ၊ မော်လမြိုင်)တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ကြီးတော်သည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄း၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၆ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၃၇(A)၊ သုံးလွှာ(B)၊ ၁၆၄လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းသွယ်
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ ကိုထွန်းလွင်-ဒေါ်ခင်ဝါဝါအေး၊ ကိုကျော်မိုးမြင့်-ဒေါ်နှင်းနှင်းလွင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်သန်းသန်းသွယ်သည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခိုင်စိုးသာ မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းသွယ်
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ ဒေါ်နှင်းနှင်းလွင် (CEO,VJM Co.,Ltd)၏ ချစ်လှစွာသောမိခင် ဒေါ်သန်းသန်းသွယ်သည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

VJM Co.,Ltd မိသားစု

ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ရှုကြည်မ
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂လမ်း၊ အမှတ် ၂၆နေ (ဦးဟိုစိန်-ဒေါ်ကျင်တီ)၊ (ဦးနိုင်ပန်းသာ-ဒေါ်ထွန်းကြည်)တို့၏သမီးချွေးမ၊ ဦးတင်ဝေ-(ဒေါ်သန်းအေး)၊ ဦးကျော်ဝင်း-ဒေါ်မြသီ၊ ဦးချစ်သိန်း-ဒေါ်ခင်လှကြည်တို့၏ညီမ၊ (ဦးတင်ယု)-ဒေါ်တင်တင်မြ၊ ဦးခင်မောင်နိုင်-(ဒေါ်ခင်သီတာ)တို့၏အစ်မ၊ ဦးခင်မောင်အေး၏ချစ်လှစွာသောဇနီး၊ ကိုမျိုးဇော်-မဇာဇာငြိမ်းအေး၊ ကိုသူထွန်း-မနန္ဒာအောင်၊ ကိုဇူလိုင်ထွန်း-မမိုးစက်ရတနာတို့၏ချစ်လှစွာသောမိခင်သည် ၃၀-၃-၂၀၁၆ရက် နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၄-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
တပ်ကြပ်ကြီး ကျော်မောင်ခင်
အသက်(၄၉)နှစ်

အမှတ် (၉၄၆)ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)မှ တပ်ကြပ်ကြီး ကျော်မောင်ခင်သည် ၂၈-၃-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မှူးနှင့်အရာရှိစစ်သည်
မိသားစုဝင်များ

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
ဦးကျော်မောင်ခင်
အသင်းဝင်အမှတ်(၅၈)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(အပေါ်)၊ အမှတ် ၂၂၈ (ပထမထပ်)နေ ဦးကျော်မောင်ခင်သည် ၂၈-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၆ရက်တွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌သင်္ဂြိုဟ်ပါမည်။ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

ဒေါ်အေးသွင် (မုဒုံ)
ဌာနခွဲမှူး(ငြိမ်း)
စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
အသက်(၆၄)နှစ်

မုဒုံမြို့နေ (ဦးဘသွင်-ဒေါ်ငွေသင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ဘီ(၇)လမ်း၊ တိုက် ၂၂၊ အခန်း ၁၀၂နေ ဦးသန်းအေး၊ (ဒေါ်ငွေသိုက်)၊ ဒေါ်မြသွင်(မိလေး)၊ ဒေါ်လှတင်(အမဲ)တို့၏ညီမသည် ၂၉-၃-၂၀၁၆ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နှင်းရှင် (ကျောက်ချောင်း၊ သံကြိုးလမ်းရွာ၊ ငပုတော)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းအိမ်ရာ၊ အမှတ် ၅၊ အခန်း ၃၀၅နေ (ဦးမောင်တူး-ဒေါ်သေးသွယ်)တို့၏သမီး၊ (ဦးထွန်းမောင်)၏ဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ကြိုင်၊ ဒေါက်တာအောင်လွင်(အရှဏ်ဦးမွေးမြူရေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ [ဦးအောင်ကြည်မြင့်(ခ)ကိုဖြူလေး]-ဒေါ်ခင်ငွေ(ခ)ဒေါ်ဆက်ဆက်၊ ဒေါ်အေးအေးဝင်း(အကယ်ဒမီ ဝင်းအထည်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့)ည ၁၁း၁၅နာရီတွင် အကယ်ဒမီဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ကျင်သန်း (စစ်ကိုင်း)
ဆိုင်မန်နေဂျာ(ငြိမ်း)၊ MPPE
အသက်(၉၀)

(ဦးစိန်ကဲ-ဒေါ်စိမ်းရင်)တို့၏သမီး၊ အမှတ် ၂၈၃၊ နန္ဒဝန်ကွက်သစ်ရပ်၊ စစ်ကိုင်းမြို့နေ(ဦးသိန်းဟန်)၏ဇနီး၊ဦးကျော်ဆွေဟန်-ဒေါ်ခင်သန်းညွန့်၊ ဦးထွန်းအောင်-ဒေါ်အေးမာဟန်၊ ဦးစိုးမြင့်ဟန်-ဒေါ်ရီဝင်းမြင့်၊ ဦးအုန်းမြင့်ဟန်-ဒေါ်အိအိခိုင်၊ ဦးရဲမြင့်ဟန်-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်အေးထွေးဟန်၊ ဦးညီထွေးဟန်-ဒေါ်ငွေးငွေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် နေအိမ်မှ မြို့မတင်းတိပ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်သန်း (စစ်ကိုင်း)
ဆိုင်မန်နေဂျာ(ငြိမ်း)၊ MPPE
အသက်(၉၀)

(ဦးစိန်ကဲ-ဒေါ်စိမ်းရင်)တို့၏သမီး၊ အမှတ် ၂၈၃၊ နန္ဒဝန်ကွက်သစ်ရပ်၊ စစ်ကိုင်းမြို့နေ (ဦးသိန်းဟန်)၏ဇနီး၊ (ဦးကြာညွန့်-ဒေါ်ခင်မြင့်မြင့်)၊ ဒေါ်ခင်ခင်သောင်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်မြမြ၊ (ဦးအုံးကျော်)-ဒေါ်ခင်သန်းနွယ်၊ ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်၊ ဦးဇော်မင်းသိမ်း-ဒေါ်မူမူသန်းတို့၏ချစ်လှစွာသောအစ်မကြီးသည် ၂၉-၃-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် နေအိမ်မှ မြို့မတင်းတိပ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်သန်း (စစ်ကိုင်း)
ဆိုင်မန်နေဂျာ(ငြိမ်း)၊ MPPE
အသက်(၉၀)

ဦးသိန်းဟန်၏ ချစ်လှစွာသောဇနီး ဒေါ်ကျင်သန်းသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တူ၊ တူမများ

ဒေါ်ချိုဇင်ဝင်း (အန်တီချို)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်နေ ဦးခင်မြင့်(M.E.I.C၊ ငြိမ်း)-(ဒေါ်ခင်ရီ)တို့၏သမီး၊ ဦးအေးဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်အေးအေး(T.T.C)၊ ဒေါ်နီနီဝင်း၊ ဒေါ်ငွေးငွေးဝင်း၊ ဦးလှမင်း၊ ဒေါ်မျိုးမျိုးဝင်း၊ ဦးဝင်းထူးစိုးတို့၏အစ်မကြီး၊ ဒေါက်တာကောင်းမြတ်သူ၊ ဒေါက်တာနှင်းဝတ်ရည်၊ မရွှန်းလဲ့ရှင်မင်းတို့၏အဒေါ်သည် ၂၉-၃-၂၀၁၆ရက် မွန်းလွဲ ၁၂း၂၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်းသွယ်
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၅၉၇နေ (ဦးကိုကို-ဒေါ်အုန်းကြည်)၏သမီး၊ (ဦးအောင်သိန်း-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ ဆရာဦးလှဖေ(အထက-၁၊ လှိုင်၊ငြိမ်း)၏ဇနီး၊ ဦးအောင်သန်းဦး - ဒေါ်တင်မြတ်နွယ်၊ ဦးထွန်းလွင်(Royal Aung Chan Int Co., Ltd.)-ဒေါ်ခင်ဝါဝါအေး၊ ဦးကျော်မိုးမြင့်-ဒေါ်နှင်းနှင်းလွင်၊ ဦးအောင်မင်းသော်-ဒေါ်သီတာဝင်းခိုင်၊ ဦးစောအဝေရာမင်း-မယုယုနွယ်တို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၆ရက်(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းငွေ (စစ်ကွင်းမြို့)
အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့နေ(ဦးထွန်းကြိုင်-ဒေါ်အေးမိုန်)တို့၏သား၊ ဒေါက်တာသန့်ဇင်မျိုး (ညွှန်ကြားရေးမှူး) - ဒေါက်တာအေးသီတာ (ညွှန်ကြားရေးမှူး)၊ (ကိုကျော်လင်းစိုး)-မခင်စိုးမိုး၊ ဆရာဦးဇော်လင်းအောင်(ဓာတုဗေဒ)-ဒေါက်တာဝင်းပပကို(ရူပဗေဒ)၊ ကိုကျော်မင်းသူ-မဝင့်ဇာခြည်စိုး၊ မောင်ဝေဖြိုးအောင်(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ ဒေါ်တင်တင်ငွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့သန့်ရှင်း၊ မမေသန့်ဇင်၊ မောင်ဟိန်းထက်ကျော်တို့၏အဘိုးသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် မြောက်ဒဂုံမြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၅၊ အခန်း(H-2)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကောင်ကွေလင်း(ခ)ဦးအလင်း
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၁၁၀-၁၁၂နေ ဒေါ်မကြီး၏ခင်ပွန်း၊ ဦးဆန်းဝင်း-ဒေါ်မွေးမွေး၊ ဒေါက်တာအောင်ကျော်ဝင်း - ဒေါ်လှလှမြင့်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၄-၂၀၁၆ရက် (သောကြာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်မြင့် (ပုသိမ်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ နဝရတ်လမ်းမကြီး၊ ရွှေသပြေရိပ်မွန်(၂)၊ အမှတ် ၅၂နေ (ဦးဘိုဘို)၏ဇနီး၊ (ဦးဇော်မင်း-ဒေါ်ခင်ခင်ချော)၊ ပုသိမ်မြို့နေ ဦးတင်ထား-ဒေါ်အေးအေး၊ ဦးသန်းဦး - ဒေါ်ဝင်းဝင်းငွေ၊ ဦးလူမော် - ဒေါက်တာသန်းသန်းစိုးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစံလင်း
အသက်(၈၇)နှစ်

ပျော်ဘွယ်မြို့နေ (ဦးဟော့ဝမ်-ဒေါ်စုတ်တိတ်)တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊လမ်းမတော်လမ်း၊အမှတ် ၈၀၊ တတိယထပ်နေ (ဒေါ်လေးတင့်)၏ခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်သန်းသန်းငွေ၊ ဒေါက်တာကြင်သိန်း-(ဒေါက်တာမြင့်မြင့်စန်း)၊ ဒေါ်ခင်ညွန့်ရီ(YUFL)၊ ဦးထွန်းတင် - ဒေါက်တာသူဇာအောင်တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၀-၃-၂၀၁၆ရက် နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှလှတင်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း၄၀၊ အမှတ် ၂၁၀နေ (ဦးထွန်းကြည်)၏ဇနီး၊ ဦးဟန်တင်ဦး၊ ဒေါက်တာအောင်တင်ဦး-ဒေါ်စန်းစန်းယု (119 စတိုး)တို့၏ ချစ်လှစွာသောမိခင်၊ မခင်ယွန်းသာ၊ မသြမြတ်ခင်၊ မဖူးမြတ်သီရိအောင်တို့၏ အဘွားသည် ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိမ်းဦး (ပန်းချီ)
(ကမ္ဘာအေး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးရှိန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဦးစိန်ဦး-ဒေါ်တင်ရွှေ)၊ ဦးမြင့်ဆွေဦး-ဒေါ်တင်တင်အေး၊ ဦးလှဦး-ဒေါ်ညွန့်ညွန့်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ကမ္ဘာအေးဘုရားလမ်း၊တိုက် ၄၅/၅၊ အခန်း ၉နေ (ဒေါ်တင်တင်မာ)၏ခင်ပွန်း၊ ဦးမျိုးဆွေဦး-ဒေါ်ခင်ရဲဝင်း၊ ဦးဝင်းလှိုင် (Construction Manager Pan Hlaing Landscaping)-ဒေါ်ဥမ္မာကြည်ဦး၊ ဒေါ်နီလာဦးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကုသလ
(မဟာဓမ္မကထိက၊ ပျော်ဘွယ်ကြီးဆရာတော်)
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဈေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလ (မဟာဓမ္မကထိက၊ ပျော်ဘွယ်ကြီးဆရာတော်) မဟာထေရ်သည် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပေါင်းလကွယ်နေ့) ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပန သာခုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တိုက်အုပ်ဆရာတော်
တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အရှင်သုန္ဒရ
သက်တော်(၄၀)၊ သိက္ခာတော်(၂၁)ဝါ

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ပျဉ်ထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်းဆရာတော်၏သားတပည့်၊ ခမည်းတော် ဦးသန်းဝင်း-မယ်တော် ဒေါ်အုန်းမြင့်တို့၏သား၊ ဓမ္မသုခကျောင်း၌ သီတင်းသုံးတော်မူသော အရှင်သုန္ဒရသည် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) (တနင်္လာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည် ဖြစ်ပါသောကြောင့် နံနက် ၆နာရီမှ ၁၁နာရီအထိ ဓမ္မသုခကျောင်းတိုက်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာတော်နှင့်
မိသားစု ဒါယကာ၊ ဒါယိကာမများ

ဒေါ်သောင်းဦး (ကျောက်ဖြူ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၂၂(သုံးလွှာ)နေ (ဦးဘိုးတူ-ဒေါ်စောဖြူ)တို့၏သမီး၊ (ဦးထွန်းစံ)၏ဇနီး၊ ဦးဦးသန်းရွှေ၊ ဦးဘိုးတင့်-(ဒေါ်ခင်သန်းမြင့်)၊ (ဦးထွန်းလွင်)၊ (ဦးထွန်းမြင့်)-ဒေါ်ခင်အုန်းမြင့်၊ ဦးညွန့်သန်း-ဒေါ်သောင်းမြင့်၊ ဒေါ်မြင့်မြင့်၊ ဦးအောင်နိုင်ဦး-ဒေါ်ငွေးမြင့်၊ ဦးသောင်းလွင်၊ ဒေါ်သီတာ၊ ဒေါ်ရီရီသန်း၊ ဒေါ်သီတာထွန်းတို့၏မိခင်၊ ဦးမျိုးလွင်-ဒေါ်နေဇင်တင်၊ ဦးနေကို၊ ဒေါ်မေနှင်းကို၊ ဦးခင်ကျော်သန်း-ဒေါ်သော်တာရဲထွန်းမြင့်၊ မောင်ဝင်းဇော်သန့်၊ မောင်ဝေဖြိုးအောင်၊ မောင်ဝိုင်းမော်အံ့၊ မဆုရတီအောင်တို့၏အဘွား၊ မောင်ဟန်မင်းလွင်၊ မောင်ဟိန်းထက်စိုးတို့၏အဖီးသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြသန်း
အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)
အသက်(၈၂)နှစ်

ဦးစိန်ဝင်း (အထွေထွေမန်နေဂျာ၊ ငြိမ်း) မြန်မာ့သစ်လုပ်ငန်း၏ ချစ်လှစွာသောဇနီး ဒေါ်မြမြသန်းသည် ၂၈-၃-၂၀၁၆ရက် (တနင်္လာနေ့) စင်ကာပူဒေသစံတော်ချိန် ည ၇း၅၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သစ်ထုတ်ရေးဌာန၊ အငြိမ်းစား
အရာထမ်းများအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစံငြိမ်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်း၊ နှင်းဆီလမ်း၊ အမှတ် ၈၁နေ(ဦးဖိုးသစ်-ဒေါ်လှခို)တို့၏သား၊ ဒေါ်နုနုအေး၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးထူးအံ့တပ်မတော်(လေ)-ဒေါ်စန္ဒာအုန်း၊ ဗိုလ်ကြီးစိုးသိန်း-ဒေါ်ကေသီစံငြိမ်း(VTCL)၊ မငြိမ်းအေးလင်း၊ မခင်မာဝင်းတို့၏ဖခင်သည် ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစံငြိမ်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်းရပ်ကွက်၊ အမှတ် ၈၁၊ နှင်းဆီလမ်းနေ ဒေါ်နုနုအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးထူးအံ့(တပ်မတော်-လေ)-ဒေါ်မေစန္ဒာအုန်းတို့၏ဖခင် ဦးစံငြိမ်းသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်
မိသားစုများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ရဲတပ်ကြပ်ကြီး ဦးဇာနည် (ငြိမ်း)
Pu Za Ni
အသက်(၇၁)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လေကန်းကျေးရွာနေ (ဦးခုန်လိန်း-ဒေါ်ငွန်နာ)တို့၏သား၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဆာတဲကျေးရွာနေ (ဦးရွန်မာန်း-ဒေါ်ငွန်ကျင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ် ၃လမ်း၊ အမှတ် ၅၉၅နေ ဒေါ်ဒါရိသန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ရွှေနော်)-ဦးဝုန်ထား၊ ဒေါ်သိန်းနော်-(ဦးမာန်ခွန်)၊ ဦးရာလ်ဘွေး-ဒေါ်ရွှေမဲန်တို့၏ညီ/မောင်၊ (မငွန်ပုမ်)၊ ဒေါ်တင်တင်-ဦးထောင်မောင်၊ ဦးဇာဟဲ-ဒေါ်အီယာန်နယ်မွေး၊ ဒေါ်မိုင်လီလီ-ဦးရွှေအုပ်၊ ဦးပါတုန်-ဒေါ်ဗန်ထွေးပါရ်၊ ဦးခင်မောင်ထွေး-ဒေါ်ဂျက်ဆုန်တို့၏ဖခင်၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေး၊ မြေး ၅၂ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။[နေအိမ်၊ ရွှေပြည်သာ ၃ထိပ်၊ YLBC ဘုရားကျောင်း (အင်းစိန်)၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာအပိုင်း(၂)တို့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော အထူးဧည့်သည်တော် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ညစာစားပွဲပြင့် တည်ခင်းကြွေခံ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းကြွေခံသည့် ညစာစားပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၄ ◆

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က သံတမန်များအဖွဲ့နာယက စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချာအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားတွင် အနုပညာဦးစီးဌာနမှ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အထူးကဏ္ဍ

၂၀၁၆ ခုနှစ်၊ မတ် ၃၁ ရက်၊ ကြာသပတေးနေ့

> “၂၀၁၅ ခုနှစ် နိဝင်ဘာလရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ်လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။”

မြန်မာ့ဒီမိုကရေစီအောင်ပွဲ

သမိုင်းဝင်နေ့ရက်မှတ်တမ်း

အချုပ်ပို - ၈ သို့

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့အား တွေ့ရစဉ်။

ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုးပမ်းဆောင်ရွက်မည်

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၃၀

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူ နိုင်ငံသားများခင်ဗျား

ဒီပြည်ထောင်စုလွှတ်တော်ကြီးက ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရတာဟာ အထင်ကရသမိုင်းဝင်ဖြစ်ရပ်ကြီး တစ်ခုဖြစ်တဲ့အတွက် ကျွန်တော်များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်သမ္မတဖြစ်လာတာနဲ့အညီ ကျွန်တော်က ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ့် ပုဂ္ဂိုလ်ဖြစ်လာပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ်လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ယခုအစိုးရသစ်အနေဖြင့် အောက်ပါမူဝါဒများဖြစ်တဲ့

- အမျိုးသားရင်ကြားစေ့ရေး
- ပြည်တွင်းငြိမ်းချမ်းရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး

ကို ရှေးရှုတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်ရေးနဲ့

- ပြည်သူလူထုအများစုရဲ့ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား

ဒီနေ့ဒီအချိန်မှာ လေးနက်စွာ တင်ပြလိုတဲ့အချက် တစ်ခုရှိပါတယ်။ ဒီအချက်ကတော့ မကြာမီကပဲ ကျွန်တော်ဟာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကတိသစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ်သတိချပ်နေမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်နဲ့ သင့်တော်မယ့် ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။ နှစ်ရှည်လများ ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာကိုလည်း သိနားလည်ထားပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ယခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုခြင်းဖြစ်ပါတယ်။

နိုင်ငံသူနိုင်ငံသားအားလုံး ချမ်းမြေ့သာယာစွာနဲ့ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေ။ **(သတင်းစဉ်)**

ဒီမိုကရေစီစံချိန် စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။ နှစ်ရှည်လများ ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာကိုလည်း သိနားလည်ထားပါတယ်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ်။

မြန်မာ့ဒီမိုကရေစီအောင်ပွဲ သမိုင်းဝင်နေ့ရက်မှတ်တမ်း

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများက ကတိသစ္စာပြုခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတထံသို့ နိုင်ငံတကာမှပေးပို့သည့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်သော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်နှင့် ဦးကျော်ဆန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့က ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပေးပို့လာသည့် နိုင်ငံတကာအကြီးအကဲများ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ကြေညာချက်နှင့် သတင်းထုတ်ပြန်ချက်များကို ပြည်ထောင်စုလွှတ်တော်ကမှတ်တမ်းတင်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့ကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုနီ တန်ကင်ယန်းနှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဒိုဂန်၊ အီတလီ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆာဂျီယို မက်ထရီလာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးတန်ဆန်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်အဗ္ဒဒူဟာမစ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ဒေါ့ ဇက်ကင်းယက်၊ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုမက် ဟင်းဒရစ် အီဘတ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ဆွစ်ကွန်ဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဂျိုဟန်းအမ်စနိုက်ဒါ အာမန်၊ ဆလိုဗက်သမ္မတနိုင်ငံသမ္မတ မစ္စတာ အန်းဒရစ် ကစ်စကာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အိန်ဂျလာ မာကယ်၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စရှိတ် ဟာဆီနာတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် အမေရိကန်ကွန်ဂရက်၊ အောက်လွတ်တော် နိုင်ငံခြားရေးရာကော်မတီ၊ အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ မစ္စတာ မက်ဆယ်မွန်တို့ထံမှ သတင်းထုတ်ပြန်ချက်တို့ ဖြစ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ မိန့်ခွန်းကို စာမျက်နှာ (ခ)တွင် ဖော်ပြထားပါသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ (ဃ)မှ

ဒေါက်တာမြင့်ထွေး
ကျန်းမာရေးဝန်ကြီးဌာန

ဦးကျော်ဝင်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးဝင်းခိုင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

ဒေါက်တာဝင်းမြတ်အေး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဦးအုန်းမောင်
ဟိုတယ်နှင့် ခရီးသွားလာရေး
ဝန်ကြီးဌာန

နိုင်သက်လွင်
တိုင်းရင်းသားရေးရာဝန်ကြီးဌာန

နိုင်ငံတော်သမ္မတ တာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများကို တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကတိသစ္စာပြုခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနစာရင်း

စဉ်	ဝန်ကြီးအမည်	ဝန်ကြီးဌာန
၁။	ဒေါ်အောင်ဆန်းစုကြည်	နိုင်ငံခြားရေးဝန်ကြီးဌာန
		သမ္မတရုံးဝန်ကြီးဌာန
		လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
		ပညာရေးဝန်ကြီးဌာန
၂။	ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ	ပြည်ထဲရေးဝန်ကြီးဌာန
၃။	ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း	ကာကွယ်ရေးဝန်ကြီးဌာန
၄။	ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်	နယ်စပ်ရေးရာဝန်ကြီးဌာန
၅။	ဒေါက်တာဇေမြင့်	ပြန်ကြားရေးဝန်ကြီးဌာန
၆။	သူရဦးအောင်ကို	သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

စဉ်	ဝန်ကြီးအမည်	ဝန်ကြီးဌာန
၇။	ဒေါက်တာအောင်သူ	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၈။	ဦးသန့်စင်မောင်	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
၉။	ဦးအုန်းဝင်း	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
၁၀။	ဦးသိန်းဆွေ	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အဆောက်အအုံဝန်ကြီးဌာန
၁၁။	ဦးခင်မောင်ချို	စက်မှုဝန်ကြီးဌာန

စဉ်	ဝန်ကြီးအမည်	ဝန်ကြီးဌာန
၁၂။	ဒေါက်တာသန်းမြင့်	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
၁၃။	ဒေါက်တာမြင့်ထွေး	ကျန်းမာရေးဝန်ကြီးဌာန
၁၄။	ဦးကျော်ဝင်း	စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
၁၅။	ဦးဝင်းခိုင်	ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၆။	ဒေါက်တာဝင်းမြတ်အေး	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၁၇။	ဦးအုန်းမောင်	ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
၁၈။	နိုင်သက်လွင်	တိုင်းရင်းသားရေးရာဝန်ကြီးဌာန

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ပြည်ထဲရေးဝန်ကြီးဌာန

ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန

ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ရေးရာဝန်ကြီးဌာန

ဒေါက်တာဇေမြင့် ပြန်ကြားရေးဝန်ကြီးဌာန

သူရဦးအောင်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဒေါက်တာ အောင်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဦးသန့်စင်မောင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန

ဦးအုန်းဝင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးသိန်းဆွေ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အဆောက်အအုံဝန်ကြီးဌာန

ဦးခင်မောင်ချို စက်မှုဝန်ကြီးဌာန

ဒေါက်တာသန်းမြင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန

စာမျက်နှာ (၇)သို့